ဆဗ္ဗဂ္ဂိယာ။ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ရဟန်းတို့သည်။ သတ္တရသ
ဝဂ္ဂိယေ၊သတ္တရသဝဂ္ဂီအမည်ရှိကုန်သော၊ဘိက္ခူ၊ရဟန်းတို့ကို။အာဝုသော၊
ငါ့ရှင်တို့။ဥဋ္ဌေထ၊ထကုန်လော။အမှာကံ၊ငါတို့အား။ ဝိဟာရော၊ ကျောင်း
သည်။ပါပုဏာတိ၊ရောက်၏။ဣတိဝေံဝစနံ၊ဤသို့သောစကားကို၊အဝေါစုံ
ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ပဋိကစ္စေဝ၊ စောစောစီးစီးကသာလျှင်။
အာစိက္ခိတဗ္ဗံနနု၊ကြားအပ်သည်မဟုတ်တုံလော။မယဥ္စ၊ငါတို့သည်လည်း။
အညံ၊တပါးသောကျောင်းကို။ပဋိသင်ရေယျာမနနု၊ ပြုပြင်စီရင်ကုန်သည်
မဟုတ်တုံလော။ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။
ဝိဟာရော၊ကျောင်းသည်။ သံဃိကောနနု၊သံဃိကမဟုတ်တုံလော။ ဣတိ၊
ဤသို့။အဝေါစုံ၊ဆိုကုန်၏။အာဝုသော၊ငါ့ရှင်တို့။ သံဃိကော၊ သံဃိကဖြစ်
သော။ဝိဟာရော၊ကျောင်းသည်။အာမ၊ဪဟုတ်၏။ဣတိ၊ဤသို့။အဝေါစုံ၊
ဆိုကုန်၏။အာဝုသော၊ငါ့ရှင်တို့။ဥဋ္ဌေထ၊ထကုန်လော။အမှာကံ၊ ငါတို့အား။
ဝိဟာရော၊ ကျောင်းသည်။ပါပုဏာတိ။ ရောက်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊
ဆိုကုန်၏။အာဝုသော၊ငါ့ရှင်တို့။ဝိဟာရော၊ ကျောင်းသည်။ မဟလ္လကော၊
ကျယ်ပါ၏။တုမှေပိ၊ သင်တို့သည်လည်း။ ဝသထ၊ နေကုန်လော။ မယမ္ပိ၊

http://www.dhammadownload.com



ငါတို့သည်လည်း။ ဝသိသာသမ၊ နေကုန်အံ့။ ဣတိ၊ ဤသို့။ အဝေါရုံ၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဥဒ္ဒေ္ဒ၊ ထကုန်လော။ အမှာကံ၊ ငါတို့အား။ ဝိဟာရော၊ ကျောင်းသည်။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ကုပိတာ၊ အမျက်ထွက်ကုန်သည်ဖြစ်၍။ အနတ္တမနာ၊ နှလုံးမသာယာကုန်သည်ဖြစ်၍။ ဂီဝါယံ၊ လည်၌။ ဂဟေတွာ၊ ကိုင်၍။ နိက္ကဍ္ဎန္တိ၊ နှင်ထုတ်ကုန်၏။ တေ၊ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည်။ နိက္ကဍ္ဎိယမာနာ၊ နှင်ထုတ်အပ်ကုန်သည်ရှိသော်။ ရောဒန္တိ၊ ငိုကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်တို့။ ကိဿ၊ အဘယ်ကြောင့်။ တုမှေ၊ သင်တို့သည်။ ရောဒထ၊ ငိုကုန်သနည်း။ ဣတိ ဧဝံ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ ကုပိတာ၊ အမျက်ထွက်ကုန်သည်ဖြစ်၍။ အနတ္တမနာ၊ နှလုံးမသာယာကုန်သည်ဖြစ်၍။ အမှေ၊ ငါတို့ကို။ သံဃိကာ၊ သံဃိကဖြစ်သော။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ကဍ္ဎန္တိ၊ နှင်ထုတ်ကုန်၏။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ ယေ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အပ္ပိစ္ဆာ၊ နည်းသောအလိုရှိကုန်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ကထံ ဟိ၊ အဘယ်ကြောင့်သာလျှင်၊ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကုပိတာ၊ အမျက်ထွက်ကုန်သည်ဖြစ်၍။ အနတ္တမနာ၊ နှလုံးမသာယာကုန်သည်ဖြစ်၍။ ဘိက္ခူ၊ သတ္တရသဝဂ္ဂီရဟန်းတို့ကို။ သံဃိကာ၊ သံဃိကဖြစ်သော၊ ဝိဟာရာ၊ ကျောင်းမှ၊ နိက္ကဍ္ဎိဿန္တိ နာမ၊ နှင်ထုတ်ကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကုန်၏။ ခိယျန္တိ၊ ရှုတ်ချကုန်၏။ ဝိပါစေန္တိ၊ ဖရိဖရဲကြဲသောစကားကိုဆိုကုန်၏။ အထခေါ၊ ထိုအခါ၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကုပိတာ၊ အမျက်ထွက်ကုန်သည်ဖြစ်၍။ အနတ္တမနာ၊ နှလုံးမသာယာ ကုန်သည်ဖြစ်၍။ သံဃိကာ၊ သံဃိကဖြစ်သော။ ဝိဟာရာ၊ ကျောင်းမှ။ ဘိက္ခူ၊ ရဟန်းတို့ကို။ နိက္ကဍ္ဎန္တိ၊ နှင်ထုတ်ကုန်၏။ ဣတိ၊ ဤသို့။ ကိရ၊ အဆင့်စကားကြားရသည်ကား။ သစ္စံ၊ မှန်သလော။ ဣတိ၊ ဤသို့။ ပဋိပုစ္ဆိ၊ မေးတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရား။ သစ္စံ၊ မှန်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ (ပ)။ ဝိဂရဟိတွာ၊ ကဲ့ရဲ့တော်မူပြီး၍။ ဓမ္မိံ ကထံ၊ တရားစကားကို။ ကတွာ၊ ပြောဟောသည်ကို ပြုတော်မူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ "အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့မိန့်တော်မူသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုပိတေန၊ အမျက်

http://www.dhammadownload.com



ထွက်သဖြင့်။ အနဂ္ဂမနေနနှလုံးမသာယာသဖြင့်။ ဘိက္ခူ၊ရဟန်းကို။သံဃိကာ၊သံဃိကဖြစ်သော။ ဝိဟာရ၊ကျောင်းမှ။ နိက္ကဍ္ဎေတဗ္ဗော၊မနှင်ထုတ်အပ်။ယော၊ဘိက္ခု၊အကြင်ရဟန်းသည်။နိက္ကဍ္ဎေယျ၊နှင်ထုတ်ငြားအံ့။တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ "ယထာဓမ္မော၊ ပါဠိတော်အလျောက်။ ကာရေတဗ္ဗော၊ဆုံးဖြတ်အပ်၏။" ။ဘိက္ခဝေ၊ရဟန်းတို့။သေနာသနံ၊ကျောင်းကို။ ဂါဟေတုံ၊ ခံစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။" အထခေါ၊ထိုအခါ၌။ ဘိက္ခူနံ၊ရဟန်းတို့အား။ကေန၊အဘယ်သူသည်။ သေနာသနံ၊ကျောင်းကို။ ဂါဟေတဗ္ဗံနုခေါ၊ခံစေအပ်သနည်း။ ဣတိဧတံ၊ဧသော၊ပရိဝိတက္ကော၊ဤသို့သောအကြံသည်။ အဟောသိ၊ဖြစ်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ယော ဘိက္ခု၊အကြင်ရဟန်းသည်။ ဆန္ဒာဂတိံ၊ချစ်သောအားဖြင့် မလားအပ်သည်သို့။ နဂစ္ဆေယျ၊မလားရာ။ ဒေါသာဂတိံ၊ရန်သောအားဖြင့်မလားအပ်သည်သို့။ နဂစ္ဆေယျ၊ မလားရာ။ မောဟာဂတိံ၊ တွေဝေသောအားဖြင့် မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။ ဘယာဂတိံ၊ကြောက်သောအားဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။ ဂဟိတာဂဟိတဉ္စ၊ခံအပ်သည်မခံအပ်သည်ကိုလည်း။ ဇာနေယျ၊သိရာ၏။ ဣတိ၊ဤသို့။ ပဉ္စဟိ၊ငါးပါးကုန်သော။ အင်္ဂေဟိ၊အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ပြည့်စုံသော။တံဘိက္ခုံ၊ထိုရဟန်းကို။ သေနာသနဂါဟာပကံ၊ ကျောင်းအိပ်ရာနေရာကို ခံစေတတ်သော ရဟန်းဟူ၍။သမ္မန္နိတုံ၊သမုတ်စိမ့်သောငှါ။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။ ကိံ သမ္မန္နိတဗ္ဗော၊အဘယ်သို့သမုတ်အပ်သနည်း။ ပဌမံ၊ရှေးဦးစွာ။ဘိက္ခု၊ရဟန်းကို။ ယာစိတဗ္ဗော၊တောင်းပန်အပ်၏။ ယာစိတွာ၊တောင်းပန်ပြီး၍။ ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊စွမ်းနိုင်သော။ ဘိက္ခုနာ၊ရဟန်းသည်။ သံဃော၊သံဃာကို။ဉာပေတဗ္ဗော၊သိစေအပ်၏။ကိံ ဉာပေတဗ္ဗော၊အဘယ်သို့သိစေအပ်သနည်း။ ။ဘန္တေ၊အရှင်ဘုရားတို့။ သံဃော၊သံဃာသည်။ မေ၊အကျွန်ုပ်၏။ ဝစနံ၊စကားကို။ သုဏာတု၊နာတော်မူလော။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊လျောက်ပတ်သောအခါရှိသောကံသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာသည်။ ဣတ္ထန္နာမံ၊ဤအမည်ရှိသော။ ဘိက္ခုံ၊ရဟန်းကို။ သေနာသနဂါဟာပကံ၊ ကျောင်းကိုခံစေတတ်သောရဟန်းဟူ၍။ သမ္မန္နေယျ၊ သမုတ်

http://www.dhammadownload.com



ရာ၏။သော၊ဤသည်ကား။ဥတ္တိ၊သိစေခြင်းတည်း။ ။ဘန္တေ၊အရှင်ဘုရား တို့။ သံဃော၊သံဃာသည်။ မေ၊အကျွန်ုပ်၏။ ဝစနံ၊စကားကို။ သုဏာတု၊ နာတော်မူလော။သံဃော၊သံဃာသည်။ဇုဏှနာမံ၊ဤအမည်ရှိသော။ဘိက္ခုံ၊ ရဟန်းကို။ သေနာသနဂါဟာပကံ၊ ကျောင်းကိုခံစေ တတ်သောရဟန်း ဟူ၍။ သမ္မန္နတိ၊ သမုတ်၏။ ယဿအာယသ္မတော၊ အကြင်အရှင်သည်။ ဇုဏှဿနာမဿ၊ဤအမည်ရှိသော။ ဘိက္ခုနော၊ရဟန်းကို။ သေနာသနဂါဟာ ပကဿ၊ကျောင်းကိုခံစေတတ်သောရဟန်းဟူ၍။ သမ္မုတိ၊သမုတ်ခြင်းကို။ ခမတိ၊နှစ်သက်အပ်၏။ သော၊ထိုအရှင်သည်။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ အဿ၊ဖြစ်ရာ၏။ ယဿ၊ အကြင်အရှင်သည်။ နက္ခမတိ၊မနှစ်သက်အပ်။ သော၊ထိုအရှင်သည်၊ ဘာသေယျ၊ဆိုရာ၏။ ။သံဃေန၊သံဃာသည်။ ဇုဏှနာမော၊ဤအမည်ရှိသော။ဘိက္ခု၊ရဟန်းကို။သေနာသနဂါဟာပကော၊ ကျောင်းကို ခံစေတတ်သော ရဟန်းဟူ၍။ သမ္မတော၊ သမုတ်အပ်ပြီ။ သံဃဿ၊သံဃာသည်။ ယသ္မာ၊အကြင်ကြောင့်။ ခမတိ၊နှစ်သက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊ဤနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ဣတိ၊ဤသို့။ဥာပေတဗ္ဗော၊သိစေအပ်၏။ဣတိ၊ဤသို့။သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။"အထခေါ၊ထိုအခါ၌။ သေနာသနာ ဂါဟာပကာနံ၊ ကျောင်းကိုခံစေ တတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကထံ၊အဘယ်သို့။ သေနာသနံ၊ကျောင်းကို။ ဂါဟေတဗ္ဗံ နုခေါ၊ခံအပ်သနည်း။ ဣတိဧတံဧသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။ အဟောသိ၊ဖြစ်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်း ကို။အာရောစေသုံ၊ ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ ရဟန်းတို့။ပဌမံ၊ရှေးဦး စွာ။ဘိက္ခူ၊ရဟန်းတို့ကို။ဂဏေတုံ၊ရေတွက်စိမ့်သောငှါ။ဘိက္ခူ၊ ရဟန်းတို့ ကို။ဂဏေတွာ၊ ရေတွက်ပြီး၍။သေယျာယော၊ ကျောင်းတို့ကို။ဂဏေတုံ၊ ရေတွက်စိမ့်ငှါ။သေယျာယော၊ကျောင်းတို့ကို။ဂဏေတွာ၊ ရေတွက်ပြီး၍။ သေယျဂ္ဂေန၊ကျောင်းအပိုင်းအခြားအားဖြင့်။ ဂါဟေတုံ၊ခံစေခြင်းငှါ။ အနု ဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏။ သေယျဂ္ဂေန၊ ကျောင်းအပိုင်းအခြားအားဖြင့်။ ဂါဟေန္တာ၊ခံစေကုန်သည်ရှိ သော်။သေယျာယော၊ကျောင်းတို့သည်။ဥဿာရယိံသု၊ ပိုလျှံကုန်၏။ဘိက္ခ ဝေ၊ရဟန်းတို့။ဝိဟာရဂ္ဂေန၊ကျောင်းအပိုင်းအခြင်းအားဖြင့်။ ဂါဟေတုံ၊ခံစိမ့် သောငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊

မိန့်တော်မူ၏။ ဝိဟာရဂ္ဂေန၊ ကျောင်းအပိုင်းအခြားဖြင့်။ ဂါဟေန္တာ၊ ခံစေကုန်
သည်ရှိသော်။ ဝိဟာရာ၊ ကျောင်းတို့သည်။ ဥဿာရယိံသု၊ ပိုလျှံကုန်၏။ ဘိက္ခ
ဝေ၊ ရဟန်းတို့။ ပရိဝေဏဂ္ဂေန၊ ပရိဝုဏ်အပိုင်းအခြားအားဖြင့်။ ဂါဟေတုံ၊
ခံစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေ
သိ၊ မိန့်တော်မူ၏။ ပရိဝေဏဂ္ဂေန၊ ပရိဝုဏ်အပိုင်းအခြားအားဖြင့်။ ဂါဟေန္တာ၊
ခံစေကုန်သည်ရှိသော်။ ပရိဝေဏာ၊ ပရိဝုဏ်တို့သည်။ ဥဿာရယိံသု၊ ပိုလျှံ
ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အနုဘာဂမ္ပိ၊ နောက်၌ဖြစ်သောအဘို့ကိုလည်း။
ဒါတုံ၊ ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ အနုဘာဂေ၊ နောက်
၌ဖြစ်သောအဘို့ကို။ ဂဟိတေ၊ ခံအပ်သည်ရှိသော်။ အညော၊ တပါးသော။
ဘိက္ခု၊ ရဟန်းသည်။ အာဂစ္ဆတိ၊ လာ၏။ အကာမာ၊ အလိုမရှိဘဲ။ နဒါတဗ္ဗော၊
မပေးအပ်။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။ တေန ခေါ ပန သမယေန၊
ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိဿီမေ၊ သိမ်ပ၌။ ဌိတဿ၊ တည်သော
ရဟန်းအား။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဂါဟေန္တိ၊ ခံစေကုန်၏။
ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊
ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊ ရဟန်းတို့။ နိဿီမေ၊ သိမ်ပ၌။ ဌိတဿ၊ တည်
သောရဟန်းအား။ သေနာသနံ၊ ကျောင်းကို။ နဂါဟေတဗ္ဗံ၊ မခံစေအပ်။ ယော
ဘိက္ခု၊ အကြင်ရဟန်းသည်။ ဂါဟေယျ၊ ခံစေငြားအံ့။ တဿဘိက္ခုနော၊ ထို
ရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်း
သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။ တေန
ခေါ ပန သမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သေနာသနံ၊ ကျောင်း
ကို။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပဋိဗာဟန္တိ၊ တားမြစ်ကုန်၏။ ဘဂဝတော၊
မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှော
ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သေနာသနံ၊ ကျောင်းကို။ ဂါဟေတွာ၊ ခံ၍။ သဗ္ဗ
ကာလံ၊ အခါခပ်သိမ်း။ နပဋိဗာဟေတဗ္ဗံ၊ မတားမြစ်အပ်။ ယော ဘိက္ခု၊ အကြင်
ရဟန်းသည်။ ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်း
အား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။
ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿာနံ၊ မိုးလတို့၏။ တေမာသံ၊ ဝါ
တွင်းသုံးလပတ်လုံး။ ပဋိဗာဟိတုံ၊ တားမြစ်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရား
ခွင့်ပြုတော်မူ၏။ ဥတုကာလံ ပန၊ ဆောင်းဥတု နွေဥတုကာလ၌ကား။ ပဋိဗာဟိ
တုံ၊ တားမြစ်စိမ့်သောငှါ။ န အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မမူ။ ဣတိ၊ ဤသို့။
အာမန္တေသိ၊ မိန့်တော်မူ၏။” အထခေါ၊ ထိုအခါ၌။ ဘိက္ခူနံ၊ ရဟန်းတို့အား။ သေ

http://www.dhammadownload.com



နာသသနဂ္ဂါဟာ၊ကျောင်းကိုခံစေခြင်းတို့သည်။ ကတိနူခေါ၊ အဘယ်မျှရှိကုန်သနည်း။ဣတိဇတ်ဖေသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ဖြစ်၏။ဘဂဝတော၊ မြတ်စွာဘုရားအား။ ဇေတမဏ္ဍုံ၊ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့၊ သေနာသနဂ္ဂါဟာ၊ကျောင်းကိုခံစေခြင်းတို့သည်။ ပုရိမကော၊ပုရိမဝါ၌ကျောင်းခံခြင်းလည်းကောင်း။ပစ္ဆိမကော၊ပစ္ဆိမဝါ၌ကျောင်းခံခြင်းလည်းကောင်း။ အန္တရာမုတ္တကော၊ ဝါပ၌ကျောင်းခံခြင်းလည်းကောင်း။ဣတိ၊ ဤသို့။ ဣမေတယော၊ဤသုံးပါးတို့တည်း။အပရဇ္ဇုဂတာယ၊လွန်ပြီးသောအထွက်တရက်နေ့ရှိသော။အာသဠှိယာ၊ ဝါဆိုလပြည့်ကျော်တရက်နေ့၌။ပုရိမကော၊ပုရိမဝါ၌ကျောင်းခံခြင်းကို။ ဂါဟေတဗ္ဗော၊ ခံစေအပ်၏။မာသဂတာယ၊ လွန်ပြီးသောတလရှိသော။အာသဠှိယာ၊ဝါခေါင်လပြည့်ကျော်တရက်နေ့၌။ပစ္ဆိမကော၊ပစ္ဆိမဝါ၌ကျောင်းခံခြင်းကို။ ဂါဟေတဗ္ဗော။ ခံစေအပ်၏။ အပရဇ္ဇုဂတာယ၊လွန်ပြီးသောအထွက်တရက်နေ့ရှိသော။ပဝါရဏာယ၊ ပဝါရဏာနေ့၌။ အာယတိံ၊နောင်အခါ၌။ဝဿံဝါသတ္ထာယ၊ဝါဆို၍နေခြင်းငှါ။ အန္တရာမုတ္တကော၊ ဝါပ၌ကျောင်းခံခြင်းကို။ ဂါဟေတဗ္ဗော၊ခံစေအပ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ သေနာသနဂ္ဂါဟာ၊ကျောင်းကိုခံစေခြင်းတို့သည်။ ဣမေခေါတယော၊ဤသုံးပါးတို့တည်း။ ဣတိ၊ ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏။ ဒုတိယဘာဏဝါရံ၊ ဒုတိယဘာဏဝါရသည်။နိဋ္ဌိတံ၊ပြီးခြင်းသို့ရောက်ပြီ။ ။

---

အောနခေါပနသမယေန၊ထိုအခါ၌။သကျပုတ္တော၊သာကီဝင်မင်းသားဖြစ်သော။အာယသ္မာဥပနန္ဒော၊အရှင်ဥပနန္ဒသည်။သာဝတ္ထိယံ၊သာဝတ္ထိပြည်၌။သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။ ဂဟေတွာ၊ခံ၍။အညတရံ၊မထင်ရှားသော။ဂါမကာဝါသံ၊ရွာငယ်ကျောင်းသို့။အဂမာသိ၊ သွားလေ၏။ တတ္ထပိ၊ထိုရွာငယ်ကျောင်း၌လည်း။သေနာသနံ၊ကျောင်းကို။အဂ္ဂဟေသိ၊ခံ၏။အထခေါ၊ ထိုအခါ၌။တေသံဘိက္ခူနံ၊ထိုရဟန်းတို့အား။ဧတံ၊ဖေသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ဖြစ်၏။ကိံ၊ အဟောသိ၊ အဘယ်သို့ဖြစ်သနည်း။အာဝုသော၊ငါ့ရှင်တို့။သကျပုတ္တော၊သာကီဝင်မင်းသားဖြစ်သော။အယံအာယသ္မာဥပနန္ဒော၊ ဤအရှင်ဥပနန္ဒသည်။ဘဏ္ဍနကာရကော၊ငြင်းခုံခြင်းကိုပြုတတ်၏။ ကလဟကာရကော၊ ခိုက်ရန်ကိုပြုတတ်၏။ဝိဝါဒကာရကော၊နင်းသင်းစသည်ဖြင့်ဆန့်ကျင်သော၊စကားကိုပြောဆိုခြင်းကိုပြုတတ်၏။ဘဿကာရကော၊စကားများခြင်းကိုပြုတတ်၏။သံဃေ၊သံဃာ၌။ အဓိ

http://www.dhammadownload.com



ကရဏာကာရကော၊အဓိကရုဏ်းကိုပြုတတ်၍။ အယံ၊ဤဥပနန္ဒသည်။ဇာတု၊
ဤရွာငယ်ကျောင်း၌။ဝဿံ၊ဝါလပတ်လုံး။သစေဝသိဿတိ၊အကယ်၍နေ
အံ့။သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ မယံ၊ ငါတို့သည်။ ဖာသုံ၊
ချမ်းသာကုန်သည်။ နဘဝိဿာမ၊မဖြစ်ကုန်လတ္တံ့။ဟန္ဒ၊ယခုနံ၊ထိုရှင်ဥပ
နန္ဒကို။ ပုစ္ဆာမ၊ မေးပါကုန်စို့။ဇာတိ၊ဤသို့။ အပလောသိ၊ဖြစ်၍။ အထခေါ၊
ထိုအခါ၌။တေဘိက္ခူ၊ထိုရဟန်းတို့သည်။ သက္ကျပုတ္တံ၊သာကီဝင်မင်းသား
ဖြစ်သော။အာယသ္မန္တံဥပနန္ဒံ၊ အရှင်ဥပနန္ဒကို။ အာဝုသော၊ဥပနန္ဒ၊ငါ့ရှင်ဥပ
နန္ဒ။တယာ၊သင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ သေနာသနံ၊ကျောင်း
အိပ်ရာနေရာကို။ဂဟိတံနနု၊ခံအပ်သည်မဟုတ်လော။ဇာတိဧတံဝစနံ၊ဤသို့
သောစကားကို။အဝေါစုံ၊ ဆိုကုန်၏။အာဝုသော၊ ငါ့ရှင်တို့။ဧဝံ၊ဤသို့ခံအပ်
၏။ဇာတိ၊ ဤသို့။အဝေါစ၊ဆို၏။အာဝုသော၊ဥပနန္ဒ၊ငါ့ရှင်ဥပနန္ဒ။တွံ၊သင်သည်။
ဧကော၊တယောက်ထည်းဖြစ်လျက်။ဒွေ့နှစ်ကျောင်းတို့ကို။ပဋိဗာဟသိကိံ၊
ပန၊တားမြစ်လေသလော။ဇာတိ၊ဤသို့။ပုစ္ဆိံသု၊မေးကုန်၏။အာဝုသော၊ငါ့ရှင်
တို့။ဒါနိဇာတုဒါနိ၊ယခုအခါ၌။ ဇာတု၊ဤရွာငယ်ကျောင်း၌၊ မုဥ္စာမိ၊ လွှတ်ပါအံ့။
တတ္ထ၊ထိုသာဝတ္ထိပြည်၌။ ဂဏှာမိ၊ခံပါအံ့။ဇာတိ၊ဤသို့။ အဝေါစ၊ဆို၏။ယေ
တေဘိက္ခူ၊အကြင်ရဟန်းတို့သည်။အပ္ပိစ္ဆာ၊နည်းသောအလိုရှိကုန်၏ ။(ပ)။
တေဘိက္ခူ၊ထိုရဟန်းတို့သည်။ကထံဟိ၊ အဘယ်ကြောင့်သာလျှင်။ သက္ကျ
ပုတ္တော၊ သာကီဝင်မင်းသားဖြစ်သော။ အာယသ္မာဥပနန္ဒော၊ အရှင်ဥပနန္ဒ
သည်။ဧကော၊ တယောက်ထည်းဖြစ်လျက်။ ဒွေ့နှစ်ကျောင်းတို့ကို။ ပဋိဗာ
ဟေဿတိနာမ၊ တားမြစ်ဘိသနည်း။ ဇာတိ၊ဤသို့။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကုန်၏၊
ခိယျန္တိ၊ ရှုတ်ချကုန်၏၊ ဝိပါစေန္တိ၊ ဖရိုဖရဲကြဲသော စကားကိုဆိုကုန်၏။
ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ဤအကြောင်းကို။ အာရောစေ
သုံ၊ကြားလျှောက်ကုန်၏။ဥပနန္ဒ၊ဥပနန္ဒ။ တွံ၊သင်သည်။ဧကော၊တယောက်
ထည်းဖြစ်လျက်။ဒွေ့နှစ်ကျောင်းတို့ကို။ပဋိဗာဟသိ၊တားမြစ်၏။ဇာတိ၊ဤသို့။
ကိရ၊အဆင့်စကားကြားရသည်ကား။သစ္စံ၊မှန်သလော။ဇာတိ၊ဤသို့။ပဋိပုစ္ဆိ၊
မေးတော်မူ၏။ဘဂဝါ၊ မြတ်စွာဘုရား။သစ္စံ၊မှန်ပါ၏။ ဇာတိ၊ဤသို့။ အဝေါစ၊
လျှောက်၏။ဘဂဝါ၊ဘုန်းတော်ကြီးသော။ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ဝိဂရဲ
ဟိ၊ကဲ့ရဲ့တော်မူ၏။ ကိံဝိဂရဟိ၊အဘယ်သို့ကဲ့ရဲ့တော် မူသနည်း။ မောဃ
ပုရိသ၊မဂ်ဖိုလ်မှအချည်းနှီးသောယောကျ်ား။ကထံဟိ၊အဘယ်ကြောင့်သာ
လျှင်။တွံ၊သင်သည်။ဧကော၊တယောက်ထည်းဖြစ်လျက်။ဒွေ့နှစ်ကျောင်းတို့
ကို။ပဋိဗာဟိဿသိနာမ၊ တားမြစ်ဘိသနည်း။ မောဃပုရိသ၊ မဂ်ဖိုလ်မှအ

ချည်းနှီးသောယောက်ျား။တယာ၊သင်သည်။တတ္ထ၊ထိုသာဝတ္ထိပြည်ကျောင်းကို။ဂဟိတံ၊ခံအပ်သည်ရှိသော်။ဣတော၊ဤရွာငယ်ကျောင်းမှ။ မုတ္တံ၊လွှတ်ပြီ။တယာ၊သင်သည်။ဣမံ၊ဤရွာငယ်ကျောင်းကို။ ဂဟိတံ၊ခံအပ်သည်ရှိသော်။တတြ၊ထိုသာဝတ္ထိပြည်ကျောင်းမှ။မုတ္တံ၊ လွှတ်ပြီ။မောဃပုရိသ၊မဂ်ဖိုလ်မှအချည်းနှီးသောယောက်ျား။ ဧဝံခေါ၊ဤသို့လျှင်။တွံ၊ သင်သည်။ဥဘယတ္ထ၊နှစ်ပါးစုံသောရွာငယ်ကျောင်းသာဝတ္ထိပြည်ကျောင်းမှ။ ပရိဗာဟိရော၊အပဖြစ်ပြီ။မောဃပုရိသ၊ မဂ်ဖိုလ်မှအချည်းနှီးသောယောက်ျား။ ဧတံ၊ ဤအမှုသည်။အပ္ပသန္နာနံဝါ၊ မကြည်ညိုကုန်သေးသောသူတို့အားလည်း။ ပသာဒါယ၊ကြည်ညိုခြင်းငှါ၊နဟောတိ၊မဖြစ်။(ပ)။ဝိဂရဟိတွာ၊ ကဲ့ရဲ့တော်မူပြီး၍။ဓမ္မိံကထံ၊တရားစကားကို။ကတွာ၊ပြောဟောသည်ကိုပြုတော်မူ၍။ဘိက္ခူ၊ရဟန်းတို့ကို။အာမန္တေသိ၊မိန့်တော်မူ၏။ကိံ၊ အာမန္တေသိ၊အဘယ်သို့မိန့်တော်မူသနည်း။"ဘိက္ခဝေ၊ရဟန်းတို့၊ ဧကေန၊တယောက်ထည်းသောရဟန်းသည်။ဒွေ၊နှစ်ကျောင်းတို့ကို။ နပဋိဗာဟိတဗ္ဗာ။ မတားမြစ်အပ်ကုန်။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။"နှ။တေနခေါပနသမယေန၊ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ဘိက္ခူနံ၊ ရဟန်းတို့အား။အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ ဝိနယကထံ၊ ဝိနည်းစကားကို။ကထေသိ၊ဟောတော်မူ၏။ ဝိနယဿ၊ဝိနည်း၏။ ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြောဆိုတော်မူ၏။ဝိနယပရိယတ္တိယာ၊ဝိနည်းကိုသင်ခြင်း၏။ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြောဆိုတော်မူ၏။အာဒိဿ အာဒိဿ၊ ရည်၍ရည်၍။အာယသ္မတောဥပါလိဿ၊အရှင်ဥပါလိ၏။ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြောဆိုတော်မူ၏။ဘိက္ခူ၊ရဟန်းတို့သည်။ဘဂဝါ၊မြတ်စွာဘုရားသည်။ခေါ၊စင်စစ်။အနေကပရိယာယေန၊များစွာသောအကြောင်းဖြင့်။ဝိနယကထံ၊ဝိနည်းစကားကို။ကထေတိ၊ဟောတော်မူ၏။ဝိနယဿ၊ဝိနည်း၏။ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြောဆိုတော်မူ၏။ဝိနယပရိယတ္တိယာ၊ဝိနည်းကိုသင်ခြင်း၏။ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ပြောဆိုတော်မူ၏။ အာဒိဿအာဒိဿ၊ရည်၍ရည်၍။ အာယသ္မတောဥပါလိဿ၊အရှင်ဥပါလိ၏။ ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြောဆိုတော်မူ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဟန္ဒ၊ယာရ။ မယံ၊ငါတို့သည်။အာယသ္မတောဥပါလိဿ၊အရှင်ဥပါလိ၏။ သန္တိကေ၊အထံ၌။ဝိနယံ၊ဝိနည်းကို။ပရိယာပုဏာမ၊သင်ယူကုန်အံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ဆို၍။

http://www.dhammadownload.com



ဗဟူ၊ များစွာကုန်သော။ ထေရာစ၊မထေရ်ကြီး လည်းဖြစ်ကုန်သော။နဝါစ၊
သိတင်းငယ်လည်းဖြစ်ကုန်သော။ မဇ္ဈိမာစ၊ သိတင်းလတ်လည်းဖြစ်ကုန်
သော။တေစဘိက္ခူ၊ထိုရဟန်းတို့သည်လည်း။ အာယသ္မာတောဥပါလိဿ၊
အရှင်ဥပါလိ၏။သန္တိကေ၊အထံ၌။ဝိနယံ၊ဝိနည်းကို။ပရိယာပုဏန္တိ၊သင်ယူ
ကုန်၏။အာယသ္မာဥပါလိ၊ အရှင်ဥပါလိသည်။ ထေရာနံ၊ မထေရ်ကြီးဖြစ်
ကုန်သော။ ဘိက္ခူနံ၊ ရဟန်း တို့အား။ ဂါရဝေန၊ ရိုသေသဖြင့်။ ဌိတကော၊
ရပ်လျက်။ဥဒ္ဒိသတိ၊ သင်၏။ထေရာ၊ မထေရ်ကြီးဖြစ်ကုန်သော။ ဘိက္ခူပိ၊
ရဟန်းတို့သည်လည်း။ ဓမ္မဂါရဝေန၊ တရားတော်၌ရိုသေသဖြင့်။ ဌိတကာ၊
ရပ်ကုန်သျက်။ ဥဒ္ဒိသာပေန္တိ၊ သင်စေကုန်၏။ တတ္ထ၊ ထိုသို့ သင်စေရာ၌။
ထေရာ၊ မထေရ် ကြီးဖြစ်ကုန်သော။ ဘိက္ခူစေဝ၊ ရဟန်းတို့သည်လည်း။
ကိလမန္တိ၊ ပင်ပန်းကုန်၏။ အာယသ္မာစဥပါလိ၊ အရှင်ဥပါလိသည်လည်း။
ကိလမတိ၊ ပင်ပန်း၏။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ ဧတမတ္ထံ၊ ဤ
အကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ ရဟန်းတို့။
နဝကေန၊သိတင်းငယ်ဖြစ်သော။ဘိက္ခုနာ၊ရဟန်းသည်။ဥဒ္ဒိသန္တေန၊သင်သ
ဖြင့်။သမကေ၊အမျှဖြစ်သော။ အာသနေ၊နေရာ၌။ နိသီဒိတုံဝါ၊ ထိုင်နေစိမ့်
သော၄ါလည်းကောင်း။ဓမ္မဂါရဝေန၊တရားတော်၌ရိုသေသဖြင့်။ ဥစ္စတရေ၊
အထူးသဖြင့်မြင့်သော။အာသနေ၊နေရာ၌။ နိသီဒိတုံဝါ၊ ထိုင်နေစိမ့်သော၄ါ
လည်းကောင်း။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ထေရေန၊ မထေရ်
ကြီးဖြစ်သော။ဘိက္ခုနာ၊ရဟန်းသည်။ဥဒ္ဒိသာပေန္တေန၊သင်စေသဖြင့်။ သမ
ကေ၊အမျှဖြစ်သော။ အာသနေ၊ နေရာ၌။ နိသီဒိတုံဝါ၊ ထိုင်နေစိမ့်သော၄ါ
လည်းကောင်း။ဓမ္မဂါရဝေန၊ တရားတော်၌ရိုသေသဖြင့်။နီစတရေ၊ အထူး
သဖြင့်နိမ့်သော။ အာသနေ၊ နေရာ၌။နိသီဒိတုံဝါ၊ထိုင်နေစိမ့်သော၄ါလည်း
ကောင်း။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊
မိန့်တော်မူ၏။"တေနခေါပနသမယေန၊ ထိုအခါ၌။ဗဟူ၊ များစွာကုန်သော။
ဘိက္ခူ၊ရဟန်းတို့သည်။၊အာယသ္မတောဥပါလိဿ၊အရှင်ဥပါလိ၏။ သန္တိ
ကေ၊အထံ၌။ ဌိတကာ၊ ရပ်ကုန်လျက်။ ဥဒ္ဒေသံ၊ ပါဠိသင်ခြင်းကို။ ပဋိမာ
နေန္တာ၊ မြော်လင့်ကုန်သည်ဖြစ်၍။ ကိလမန္တိ၊ ပင်ပန်းကုန်၏။ ဘဂဝတော၊
မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။အာရောစေသုံ၊ကြားလျှော်
ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။သမာနာသနိကေဟိ၊တူသောနေရာရှိကုန်သော
ရဟန်းတို့နှင့်။ သဟ၊တကွ၊နိသီဒိတုံ၊ ထိုင်နေစိမ့်သော၄ါ။ အနုဇာနာမိ၊
ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။"၊အထခေါ၊

ထိုအခါ၌၊ဘိက္ခုနံ၊ရဟန်းတို့အား။ကိတ္တာဝတာ၊ အဘယ်မျှအတိုင်းအရှည်
ဖြင့်။သမာနသံဝါသကော၊တူသောနေရာရှိသောရဟန်းသည်။ ဟောတိနုခေါ၊
ဖြစ်သနည်း။ ဣတိ ဧဝံရူပေါ၊ ဤသို့သော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။
အဟောသိ၊ဖြစ်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်း
ကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ တိဝဿဥ္စ
ရေနှ၊ သုံးဝါအတွင်းရှိသောရဟန်းနှင့်။ သဟ၊တကွ၊နိသီဒိတုံ၊ ထိုင်နေစိမ့်
သော၄ါ၊ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊
မိန့်တော်မူ၏။ တေနခေါပနသမယေန၊ ထိုအခါ၌။ သမ္ဗဟုလာ၊ များစွာကုန်
သော။သမာနသံဝါသကာ၊ တူသောနေရာရှိကုန်သောရဟန်းတို့သည်။ မဉ္စေ၊
ညောင်စောင်း၌။နိသီဒိတွာ၊ထိုင်နေကုန်၍။မဉ္စံ၊ ညောင်စောင်းကို။ဘိန္ဒိံသု၊
ဖျက်ဆီးကုန်၏။ ပီဌေ၊အင်းပျဉ်၌။နိသီဒိတွာ၊ ထိုင်နေကုန်၍။ပီဌံ၊ အင်းပျဉ်
ကို။ဘိန္ဒိံသု၊ဖျက်ဆီးကုန်၏။ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊
ဤအကြောင်းကို။အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ ရဟန်း
တို့။တိဝဂ္ဂဿ၊ သုံးယောက်အစုရှိသောရဟန်းအား။မဉ္စံ၊ ညောင်စောင်းကို
လည်းကောင်း။တိဝဂ္ဂဿ၊သုံးယောက်အစုရှိသောရဟန်းအား။ ပီဌံ၊ အင်း
ပျဉ်ကိုလည်းကောင်း။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။
အာမန္တေသိ၊ မိန့်တော်မူ၏။တိဝဂ္ဂေါပိ၊ သုံးယောက်အစုရှိသောရဟန်းသည်
လည်း။မဉ္စေ၊ညောင်စောင်း၌။နိသီဒိတွာ၊ထိုင်နေ၍။မဉ္စံ၊ညောင်စောင်းကို။
ဘိန္ဒိ၊ဖျက်ဆီး၏။ပီဌေ၊အင်းပျဉ်၌။ နိသီဒိတွာ၊ထိုင်နေ၍။ပီဌံ၊ အင်းပျဉ်ကို။
ဘိန္ဒိ၊ဖျက်ဆီး၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဒုဝဂ္ဂဿ၊ နှစ်ယောက်အစုရှိသော
ရဟန်းအား။မဉ္စံ၊ညောင် စောင်းကိုလည်းကောင်း။ဒုဝဂ္ဂဿ၊နှစ်ယောက်အစုရှိ
သောရဟန်းအား။ပီဌံ၊အင်းပျဉ်ကိုလည်းကောင်း။အနုဇာနာမိ၊ ငါဘုရားခွင့်
ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။ ။တေနခေါပနသမ
ယေန၊ထိုအခါ၌။ ဘိက္ခူ၊ရဟန်းတို့သည်။ အသမာနသံဝါသကေဟိ၊ တူသော
နေရာမရှိကုန်သော ရဟန်းတို့နှင့်။ သဟ၊ တကွ။ ဒီဃာသနေ၊ ရှည်သော
နေရာ၌။ နိသီဒိတုံ၊ထိုင်နေခြင်းငှါ။ ကုက္ကုစ္စာယန္တိ၊ အလိုလိုရှိကုန်၏။ဘဂဝ
တော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊
ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ပဏ္ဍကံ၊ ပဏ္ဍုက်ကိုလည်း
ကောင်း။မာတုဂါမံ၊ မာတုဂါမကိုလည်းကောင်း။ ဥဘတောဗျဉ္ဇနကံ၊ ဥဘ
တောဗျည်းကို လည်းကောင်း။ ဌပေတွာ၊ ထား၍။ အသမာနသံဝါသကေဟိ၊
တူသောနေရာမရှိကုန်သော ရဟန်းတို့နှင့်။ သဟ၊တကွ။ ဒီဃာသနေ၊ရှည်

http://www.dhammadownload.com



သောနေရာ၌။နိသိဒိတုံ၊ထိုင်နေစိမ့်သောငှါ။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။အထခေါ၊ထိုအခါ၌၊ဘိက္ခူနံ၊ရဟန်းတို့အား။ကိတ္တကာ၊ အဘယ်မျှအတိုင်းအရှည်ရှိသော။ ပစ္ဆိမံ၊ယုတ်စွအဆုံး။ဒိဃာသနံ၊ရှည်သောနေရာသည်။ဟောတိနုခေါ၊ဖြစ်သနည်း။ဣတိဧတံ ဧသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။ အဟောသိ၊ဖြစ်၏။ဘိက္ခဝေ၊ရဟန်းတို့။ ယံ၊အကြင်နေရာသည်။ တိဏ္ဏံ၊သုံးယောက်ကုန်သောရဟန်းတို့အား။ ပဟောတိ၊လောက်၏။ ဧတ္တကံ၊ဤမျှအတိုင်းအရှည်ရှိသော။ ပစ္ဆိမံ၊အယုတ်ဆုံးဖြစ်သော။ ဒိဃာသနံ၊ရှည်သောနေရာကို။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏။" နှ ။တေနခေါပန သမယေန၊ထိုအခါ၌။မိဂါရမာတာ။မိဂါရသူဌေးသည်အမိအရာ၌ထားအပ်သော။ဝိသာခါ၊ ဝိသာခါသည်။ သံဃဿ၊သံဃာ၏။ အတ္ထာယ၊အကျိုးငှါ။ အာဠိန္ဒ၊အာဠိန္ဒနှင့်တကွသော။ဟတ္ထိနခကံ၊ဆင်ဦးကင်း၌တည်သော။ပါသာဒံ၊ပြာသာဒ်ကို။ ကာရာပေတုကာမော၊ပြုစေခြင်းငှါအလိုရှိသည်။ ဟောတိ၊ဖြစ်၏။ အထခေါ၊ထိုအခါ၌။ ဘိက္ခူနံ၊ရဟန်းတို့အား။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ပါသာဒပရိဘောဂေါ၊ပြာသာဒ် အသုံးအဆောင်ကို ။အနုညာတော်ကိ နုခေါ၊ခွင့်ပြုတော်မူ အပ်လေသလော။ အနနုညာတော်ကိ နုခေါ၊ခွင့်ပြုတော်မမူအပ်လေသလော။ ဣတိဧတံဧသောပရိဝိတက္ကော၊ဤသို့သော အကြံသည်။အဟောသိ၊ဖြစ်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ရဟန်းတို့။ သဗ္ဗံ၊အလုံးစုံသော။ပါသာဒပရိဘောဂံ၊ပြာသာဒ်အသုံးအဆောင်ကို။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။"တေန ခေါပန သမယေန၊ထိုခါ၌။ပသေနဒိဿ၊ပသေနဒီအမည်ရှိသော။ ကောသလဿ။ကောသလတိုင်းကိုအစိုးရသော။ရညော၊မင်း၏။အယျိကာ၊အဘွားမသည်။ ကာလံကတာ၊ နတ်ရွာလားသည်။ ဟောတိ။ဖြစ်၏။ တဿာ၊ ထိုအဘွားမ၏။ကာလံကရိယာယ၊ နတ်ရွာလားခြင်းကြောင့်။ သံဃဿ။သံဃာအား။ ဗဟုံ၊ များစွာ။ အကပ္ပိယဘဏ္ဍံ၊ မအပ်သော ဘဏ္ဍာသည်။ ဥပ္ပန္နံ၊ ရသည်။ ဟောတိ၊ဖြစ်၏။ ဗ္ဗုဒံ၊ ဤဘဏ္ဍာသည်။ သေယျထာကတမံ၊ အဘယ်နည်း။ အာသန္ဒိ၊အတိုင်းအရှည်ထက်လွန်သော အခြေရှိသောညောင်စောင်းအင်းပျဉ်။ ပလ္လင်္ကော၊ အခြေ၌သားရဲရုပ် ရှိသောပလ္လင်။ ဂေါနကော၊ ရှည်သောအမွေးရှိသောကော်ဇောကြီး။ စိတ္တကော။ ချုပ်ရိုးဖြင့်ဆန်းကြယ်သောသားမွေးဖြင့်ပြီးသောအခင်း။ပဋိကော၊ သားမွေးဖြင့် ပြီးသောဖြူသော

အခင်း။ ပဋ္ဋလိကော၊ တခဲနက်ပန်းပွင့် အဆောရှိသော သားမွေးဖြင့်ပြီး
သောအခင်း။ တူလိကာ၊ လဲဖြင့် ပြည့်သောအခင်း။ ဝိကတိကာ၊ ခြင်္သေ့
ကျားအစရှိသောအရုပ်တို့ဖြင့်ဆန်းကြယ်သောသားမွေးဖြင့်ပြီးသောအခင်း။
ဥဒ္ဒလောမိ၊ နှစ်ဘက်အဆောရှိသော သားမွေးဖြင့်ပြီးသောအခင်း။ ဧကန္တ
လောမိ၊ တဘက်အဆောရှိသော သားမွေးဖြင့်ပြီး သောအခင်း။ ကဋ္ဋိဿံ၊
ရတနာရွှေချည်တို့ဖြင့်ချုပ်အပ်သော ပိုးချည်တို့ဖြင့်ရက်အပ်သောအခင်း။
ကောသေယျံ၊ ရတနာရွှေချည်တို့ဖြင့် ချုပ်အပ်သော ပိုးချည်ဖြင့်ပြီးသော
အခင်း။ ကုတ္တကံ၊တကျိပ်ခြောက်ရောက်သော ကချေသည်မတို့အားရပ်၍
ကလောက်သော သားမွေးဖြင့်ပြီးသောအခင်း။ ဟတ္ထတ္ထရံ၊ ဆင်းကုန်းနှီး။
အဿတ္ထရံ၊မြင်းကုန်းနှီး။ရထတ္ထရံ၊ရထားခင်းနှီး။ အဇိနပ္ပဝေဏိ၊သစ်နက်
ရေတို့ဖြင့်ညောင်စောင်း ပမာဏချုပ်၍ ပြုသောအခင်း။ ကာဒလိမိဂပဝရ
ပစ္စတ္ထရဏံ၊ ဝန်ပိုင်ရေဖြင့်ပြုသော မြတ်သောအိပ်ရာခင်း။ သဥတ္တရစ္ဆဒံ၊
အထက်ဗိတာန်နီနှင့်တကွသော။ ဥဘတောလောဟိတကူပဓာနံ၊ နှစ်ဘက်
သောခြေအုံးခေါင်းအုံးရှိသောအခင်း။ဣတိဣဒံ၊ဤသည်တည်း။ဘဂဝတော၊
မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်
ကုန်၏။ "ဘိက္ခဝေ၊ရဟန်းတို့။ အာသန္ဒိယာ၊အတိုင်းအရှည်ထက် လွန်သော
အခြေရှိသောညောင်စောင်းအင်းပျဉ်၏။ ပါဒေ၊ခြေတို့ကို။ ဆိန္ဒိတွာ၊ဖြတ်၍။
ပရိဘုဉ္ဇိတုံ၊သုံးဆောင်စိမ့်သောငှါ။ ပလ္လင်္ကဿ၊အခြေ၌သားရဲရုပ်ရှိသော
ပလ္လင်၏။ ဝါဠေ၊သားရဲရုပ်တို့ကို။ဘိန္ဒိတွာ၊ဖျက်၍။ ပရိဘုဉ္ဇိတုံ၊သုံးဆောင်
စိမ့်သောငှါ။ တူလိကံ၊ လဲဖြင့်ပြည့်သောအခင်းကို။ ဝိဇဋေတွာ၊ ဖြည်၍။
ဗိမ္ဗောဟနံ၊ခေါင်းအုံးကို။ ကာတုံ၊ပြုစိမ့်သောငှါ။ အဝသေသံ၊ ကြွင်းသော
အခင်းကို။ ဘူမတ္ထရဏံ၊မြေအခင်းကို။ကာတုံ၊ပြုစိမ့်သောငှါ။အနုဇာနာမိ။
ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။" ။
တေနခေါပနသမယေန၊ထိုအခါ၌၊ သာဝတ္ထိယာ၊သာဝတ္ထိပြည်၏။အဝိဒူရေ၊
မနီးမဝေးသောအရပ်၌။ အညတရသ္မိံ၊အမှတ်မရှိသော။ ဂါမကာဝါသေ၊
ရွာငယ်ကျောင်း၌။ အာဝါသိကာ၊ကျောင်းနေဖြစ်ကုန်သော။ ဘိက္ခူ၊ရဟန်း
တို့သည်။အာဂန္တုကဂမိကာနံ၊ဧည့်သည်ခရီးသွားဖြစ်ကုန်သော။ ဘိက္ခူနံ၊
ရဟန်းတို့အား။သေနာသနံ၊အိပ်ရာနေရာအခင်းကို။ ပညပေန္တာ၊ခင်းရကုန်
သည်ဖြစ်၍။ ဥပဒ္ဒုတာ၊ မပြတ်ဆင်းရဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။
အထခေါ၊ထိုအခါ၌။ တေသံဘိက္ခူနံ၊ထိုရဟန်းတို့အား။ အာဝုသော၊ငါ့ရှင်
တို့။ဧတရဟိခေါ၊ ယခုအခါ၌ကား။ မယံ၊ငါတို့ကို။ အာဂန္တုကဂမိကာနံ၊

http://www.dhammadownload.com



ညွှတ်သည်ခရီးသွား ဖြစ်ကုန်သော။ ဘိက္ခုနှံ၊ ရဟန်းတို့အား။ သေနာသနံ၊ အိပ်ရာနေရာအခင်းကို။ ပညပေန္တာ၊ ခင်းရကုန်သည်ဖြစ်၍။ ဥပဒ္ဒုတာ၊ မပြတ်ဆင်းရဲကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဟန္ဒ၊ ယခု။ မယံ၊ ငါတို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာအခင်းကို။ ဌပေသာ၊ တယောက်သောရဟန်းအား။ ဒေမ၊ ပေးကုန်အံ့။ တဿ၊ ထိုရဟန်း၏။ သန္တကံ၊ ဥစ္စာကို။ ပရိဘုဉ္ဇိဿာမ၊ သုံးဆောင်ကုန်အံ့။ ဣတိဧဝံ ဧသောပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။ တေ၊ ထိုရဟန်းတို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာအခင်းကို။ ဧကဿ၊ တယောက်သောရဟန်းအား။ အဒံသု၊ ပေးကုန်၏။ အာဂန္တုကာ၊ ညွှတ်သည်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ အာဝုသော၊ ငါ့ရှင်တို့။ အမှာကံ၊ ငါတို့အား။ သေနာသနံ၊ အိပ်ရာနေရာကို။ ပညပေထ၊ ခင်းကုန်လော။ ဣတိဧဝံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစုံ၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာသည်။ နတ္ထိ၊ မရှိ။ အမှေဟိ၊ ငါတို့သည်။ သဗ္ဗံ၊ အလုံးစုံသောကျောင်းအိပ်ရာနေရာကို။ ဧကဿ၊ တယောက်သောရဟန်းအား။ ဒိန္နံ၊ ပေးပြီးပြီ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ သင်တို့သည်။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာကို။ ဝိဿဇ္ဇေထကိံ ပန၊ စွန့်ကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊ မေးကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝံ၊ ဤသို့စွန့်ကုန်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။ ယေတေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အပ္ပိစ္ဆာ၊ နည်းသော အလိုရှိကုန်၏။ (ပ)။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ကထံဟိ၊ အဘယ်ကြောင့် သာလျှင်။ ဘိက္ခူ၊ ရဟန်းတို့သည်။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာကို။ ဝိဿဇ္ဇေဿန္တိနာမ၊ စွန့်ကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့ကုန်၏။ ခိယျန္တိ၊ ရှုတ်ချကုန်၏။ ဝိပါစေန္တိ၊ ဖရိုဖရဲကြဲသောစကားကို ဆိုကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (ပ)။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခူ၊ ရဟန်းတို့သည်။ သံဃိကံ၊ သံဃာ၏ ဥစ္စာ ဖြစ်သော။ သေနာသနံ၊ အိပ်ရာ နေရာကို။ ဝိဿဇ္ဇေန္တိ၊ စွန့်ကုန်၏။ ဣတိ၊ ဤသို့။ ကိံရ၊ အဆင့်စကား ကြားရသည်ကား။ သစ္စံ၊ မှန်သလော။ ဣတိ၊ ဤသို့။ ပဋိပုစ္ဆိ၊ မေးတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရား။ သစ္စံ၊ မှန်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝိဂရဟိ၊ ကဲ့ရဲ့တော်မူ၏။ ကိံ ဝိဂရဟိ၊ အဘယ်

သို့ကဲ့ရဲ့တော်မူသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထံဟိ၊ အဘယ်ကြောင့် သာလျှင်။တေမောဃပုရိသာ၊ ထိုမဂ်ဖိုလ်မှ အချည်း နှီးသောယောက်ျား တို့သည်။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေ ရာကို။ဝိဿဇ္ဇေဿန္တိ နာမ၊စွန့်ကုန်ဘိသနည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ဧတံ၊ ဤအမှုသည်။ အပ္ပသန္နာနံ ဝါ၊ မကြည်ညိုကုန်သေးသောသူတို့အားလည်း။ ပသာဒါယ၊ ကြည်ညိုခြင်းငှါ။ နဟောတိ၊ မဖြစ်။(ပ)။ ဝိဂရဟိတွာ၊ ကဲ့ရဲ့ တော်မူပြီး၍။ ဓမ္မိံ ကထံ၊တရားစကားကို။ ကတွာ၊ ပြောဟောသည်ကိုပြု တော်မူ၍။ဘိက္ခူ၊ရဟန်းတို့ကို။အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေ သိ၊ အဘယ်သို့မိန့်တော်မူသနည်း။ “ဘိက္ခဝေ၊ရဟန်းတို့။ အဝိဿဇ္ဇိယာနိ၊ မစွန့်အပ်ကုန်သောဘဏ္ဍာတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။သံဃေ နဝါ၊သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ဂိုဏ်းသည်လည်းကောင်း။ပုဂ္ဂ လေနဝါ၊ ပုဂ္ဂိုလ်သည် လည်းကောင်း။ နဝိဿဇ္ဇေတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဝိဿဇ္ဇိတာနိပိ၊ စွန့်အပ်ကုန်သော်လည်း။ အဝိဿဇ္ဇိတာနိ၊ စွန့်အပ်သည်မ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ တဿဘိက္ခုနော၊ထိုရဟန်းအား။ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ် ၏။ပဉ္စ၊ငါးပါးတို့သည်။ကတမာနိ၊အဘယ်သည်တို့နည်း။ အာရာမော၊အရံ။ အာရာမဝတ္ထု၊အရံရာ။ဣဒံ၊ ဤအရံအရံရာသည်။ပဌမံ၊ ရှေးဦးစွာသော။ အဝိဿဇ္ဇိယံ၊မစွန့်အပ်သောဘဏ္ဍာတည်း။သံဃေနဝါ၊ သံဃာသည်လည်း ကောင်း။ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည် လည်းကောင်း။နဝိဿဇ္ဇေတဗ္ဗံ၊မစွန့်အပ်။ဝိဿဇ္ဇိတမ္ပိ၊စွန့်အပ်သော်လည်း။ အဝိဿဇ္ဇိတံ၊ စွန့်အပ်သည်မမည်သည်။ ဟောတိ၊ဖြစ်၏။ယောဘိက္ခု၊အ ကြင်ရဟန်းသည်။ဝိဿဇ္ဇေယျ၊စွန့်ငြားအံ့၊တဿဘိက္ခုနော၊ထိုရဟန်းအား ထုလ္လစ္စယဿ၊ထုလ္လစ္စည်းအာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဝိဟာရော၊ ကျောင်း။ ဝိဟာရဝတ္ထု၊ ကျောင်းရာ။ ဣဒံ၊ ဤကျောင်းကျောင်းရာသည်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်သော ဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာ သည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်း ကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ် သည်လည်း ကောင်း။နဝိဿဇ္ဇေတဗ္ဗံ၊ မစွန့်အပ်။ ဝိဿဇ္ဇိတမ္ပိ၊ စွန့်အပ်သော်လည်း။အ ဝိဿဇ္ဇိတံ၊စွန့်အပ်သည်မမည်သည်။ဟောတိ၊ ဖြစ်၏။ယောဘိက္ခု၊အကြင် ရဟန်းသည်၊ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့ တဿဘိက္ခုနော၊ ထိုရဟန်းအား။

http://www.dhammadownload.com



ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပဇ္ဇိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ မဉ္စော၊ ညောင်စောင်း။ ပီဌံ၊ အင်းပျဉ်။ ဘိသိ၊ ဘုံလျှို။ ဗိမ္ဗောဟနံ၊ ခေါင်းအုံး။ ဣဒံသဗ္ဗံ၊ ဤအသုံးရုံသည်။ တတိယံ၊ သုံးခုမြောက်သော။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်သောဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဿဇ္ဇေတဗ္ဗံ၊ မစွန့်အပ်။ ဝိဿဇ္ဇိတမ္ပိ၊ စွန့်အပ်သော်လည်း။ အဝိဿဇ္ဇိတံ၊ စွန့်အပ်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပဇ္ဇိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ လောဟကုမ္ဘီ၊ ကြေးအိုး။ လောဟဘာဏကံ၊ ကြေးအိုးစရည်းကြီး။ လောဟဝါရကော၊ ကြေးအင်တွဲ။ လောဟကဋာဟံ၊ ကြေးဖျဉ်း။ ဝါသိ၊ ပဲခွပ်။ ဖရသု၊ ပေါက်ဆိန်။ ကုဌာရီ၊ ဓားမ။ ကုဒ္ဒါလော၊ ပေါက်တူး။ နိခါဒနံ၊ ဆောက်။ ဣဒံသဗ္ဗံ၊ ဤအလုံးရုံသည်။ စတုတ္ထံ၊ လေးခုမြောက်သော။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်သောဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဿဇ္ဇေတဗ္ဗံ၊ မစွန့်အပ်။ ဝိဿဇ္ဇိတမ္ပိ၊ စွန့်အပ်သော်လည်း။ အဝိဿဇ္ဇိတံ၊ စွန့်အပ်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပဇ္ဇိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝလ္လိ၊ နွယ်။ ဝေဠု၊ ဝါး။ မုဉ္ဇံ၊ ပြူးဆန်မြက်။ ပဗ္ဗဇံ၊ ပြိန်းမြက်။ တိဏံ၊ မြက်။ မတ္တိကာ၊ မြေညက်။ ဒါရုဘဏ္ဍံ၊ သစ်ဘဏ္ဍာ။ မတ္တိကာဘဏ္ဍံ၊ မြေညက် ဘဏ္ဍာ။ ဣဒံသဗ္ဗံ၊ ဤအလုံးရုံသည်။ ပဉ္စမံ၊ ငါးခုမြောက်သော။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်သောဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဿဇ္ဇေတဗ္ဗံ၊ မစွန့်အပ်။ ဝိဿဇ္ဇိတမ္ပိ၊ စွန့်အပ်သော်လည်း။ အဝိဿဇ္ဇိတံ၊ စွန့်အပ်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပဇ္ဇိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဿဇ္ဇိယာနိ၊ မစွန့်အပ်ကုန်သောဘဏ္ဍာတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ သံဃေနဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊

http://www.dhammadownload.com



ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိသဇ္ဇေတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဝိသဇ္ဇိတာ
နိပိ၊ စွန့်အပ်ကုန်သော်ယည်း။ အဝိသဇ္ဇိတာနိ၊ စွန့်အပ်သည်မမည်ကုန်သည်။
ဟောန္တိ၊ ဖြစ်ကုန်၏၊ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိသဇ္ဇေယျ၊ စွန့်ငြား
အံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။
အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေ
သိ၊ မိန့်တော်မူ၏။" ။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။
သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ယထာဘိရန္တံ၊ အလိုရှိတော်မူသရွေ့။ ဝိဟ
ရိတွာ၊ နေတော်မူပြီး၍၊ ယေန၊ အကြင်အရပ်၌။ ကီဋာဂိရိ၊ ကီဋာဂိရိဇနပုဒ်
သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကီဋာဂိရိဇနပုဒ်ရှိရာအရပ်သို့။ မဟတာ၊ များစွာ
သော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ စ၊
ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတို့နှင့်လည်းကောင်း။ သာရိပုတ္တ
မောဂ္ဂလ္လာနေဟိ စ၊ သာရိပုတ္တရာမောဂ္ဂလ္လာန်တို့နှင့် လည်းကောင်း။ သဒ္ဓိံ၊
တကွ။ စာရိကံ၊ ဒေသစာရီကို။ ပက္ကာမိ၊ ဖဲကြွတော်မူ၏။ အဿဇိပုနဗ္ဗသုကာ၊
အဿဇိပုနဗ္ဗသုကအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝါ၊ မြတ်
စွာဘုရားသည်။ မဟတာ၊ များစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။
ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ စ။ ငါးရာအတိုင်းအရှည်ရှိကုန်သောရဟန်းတို့
နှင့်လည်းကောင်း။ သာရိပုတ္တမောဂ္ဂလ္လာနေဟိ စ၊ သာရိပုတ္တရာမောဂ္ဂလ္လာန်တို့
နှင့်လည်းကောင်း။ သဒ္ဓိံ၊ တကွ။ ကီဋာဂိရိံ၊ ကီဋာဂိရိဇနပုဒ်သို့။ အာဂစ္ဆတိ၊
ရောက်တော်မူ၏။ ဣတိ၊ ဤသို့။ အဿောသုံခေါ၊ ကြားကုန်သည်သာလျှင်
တည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဟန္ဒ၊ ယခု။ မယံ၊ ငါတို့သည်။ သဗ္ဗံ၊ အလုံးစုံသော
သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဘာ
ဇေမ၊ ဝေဘန်ကုန်အံ့။ သာရိပုတ္တမောဂ္ဂလ္လာနာ၊ သာရိပုတ္တရာမောဂ္ဂလ္လာန်တို့
သည်။ ပါပိစ္ဆာ၊ ယုတ်မာသောအလိုရှိကုန်၏။ ပါပိကာနံ၊ ယုတ်မာကုန်သော။
ဣစ္ဆာနံ၊ အလိုတို့၏။ ဝသံ၊ အလိုသို့။ ဂတာ၊ လိုက်ကုန်၏။ မယံ၊ ငါတို့သည်။ တေ
သံ၊ ထိုသာရိပုတ္တရာ မောဂ္ဂလ္လာန် တို့အား။ သေနာသနံ၊ ကျောင်းအိပ်ရာ
နေရာကို။ နပညပေဿာမ၊ မခင်းကုန်အံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။
တေ၊ ထိုအဿဇိပုနဗ္ဗသုကရဟန်းတို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ သံဃိကံ၊
သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဘာဇေသုံ၊
ဝေဘန်ကုန်၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုပုဗ္ဗေန
အစဉ်အားဖြင့်။ စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ လှည့်လည်တော်မူသည်
ရှိသော်။ ယေန၊ အကြင်အရပ်၌။ ကီဋာဂိရိ၊ ကီဋာဂိရိဇနပုဒ်သည်။ အတ္ထိ၊ ရှိ၏။

ထံ၊ ထိုကီဋာဂိရိဇနပုဒ်သို့။ အဇ္ဈဝသရိ၊ ရောက်တော်မူ၏။ အထခေါ၊ ထိုအခါ၌။
ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမ္ဗဟုလေ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်း
တို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့မိန့်တော်မူ
သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကုန်လော။
အဿဇိပုနဗ္ဗသုကေ၊ အဿဇိပုနဗ္ဗသုကအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်း
တို့သို့ ဥပသင်္ကမိတွာ၊ ကပ်ကုန်၍။ ဧဝံ၊ ဤသို့။ ဝဒေထ၊ ဆိုကုန်လော။ ကိံ ဝဒေ
ထ၊ အဘယ်သို့ဆိုကုန်ရာအံ့နည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မဟတာ၊
များစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ ပဉ္စမတ္တေဟိ ဘိက္ခုသ
တေဟိ၊ ငါးရာအတိုင်းအရှည်ရှိကုန်သောရဟန်းတို့နှင့်လည်းကောင်း။ သာ
ရိပုတ္တမောဂ္ဂလ္လာနေဟိစ၊ သာရိပုတ္တရာမောဂ္ဂလာန်တို့နှင့်လည်းကောင်း။ သဒ္ဓိံ
တကွ။ အာဂစ္ဆတိ၊ ကြွလာတော်မူ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတောစ၊
မြတ်စွာဘုရားအားလည်းကောင်း။ ဘိက္ခုသံဃဿစ၊ ရဟန်းအပေါင်းအား
လည်းကောင်း။ သာရိပုတ္တမောဂ္ဂလ္လာနာနဉ္စ၊ သာရိပုတ္တရာမောဂ္ဂလာန်တို့အား
လည်းကောင်း။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ပညပေထ၊ ခင်းကုန်
လော။ ဣတိ ဧဝံ၊ ဤသို့။ ဝဒေထ၊ ဆိုကုန်လော။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်
တော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ကောင်းပါပြီ။ ဣတိခေါ၊ ဤသို့လျှင်။ တေ
ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပဋိဿုတွာ၊ ဝံခံ
ကုန်၍။ ယေန၊ အကြင်အရပ်၌။ အဿဇိပုနဗ္ဗသုကာ၊ အဿဇိပုနဗ္ဗသုကအမည်
ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေန၊ ထိုရဟန်းတို့ရှိရာ
အရပ်သို့။ ဥပသင်္ကမိံသု၊ ကပ်လေကုန်၏။ ဥပသင်္ကမိတွာ၊ ကပ်လေကုန်ပြီး၍။
အဿဇိပုနဗ္ဗသုကေ၊ အဿဇိပုနဗ္ဗသုကအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်း
တို့ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစုံ၊ ဆိုကုန်၏။ ကိံ အဝေါစုံ၊ အဘယ်သို့
ဆိုကုန်သနည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မဟတာ
များစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ ပဉ္စမတ္တေဟိ ဘိက္ခုသ
တေဟိ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတို့နှင့် လည်းကောင်း။
သာရိပုတ္တမောဂ္ဂလ္လာနေဟိစ၊ သာရိပုတ္တရာမောဂ္ဂလာန်တို့နှင့်လည်းကောင်း။
သဒ္ဓိံ၊ တကွ။ အာဂစ္ဆတိ၊ ကြွလာတော်မူ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတော
စ၊ မြတ်စွာဘုရားအားလည်းကောင်း။ ဘိက္ခုသံဃဿစ၊ ရဟန်းအပေါင်း
အားလည်းကောင်း။ သာရိပုတ္တမောဂ္ဂလ္လာနာနဉ္စ၊ သာရိပုတ္တရာမောဂ္ဂလာန်တို့
အားလည်းကောင်း။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ပညပေထ၊ ခင်း
ကုန်လော။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ သံဃိကံ၊

http://www.dhammadownload.com



သံဃာ၏ဥစ္စာဖြစ်သော။သေနာသနံ၊ ကျောင်းအိပ်ရာနေရာသည်။ နတ္ထိ၊မရှိ။ အမှေယိ၊ ငါ့ဘို့သည်။သဗ္ဗံ၊ အလုံးစုံသောကျောင်းအိပ်ရာနေရာကို။ ဘာဇိ တံ၊ဝေဘန်အပ်၏။အာဂန္တုသော၊ငါ့ရှင်တို့။ဘဂဝတော၊မြတ်စွာဘုရား၏။အာ ဂတံ၊ကြွလာတော်မူခြင်းသည်။သွာဂတံ၊ကောင်းသောလာခြင်းတည်း။ ယ သ္မိံ ဝိဟာရေ၊အကြင်ကျောင်း၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ဇာနိဿတိ၊ အလိုရှိတော်မူလတ္တံ့။တသ္မိံ ဝိဟာရေ၊ထိုကျောင်း၌။ ဝသိဿတိ၊နေတော် မူလတ္တံ့။သာရိပုတ္တမောဂ္ဂလာနာ၊သာရိပုတ္တရာမောဂ္ဂလာန်တို့သည်။ပါဝိဿာ၊ ယှာဉ်မာသောအလိုရှိကုန်၏။ ပါဝိကာနံ၊ ယှတ်မာကုန်သော။ဇာနိဿာနံ၊အလို တို့၏၊ ဝသံ၊အလိုသို့။ဂတာ၊လိုက်ကုန်၏။ မယံ၊ငါတို့သည်။တေသံ၊ထိုသာ ရိပုတ္တရာမောဂ္ဂလာန်တို့အား။သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။နပညာ ပေဿာမ၊မခင်းကုန်အံ့။ဣတိ၊ဤသို့။အဝေါစုံ၊ဆိုကုန်၏။အာဂန္တုသော၊ ငါ့ရှင် တို့။တုမှေ၊ သင်တို့သည်။ သံဃိကံ၊သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ဘာဇိတ္ထုကိံ ပန၊ဝေဘန်ကုန်သလော။ဣတိ၊ဤသို့။ ပုစ္ဆိံသု၊မေးကုန်၏။ အာဂန္တုသော၊ငါ့ရှင်တို့။ ဧဝံ၊ဤသို့ဝေဘန်ကုန်၏။ ဣတိ၊ ဤသို့၊အဝေါစုံ၊ဆိုကုန်၏။ယေတေဘိက္ခူ၊အကြင်ရဟန်းတို့သည်။အပ္ပိဇ္ဆာ၊ နည်းသောအလိုရှိကုန်၏။(ပ)။ တေဘိက္ခူ၊ထိုရဟန်းတို့သည်။ ကထံဟိ၊အ ဘယ်ကြောင့်သာလျှင်အာယသ္မန္တောပုနဗ္ဗသုကာ၊အာယသ္မာပုနဗ္ဗသုကအမည်ရှိကုန် သော။ဘိက္ခူ၊ရဟန်းတို့သည်။သံဃိကံ၊သံဃာ၏ဥစ္စာဖြစ်သော။သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဘာဇိဿန္တိနာမ၊ဝေဘန်ကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ဥဇ္ဈာယန္တိ၊ကဲ့ရဲ့ကုန်၏။ခိယျန္တိ၊ရှုတ်ချကုန်၏။ဝိပါစေန္တိ၊ဖရိုဖရဲကြဲ သောစကားကိုဆိုကုန်၏။ အထခေါ၊ထိုအခါ၌။ တေဘိက္ခူ၊ ထိုရဟန်းတို့ သည်။ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။အာရော စေသုံ၊ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ ကိရ၊အဆင့်စကားကြား ရသည်ကား။ သစ္စံ၊မှန်သလော။(ပ)။ ဘဂဝါ၊မြတ်စွာဘုရား။ သစ္စံ၊မှန်ပါ၏။ ဣတိ၊ ဤသို့။အဝေါစုံ၊လျှောက်ကုန်၏။ ဘဂဝါ၊ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝိဂရဟိ၊ကဲ့ရဲ့တော်မူ၏။ ကိံ ဝိဂရဟိ၊ အဘယ်သို့ ကဲ့ရဲ့တော်မူသနည်း။ ဘိက္ခဝေ။ရဟန်းတို့။ ကထံဟိ။အဘယ်ကြောင့်သာ လျှင်။ တေမောဃပုရိသာ၊ ထိုမဂ်ဖိုလ်မှ အချည်းနှီးသော ယောကျ်ားတို့ သည်။ဘံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ သေနာသနံ၊ကျောင်းအိပ်ရာနေရာ ကို။ဘာဇေဿန္တိနာမ။ ဝေဘန်ကုန်ဘိသနည်း။ ဘိက္ခဝေ၊ရဟန်းတို့။နေတံ၊ ဤအမှုသည်။ အပ္ပသန္နာနံဝါ၊ မကြည်ညိုကုန်သေးသော သူတို့အားလည်း။

http://www.dhammadownload.com



ပသာဒါယ၊ ကြည်ညိုခြင်းငှါ။ နဟောတိ၊ မဖြစ်။ (ပ)။ ဝိဂရဟိတွာ၊ ကဲ့ရဲ့တော်မူပြီး၍။ ဓမ္မိံ ကထံ၊ တရားစကားကို။ ကတွာ၊ ပြောဟောသည်ကိုပြုတော်မူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့မိန့်တော်မူသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အဝေဘင်္ဂိယာနိ၊ မဝေဘန်အပ်ကုန်သော ဘဏ္ဍာတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ သံဃေနဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည် လည်းကောင်း၊ နဝိဘဇိတဗ္ဗာနိ၊ မဝေဘန် အပ်ကုန်။ ဝိဘတ္တာနိပိ၊ ဝေဘန်အပ်ကုန်သော်လည်း။ အဝိဘတ္တာနိ၊ ဝေဘန်အပ်သည် မမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဘဇေယျ၊ ဝေဘန်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပတ္တိ၊ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စ၊ ငါးပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ အာရာမော၊ အရံ။ အာရာမဝတ္ထု၊ အရံဟော။ ဣဒံ၊ ဤအရံအရံဟောသည်။ ပဌမံ၊ ရှေးဦးစွာသော။ အဝေဘင်္ဂိယံ၊ မဝေဘန်အပ်သောဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည် လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဘဇိတဗ္ဗံ၊ မဝေဘန်အပ်။ ဝိဘတ္တမ္ပိ၊ ဝေဘန်အပ်သော်လည်း။ အဝိဘတ္တံ၊ ဝေဘန်အပ်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဘဇေယျ၊ ဝေဘန်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပတ္တိ၊ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိဟာရော၊ ကျောင်း။ ဝိဟာရဝတ္ထု၊ ကျောင်းဟော။ ဣဒံ၊ ဤကျောင်း ကျောင်းဟောသည်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ အဝေဘင်္ဂိယံ၊ မဝေအပ်သောဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည်သည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေနဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဘဇိတဗ္ဗံ၊ မဝေဘန်အပ်။ ဝိဘတ္တမ္ပိ၊ ဝေဘန်အပ်သော်လည်း။ အဝိဘတ္တံ၊ ဝေဘန်အပ်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဘဇေယျ၊ ဝေဘန်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပတ္တိ၊ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ မဉ္စော၊ ညောင်စောင်း။ ပီဌံ၊ အင်းပျဉ်။ ဘိသိ၊ ဘုံလျို။ ဗိမ္ဗောဟနံ၊ ခေါင်းအုံး။ ဣဒံသဗ္ဗံ၊ ဤအလုံးစုံသည်။ တတိယံ၊ သုံးခု မြောက်သော။ အဝေဘင်္ဂိယံ၊ မဝေဘန်အပ်သော ဘဏ္ဍာတည်း။ သံဃေနဝါ၊ သံဃာသည် လည်းကောင်း။ ဂဏေနဝါ၊ ဂိုဏ်းသည်လည်း

http://www.dhammadownload.com



ကောင်း။ ပုဂ္ဂလေန၀ါ၊ပုဂ္ဂိုလ်သည် လည်းကောင်း။ နပိဘာဇိတဗ္ဗံ၊မဝေဘန်
အပ်။ဝိဘတ္တဗ္ဗံ၊ဝေဘန်အပ်သော်လည်း။အဝိဘတ္တံ၊ဝေဘန်အပ်သည်မမည်
သည်။ ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိဘဇေယျ၊
ဝေဘန်ငြားအံ့။တဿဘိက္ခုနော၊ထိုရဟန်းအား။ထုလ္လစ္စယဿ၊ထုလ္လစ္စည်း
အာပတ်သို့။အာပဇ္ဇိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။လောဟ
ကုမ္ဘီ၊ကြေးအိုး။ လောဟဘာဏကံ၊ ကြေးအိုးစရည်းကြီး။ လောဟဝါရ
ကော၊ ကြေးအင်တွဲ၊ လောဟကဋာဟံ၊ ကြေးဖျဉ်း။ ဝါသိ၊ပဲခွပ်။ ဖရသု၊
ပေါက်ဆိန်။ ကုဓာရီ၊ဓားမ။ ကုဒါလော၊ပေါက်တူး။ နိခါဒနံ၊ဆောက်။ဣဒံ
သဗ္ဗံ၊ဤအလုံးစုံသည်။စတုတ္ထံ၊လေးခုမြောက်သော။အဝေဘင်္ဂိယံ၊မဝေဘန်
အပ်သောဘဏ္ဍာတည်း။သံဃေန၀ါ၊သံဃာသည်လည်းကောင်း။ဂဏေန၀ါ၊
ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေန၀ါ၊ပုဂ္ဂိုလ်သည်လည်းကောင်း။နပိဘာဇိ
တဗ္ဗံ၊မဝေဘန်အပ်။ ဝိဘတ္တဗ္ဗံ၊ဝေဘန်အပ်သော်လည်း။ အဝိဘတ္တံ၊ဝေဘန်
အပ်သည်မမည်သည်။ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊အကြင်ရဟန်းသည်။
ဝိဘဇေယျ၊ဝေဘန်ငြားအံ့။တဿဘိက္ခုနော၊ထိုရဟန်းအား။ထုလ္လစ္စယဿ၊
ထုလ္လစ္စည်းအာပတ်သို့။အာပဇ္ဇိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။
ဝလ္လိ၊နွယ်။ဝေဠု၊ဝါး။ မုဉ္ဇံ၊ပြူးသန်မြက်။ပဗ္ဗဇံ၊ပြိန်းမြက်။ တိဏံ၊မြက်။မတ္တိ
ကာ၊မြေညက်။ ဒါရုဘဏ္ဍံ၊သစ်ဘဏ္ဍာ။ မတ္တိကာဘဏ္ဍံ၊မြေညက်ဘဏ္ဍာ။
ဣဒံသဗ္ဗံ၊ဤအလုံးစုံသည်။ပဉ္စမံ၊ငါးခုမြောက်သော။အဝေဘင်္ဂိယံ၊မဝေဘန်
အပ်သောဘဏ္ဍာတည်း။ သံဃေန၀ါ၊သံဃာသည်လည်းကောင်း။ဂဏေန
၀ါ၊ဂိုဏ်းသည် လည်းကောင်း။ ပုဂ္ဂလေန၀ါ၊ပုဂ္ဂိုလ်သည် လည်းကောင်း။
နပိဘာဇိတဗ္ဗံ၊မဝေဘန်အပ်။ ဝိဘတ္တဗ္ဗံ၊ဝေဘန်အပ်သော်လည်း။ အဝိဘတ္တံ၊
ဝေဘန်အပ်သည်မမည်သည်။ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊အကြင်ရဟန်း
သည်။ဝိဘဇေယျ၊ဝေဘန်ငြားအံ့။တဿဘိက္ခုနော၊ထိုရဟန်းအား။ထုလ္လစ္စ
ယဿ၊ထုလ္လစ္စည်းအာပတ်သို့။အာပဇ္ဇိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊
ဖြစ်၏။ဘိက္ခဝေ၊ရဟန်းတို့။အဝေဘင်္ဂိယာနိ၊မဝေဘန်အပ်ကုန်သောဘဏ္ဍာ
တို့သည်။ဣမာနိပဉ္စ၊ဤငါးပါးတို့တည်း။သံဃေန၀ါ၊ သံဃာသည်လည်း
ကောင်း။ဂဏေန၀ါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေန၀ါ၊ပုဂ္ဂိုလ်သည်
လည်းကောင်း။နပိဘာဇိတဗ္ဗာနိ၊မဝေဘန်အပ်ကုန်။ ဝိဘတ္တာနိပိ၊ဝေဘန်အပ်
သော်သည်း။အဝိဘတ္တာနိ၊ဝေဘန်အပ်သည်မမည်ကုန်သည်။ ဟောန္တိ၊ဖြစ်
ကုန်၏။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ဝိဘဇေယျ၊ ဝေဘန်ငြားအံ့။
တဿဘိက္ခုနော၊ ထိုရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။

http://www.dhammadownload.com



အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ အနေမန္တေ့သိ၊မိန့်တော်မူ၏။အထခေါ၊ထိုအခါ၌၊ဘဂဝါ၊မြတ်စွာဘုရားသည်။ကိဋ္ဌာဂိရိသ္မိံ၊ကိဋ္ဌာဂိရိ၌နေ၍၌။ ယထာဘိရန္တံ၊အလိုရှိတော်မူသရွေ့။ဝိဟရိတွာ၊နေတော်မူပြီး၍။ ယေန၊အကြင်အရပ်၌။ အာဠဝီ၊အာဠဝီပြည်သည်။ အတ္ထိ၊ရှိ၏။တေန၊ထိုအာဠဝီပြည်ရှိရာအရပ်သို့။ စာရိကံ၊ဒေသစာရီကို။ပက္ကာမိ၊ဖဲကြွတော်မူ၏။အနုပုဗ္ဗေန၊အစဉ်အားဖြင့်။စာရိကံ၊ဒေသစာရီကို။စရမာနော၊လှည့်လည်တော်မူသည်ရှိသော်။ ယေန၊အကြင်အရပ်၌။ အာဠဝီ၊ အာဠဝီပြည်သည်။အတ္ထိ၊ရှိ၏။တံ၊ ထိုအာဠဝီပြည်သို့။ အဝသရိ၊ရောက်တော်မူ၏။ဘဂဝါ၊မြတ်စွာဘုရားသည်။ တတြ၊ထိုအာဠဝိယံ၊ထိုအာဠဝီပြည်၌။အဂ္ဂါဠဝေ၊အဂ္ဂါဠဝအမည်ရှိသော။စေတိယေ၊စေတီ၌။ဝိဟရတိ၊နေတော်မူ၏။ တေနခေါပနသမယေန၊ထိုအခါ၌။ အာဠဝိကာ၊အာဠဝီပြည်သားဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။နဝကမ္မာနိ၊အမှုသစ်တို့ကို။ဒေန္တိ၊ပေးကုန်၏။ ပိဏ္ဍနိကေ္ခပနမတ္တေနပိ၊အင်တေ ၊ပိုင်မြေပိုင်ကိုမကန်းသွားကွက်ထားကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။ ကုဋ္ဋလေပနမတ္တေနပိ၊ နံရံကိုလိမ်းကျံကာမျှဖြင့်လည်း။နဝကမ္မံ အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။ ဒွါရဋ္ဌပနမတ္တေနပိ၊ တံခါးကိုထားကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။ အဂ္ဂဠဝဋ္ဋိကရဏမတ္တေနပိ၊မင်းတုတ်တိုင်ပြုကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။အာလောကသန္ဓိကရဏမတ္တေနပိ၊လေသာနန်းပြုတင်းကိုပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ သေတဝဏ္ဏကရဏမတ္တေနပိ၊ဖြူသောအဆင်းကိုပြုကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။ကာဠဝဏ္ဏကရဏမတ္တေနပိ၊ မည်းသောအဆင်းကိုပြုကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ဂေရုကပရိကမ္မကရဏမတ္တေနပိ၊ဂွေ့သဘောဖြင့် အပြေအပြစ်ပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ ဆာဒနမတ္တေနပိ၊ မိုးကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ ပေးကုန်၏။ ဗန္ဓနမတ္တေနပိ၊ ဘွဲ့ကာကွက်ကာမျှဖြင့်လည်း။ နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ဘဏ္ဍိကာဋ္ဌပနမတ္တေနပိ၊ခိုနန်းထားကာမျှဖြင့်လည်း။နဝကမ္မံ၊ အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ခဏ္ဍဖုလ္လပဋိသင်္ခရဏမတ္တေနပိ၊ကျိုးသည်ပွင့်သည်ကိုပြုပြင်ကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ပရိဘဏ္ဍကရဏမတ္တေနပိ၊ နွားချေးဖန်ရည်ကျံကာမျှဖြင့်လည်း။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ဝီသတိဝဿိကံပိ၊ အနှစ်

နှစ်ဆယ်တိုင်အောင်လည်း၊ နဝကမ္မံ၊ အမှုသစ်ကို။ ဒေန္တိ၊ ပေးကုန်၏။ တိံသဝဿိကံပိ၊ အနှစ်သုံးဆယ်တိုင်အောင်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒေန္တိ၊ ပေးကုန်၏။ ယာဝဇီဝိကံပိ၊ အသက်ထက်ဆုံးလည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒေန္တိ၊ ပေးကုန်၏။ ဓူမကာလိကံပိ၊ မီးခိုးဆုံးသည်တိုင်အောင်လည်း။ ပရိယောသိတံ၊ ပြီးဆုံးလေပြီးသော။ ဝိဟာရံ၊ ကျောင်းကို။ နဝကမ္မံ၊ အမှုသစ်ကို။ ဒေန္တိ၊ ပေးကုန်၏။ ယေ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အပ္ပိစ္ဆာ၊ နည်းသောအလိုရှိကုန်၏။ (ပ)။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ကထံ ဟိ၊ အဘယ်ကြောင့်သာလျှင်။ အာဠဝကာ၊ အာဠဝီပြည်သားဖြစ်ကုန်သော ဘိက္ခူ၊ ရဟန်းတို့သည်။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ နဝကမ္မာနိ၊ အမှုသစ်တို့ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ပိဏ္ဍနိက္ခေပနမတ္တေနပိ၊ အင်္ဂတေပိုင်မြေပိုင်ကို မကန်းသွား ကွက်ထားကာ မျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ကုဍ္ဍလေပနမတ္တေနပိ၊ နံရံကိုလိမ်းကျံကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဒွါရဋ္ဌပနမတ္တေနပိ၊ တံခါးကိုထားကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ အဂ္ဂဠဝဋ္ဋိကရဏမတ္တေနပိ၊ မင်းတုတ်တိုင်ပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန် ဘိသနည်း။ အာလောက သန္ဓိကရဏ မတ္တေနပိ၊ လေသာနန်း ပြူးတင်းကို ပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ သေတဝဏ္ဏကရဏမတ္တေနပိ။ ဖြူသောအဆင်းကိုပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ကာဠဝဏ္ဏကရဏမတ္တေနပိ၊ မည်းသောအဆင်းကို ပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဂေရုကပရိကမ္မကရဏမတ္တေနပိ၊ ငွေ့သဘာဖြင့်အခြေအပြစ် ပြုကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဆာဒနမတ္တေနပိ၊ မိုးကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဗန္ဓနမတ္တေနပိ၊ ဘွဲ့ကာကွက်ကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဘဏ္ဍိကာဋ္ဌပနမတ္တေနပိ၊ ခိုးနန်းထားကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ခဏ္ဍဖုလ္လပဋိသင်္ခရဏမတ္တေနပိ၊ ကျိုးသည်ပွင့်သည်ကိုပြုပြင်ကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ပရိဘဏ္ဍကရဏမတ္တေနပိ၊ နွားချေးဖန်ရည်ကျံကာမျှဖြင့်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိ နာမ၊ ပေးကုန်ဘိသနည်း။ ဝီသတိဝဿိကံပိ၊

http://www.dhammadownload.com



အနှစ် နှစ်ဆယ် တိုင်အောင်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿနွိနာမ၊ ပေးအပ်ကုန်ဘိသနည်း။ တိံသဝဿိကံဝိ၊ အနှစ်သုံးဆယ် တိုင်အောင်လည်း။ နဝကမ္မံ၊ အမှုသစ်ကို။ ဒဿန္တိနာမ၊ ပေးကုန်ဘိသနည်း။ ယာဝဇီဝိကံဝိ၊ အသက်ထက်ဆုံးလည်း။နဝကမ္မံ၊အမှုသစ်ကို။ ဒဿန္တိနာမ၊ပေးကုန်ဘိသနည်း။ ဓူမကာလိကံဝိ၊ မီးခိုးဆုံးသည့်တိုင်အောင်လည်း။ ပရိယောသိတံ။ ပြီးဆုံးလေပြီးသော။ဝိဟာရံ၊ကျောင်းကို။ နဝကမ္မံ၊အမှုသစ်ကို။ ဒဿန္တိနာမ၊ပေးကုန်ဘိသနည်း။ဣတိ၊ဤသို့။ဥဇ္ဈာယန္တိ၊ကဲ့ရဲ့ကုန်၏။ ခိယျန္တိ၊ ရှုတ်ချကုန်၏။ဝိပါစေန္တိ၊ဖရိုဖရဲကြဲသောစကားကို ဆိုကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ ကိရ၊ အဆင့်စကားကြားရသည်ကား။ သစ္စံ၊ မှန်သလော။ (ပ)။ ဘဂဝါ၊မြတ်စွာဘုရား။ သစ္စံ၊မှန်ပါ၏။ဣတိ၊ဤသို့။အဝေါစုံ၊ လျှောက်ကုန်၏။(ပ)။ ဝိဂရဟိတွာ၊ကဲ့ရဲ့တော်မူပြီး၍။ ဓမ္မိံကထံ၊ တရားစကားကို။ ကတွာ၊ ပြောဟောသည်ကိုပြုတော်မူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့ မိန့်တော်မူသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဏ္ဏနိကဗ္ဗပနမတ္တေန၊ အင်္ဂတေစိုင်မြေစိုင်ကို ထားကာမျှဖြင့်။ နဝကမ္မံ၊ အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ ကုဋ္ဋလေပနမတ္တေန၊နံရံကိုလိမ်းကျံကာမျှဖြင့်။နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ ဒွါရဋ္ဌပနမတ္တေန၊တံခါးကိုထားကာမျှဖြင့်။ နဝကမ္မံ၊အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။အဂ္ဂဠဝဋ္ဋိကရဏမတ္တေန၊မင်းတုတ်တိုင်ကိုပြုကာမျှဖြင့်။နဝကမ္မံ၊ အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ အာလောကသန္ဓိကရဏမတ္တေန၊ လေသာနန်းပြူးတင်းကို ပြုကာမျှဖြင့်။ နဝကမ္မံ၊ အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ သေတဝဏ္ဏကရဏမတ္တေန၊ဖြူသောအဆင်းကိုပြုကာမျှဖြင့်။ နဝကမ္မံ၊အမှုသစ်ကို၊နဒါတဗ္ဗံ၊မပေးအပ်။ကာဠဝဏ္ဏကရဏမတ္တေန၊မည်းသောအဆင်းကိုပြုကာမျှဖြင့်။နဝကမ္မံ၊အမှုသစ်ကို။ နဒါတဗ္ဗံ၊မပေးအပ်။ ဂေရုကပရိကမ္မကရဏမတ္တေန၊ ငွေ့သဘော်ဖြင့် အပြေအပြစ်ပြုကာမျှဖြင့်။ နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ဆာဒနမတ္တေန၊မိုးကာမျှဖြင့်။နဝကမ္မံ၊ အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ဗန္ဓနမတ္တေန၊ဘွဲ့ကာကွက်ကာမျှဖြင့်။ နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ ဘဏ္ဍိကာဋ္ဌပနမတ္တေန၊ ခိုးနန်းထားကာမျှဖြင့်။ နဝကမ္မံ၊အမှုသစ်ကို။ နဒါတဗ္ဗံ၊မပေးအပ်။ ခဏ္ဍဖုလ္လပဋိသင်္ခရဏမတ္တေန၊ ကျိုးသည့် ပွင့်သည့်ကို ပြုပြင်ကာမျှဖြင့်။ နဝကမ္မံ၊ အမှုသစ်ကို။နဒါတဗ္ဗံ၊ မပေးအပ်။ ပရိဘဏ္ဍကရဏမတ္တေန၊ နွားချေးဖန်ရည်ကျံကာမျှဖြင့်။ နဝ

http://www.dhammadownload.com



ကမ္မံ၊အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ ဝိသတိဝဿိကံ၊ အနှစ်နှစ်ဆယ်တိုင်အောင်။ နဝကမ္မံ၊ အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ တိံသဝဿိကံ၊ အနှစ်သုံးဆယ်တိုင်အောင်။ နဝကမ္မံ၊ အမှုသစ်ကို။ နဒါတဗ္ဗံ၊၊မပေးအပ်။ ယာဝဇီဝိကံ၊အသက်ထက်ဆုံး။ နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊ မပေးအပ်။ ဓူမကာလိကံ၊ မီးခိုးဆုံးသည်တိုင်အောင်။ ပရိယောသိတံ၊ပြီးဆုံးပြီးသော။ ဝိဟာရံ၊ ကျောင်းကို။ နဝကမ္မံ၊ အမှုသစ်ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဒဒေယျ၊ပေးငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ အကတံ၊ မပြုအပ်သေးသော။ နဝကမ္မံဝါ၊ အမှုသစ်ကိုလည်းကောင်း။ ဝိပ္ပကတံ၊ ပြု၍မပြီးသေးသော။နဝကမ္မံဝါ၊ အမှုသစ်ကိုလည်းကောင်း။ ဒါတုံ၊ ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ခုဒ္ဒကေ၊ငယ်သော။ ဝိဟာရေ၊ကျောင်း၌။ ကမ္မံ၊ အမှုကို။ ဩလောကေတွာ၊ ကြည့်၍။ ဆပ္ပဉ္စဝဿိကံ၊ ခြောက်နှစ် ငါးနှစ်တိုင်အောင်။ နဝကမ္မံ၊ အမှုသစ်ကို။ ဒါတုံ၊ ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ အဍ္ဎယောဂေ၊တဘက်စောင်းမိုးသောကျောင်း၌။ ကမ္မံ၊အမှုကို။ဩလောကေတွာ၊ကြည့်၍။ သတ္တဋ္ဌဝဿိကံ၊ခုနစ်နှစ်ရှစ်နှစ်တိုင်အောင်။ နဝကမ္မံ၊ အမှုသစ်ကို။ ဒါတုံ၊ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ မဟလ္လကေ၊ကြီးသော။ ဝိဟာရေဝါ၊ ကျောင်း၌လည်းကောင်း။ ပါသာဒေဝါ၊ ပြာသာဒ်၌ လည်းကောင်း။ ကမ္မံ၊ အမှုကို။ ဩလောကေတွာ၊ကြည့်၍။ဒသဒွါဒသဝဿိကံ၊ဆယ်နှစ်တဆဲ့နှစ်နှစ်တိုင်အောင်။ နဝကမ္မံ၊အမှုသစ်ကို။ဒါတုံ၊ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏” ။တေနခေါပနသမယေန၊ထိုအခါ၌။ ဘိက္ခူ၊ရဟန်းတို့သည်။ သဗ္ဗဝိဟာရံ၊ အလုံးစုံသောကျောင်းကို။နဝကမ္မံ၊အမှုသစ်ကို။ဒေန္တိ၊ပေးကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ ၊အာရောစေသုံ၊ ကြားလျှောက်ကုန်၏။“ဘိက္ခဝေ၊ရဟန်းတို့။သဗ္ဗော၊အလုံးစုံသော။ ဝိဟာရော၊ကျောင်းကို။ နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဒဒေယျ၊ ပေးငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏” ။တေနခေါပနသမယေန၊ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဧကဿ၊ တယောက်သော ရဟန်းအား။ ဒွေ၊

http://www.dhammadownload.com



နှစ်ကျောင်းတို့ကို။ဒေန္တိ၊ပေးကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတ
မတ္ထံ၊ဤအကြောင်းကို၊ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ "ဘိက္ခဝေ၊
ရဟန်းတို့။ ဧကေန၊တယောက်သော ရဟန်းအား။ ဒွေ၊နှစ်ကျောင်းတို့ကို။
နဒါတဗ္ဗာ၊ မပေးအပ်ကုန်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ဒဒေယျ၊
ပေးငြားအံ့။တဿဘိက္ခုနော၊ထိုရဟန်းအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။
အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ ဤသို့။အာမန္တေ
သိ၊မိန့်တော်မူ၏။" ။တေနခေါပနသမယေန၊ထိုအခါ၌။ ဘိက္ခူ၊ရဟန်းတို့
သည်။နဝကမ္မံ၊အမှုသစ်ကို။ ဂဟေတွာ၊ယူကုန်၍။ အညံ၊တပါးသောရဟန်း
ကို။ဝါသေန္တိ၊နေစေကုန်၏။ဘဂဝတော၊မြတ်စွာဘုရားအား။(ပ)။"ဘိက္ခဝေ၊
ရဟန်းတို့။ နဝကမ္မံ၊အမှုသစ်ကို။ ဂဟေတွာ၊ယူ၍။ အညော၊တပါးသော
ရဟန်းကို။နဝါသေတဗ္ဗော၊မနေစေအပ်။ယောဘိက္ခု၊အကြင်ရဟန်းသည်။
ဝါသေယျ၊ နေစေငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊
ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။
ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။" ။တေနခေါပနသမယေန၊ထိုအခါ
၌။ဘိက္ခူ၊ ရဟန်းတို့သည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ ယူကုန်၍။
သံဃိကံ၊သံဃိကကျောင်းကို။ ပဋိဗာဟန္တိ၊တားမြစ်ကုန်၏။ဘဂဝတော၊
မြတ်စွာဘုရားအား။(ပ)။"ဘိက္ခဝေ၊ ရဟန်းတို့။ နဝကမ္မံ၊ အမှုသစ်ကို။
ဂဟေတွာ၊ယူ၍။သံဃိကံ၊သံဃိကကျောင်းကို၊နပဋိဗာဟိတဗ္ဗံ၊မတားမြစ်
အပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။
တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ
အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဧကံ၊
တခုသော။ဝရသေယျံ၊မြတ်သောအိပ်ရာနေရာကို။၊ဂဟေတုံ၊ယူစိမ့်သော
ငှါ၊အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်
မူ၏။" ။တေနခေါပနသမယေန၊ထိုအခါ၌။ဘိက္ခူ၊ရဟန်းတို့သည်။နိဿီမေ၊
သိမ်ပ၌။ ဌိတဿ၊ တည်သော ရဟန်းအား။ နဝကမ္မံ၊အမှုသစ်ကို။ ဒေန္တိ၊
ပေးကုန်၏။ ဘဂဝတော မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ဤအကြောင်းကို။
အာရောစေသုံ၊ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ရဟန်းတို့။နိဿီမေ၊သိမ်ပ၌။
ဌိတဿ၊တည်သောရဟန်းအား။ နဝကမ္မံ၊အမှုသစ်ကို။နဒါတဗ္ဗံ၊မပေးအပ်။
ယောဘိက္ခု၊အကြင်ရဟန်းသည်။ဒဒေယျ၊ ပေးငြားအံ့။ တဿဘိက္ခုနော၊
ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်
ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။" ။

တေနခေါပနသမယေန၊ ထိုအခါ၌။ဘိက္ခူ၊ ရဟန်းတို့သည်။ နဝကမ္မံ၊ အမှုသစ်ကို။ဂဟေတွာ၊ယူကုန်၍။သဗ္ဗကာလံ၊အခါခပ်သိမ်း။ ပဋိဗာဟန္တိ၊တားမြစ်ကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ ရဟန်းတို့။ နဝကမ္မံ၊အမှုသစ်ကို။ဂဟေတွာ၊ယူ၍။သဗ္ဗကာလံ၊အခါခပ်သိမ်း။နပဋိဗာဟိတဗ္ဗံ၊မတားမြစ်အပ်။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ပဋိဗာဟေယျ။ တားမြစ်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ရဟန်းတို့။ ဝဿာနံ၊ မိုးလတို့၏။ တေမာသံ၊ သုံးလပတ်လုံး။ ပဋိဗာဟိတုံ၊ တားမြစ်စိမ့်သော ငှါ။အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဥတုကာလံပန၊ ဆောင်းကာလ နွေကာလ၌ကား။ပဋိဗာဟိတုံ၊တားမြစ်စိမ့်သောငှါ။နအနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မမူ။ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏" ။တေနခေါပန သမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်း တို့သည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ယူကုန်၍၊ပက္ကမန္တိပိ၊ ဖဲသည်းဖဲသွားကုန်၏။ဝိဗ္ဗမန္တိပိ၊ လူလည်း ထွက်ကုန်၏။ကာလံပိ၊ သေခြင်းကိုလည်း။ကရောန္တိ၊ပြုကုန်၏။ သာမဏေ ရာတိပိ၊သာမဏေတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ဝန်ခံကုန်၏၊ သိက္ခာပစ္စက္ခာတ ကာတိပိ၊သိက္ခာကိုချသောသူတို့ဟူ၍လည်း။ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။အန္တိမဝတ္ထုံ၊ ပါရာဇိကအာပတ်သို့။ အဇ္ဈာပန္နကာတိပိ၊ ရောက်သောသူတို့ဟူ၍ လည်း။ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ ဥမ္မတ္တကာတိပိ၊ ရူးသော ရဟန်းတို့ဟူ၍ လည်း။ပဋိဇာနန္တိ၊ဝန်ခံကုန်၏။ခိတ္တစိတ္တာတိပိ၊ပျံ့လွင့်သောစိတ်ရှိသောရဟန်း တို့ဟူ၍လည်း။ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ဝေဒနာဋ္ဋာတိပိ၊ဝေဒနာနှိပ်စက်အပ် သောရဟန်းတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ဝန်ခံကုန်၏။ အာပတ္တိယာ၊အာပတ် ကို။အဒဿနေ၊မရှုခြင်းကြောင့်။ဥက္ခိတ္တကာတိပိ၊နှင်ထုတ်အပ်သောရဟန်း တို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ အာပတ္တိယာ၊ အာပတ်ကို။အပ္ပဋိ ကမ္မေ၊မကုစားခြင်းကြောင့်။ဥက္ခိတ္တကာတိပိ၊ နှင်ထုတ်အပ်သောရဟန်းတို့ ဟူ၍လည်း။ပဋိဇာနန္တိ၊ ဝန်ခံကုန်၏၊ ပါပိကာယ၊ ယုတ်မာသော။ဒိဋ္ဌိယာ၊ အယူကို။အပ္ပဋိနိဿဂ္ဂေ၊မစွန့်ခြင်းကြောင့်။ဥက္ခိတ္တကာတိပိ၊ နှင်ထုတ်အပ် သောရဟန်းတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ဝန်ခံကုန်၏။ပဏ္ဍကာတိပိ၊ပဏ္ဍုက် တို့ဟူ၍လည်း။ပဋိဇာနန္တိ၊ဝန်ခံကုန်၏။ ထေယျသံဝါသကာတိပိ၊ထေယျသံ ဝါသကတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ တိတ္ထိယပက္ကန္တကာတိပိ၊ တိတ္ထိဘောင်သို့ပြေးဝင်သော သူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။

http://www.dhammadownload.com



တိရစ္ဆာနဂတာတိပိ၊ တိရစ္ဆာန်တို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ မာတုဃာတကာတိပိ၊ အမိကိုသတ်သောသူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ ပိတုဃာတကာတိပိ၊ အဘကိုသတ်သောသူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ အရဟန္တဃာတကာတိပိ၊ ရဟန္တာကိုသတ်သောသူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ ဘိက္ခုနိဒူသကာတိပိ၊ ရဟန်းမိန်းမကိုဖျက်ဆီးသောသူတို့ ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ သံဃဘေဒကာတိပိ၊ သံဃာကိုသင်းခွဲသောသူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ လောဟိတုပ္ပါဒကာတိပိ၊ မြတ်စွာဘုရားကိုသွေးစိမ်းတည်အောင် ပြုတတ်သောသူတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ ဥဘတောဗျဉ္ဇနကာတိပိ၊ ဥဘတောဗျည်းတို့ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓပန၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ ယူ၍။ ပက္ကမတိ၊ ဖဲသွားအံ့။ သံဃဿ၊ သံဃာအား။ မာပရိဟာယိ၊ မယုတ်ပါစေလင့်။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ အညဿ၊ တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓပန၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ ယူ၍။ ဝိဗ္ဘမတိ၊ လူထွက်အံ့။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြုအံ့။ သာမဏေရောတိ၊ သာမဏေဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ သိက္ခာပစ္စက္ခာတကောတိ၊ သိက္ခာကိုချသောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အန္တိမဝတ္ထုံ၊ ပါရာဇိကအာပတ်သို့။ အဇ္ဈာပန္နကောတိ၊ ရောက်သော သူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ဥမ္မတ္တကောတိ၊ ရူးသောရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ခိတ္တစိတ္တောတိ၊ ပျံ့လွင့်သောစိတ် ရှိသောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ဝေဒနာဋ္ဋောတိ၊ ဝေဒနာနှိပ်စက်အပ်သော သူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အာပတ္တိယာ၊ အာပတ်ကို။ အဒဿနေ၊ မရှုခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အာပတ္တိယာ၊ အာပတ်ကို။ အပ္ပဋိကမ္မေ၊ မကုစားခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ပါပိကာယ၊ ယုတ်မာသော။ ဒိဋ္ဌိယာ၊ အယူကို။ အပ္ပဋိနိဿဂ္ဂေ၊ မစွန့်ခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ပဏ္ဍကောတိ၊ ပဏ္ဍုက်ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ထေယျသံဝါသကောတိ၊ ထေယျသံဝါသကဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ တိတ္ထိယပက္ကန္တကောတိ၊ တိတ္ထိဘောင်သို့ ပြေးဝင်သောသူဟူ၍။

http://www.dhammadownload.com



ပဋိဇာနာတိ၊ ဝန်ခံအံ့။ တိရစ္ဆာနဂတောတိ၊ တိရစ္ဆာန်ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ မာတုဃာတကောတိ၊ အမိကိုသတ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ပိတုဃာတကောတိ၊ အဘကိုသတ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။အရဟန္တဃာတကောတိ၊ရဟန္တာကိုသတ်သောသူဟူ၍။ပဋိဇာနာတိ၊ ဝန်ခံအံ့။ဘိက္ခုနီဒူသကောတိ၊ရဟန်းမိန်းမကိုဖျက်ဆီးသောသူဟူ၍၊ပဋိဇာနာတိ၊ဝန်ခံအံ့။ သံဃဘေဒကောတိ၊ သံဃာကိုသင်းခွဲသော သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ လောဟိတုပ္ပါဒကောတိ၊ ဘုရားကိုသွေးစိမ်းတည် အောင်ပြုသောသူဟူ၍။ ပဋိဇာနာတိ၊ဝန်ခံအံ့။ဥဘတောဗျဉ္ဇနကောတိ၊ဥဘတောဗျည်းဟူ၍။ ပဋိဇာနာတိ၊ဝန်ခံ၏။ သံဃာသည်၊သံဃာအား။ မဟာယိ၊ မယုတ်ပါစေလင့်။ ဉာတိမနုသိကတွာ၊ ဤသို့နှလုံးသွင်း၍။ အညသည်၊တပါး သောရဟန်းအား။ဒါတဗ္ဗံ၊ပေးအပ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဉာပေနု၊ ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။နဝကမ္မံ၊အမှုသစ်ကို။ ဂဟေတွာ၊ယူ၍။ ဝိပ္ပကတေ၊ပြု၍မပြီးမီ၊ပက္ကမတိ၊ဖဲသွားအံ့။ သံဃာသည်၊သံဃာအား။မဟာယိ၊ မယုတ်ပါစေလင့်။ ဉာတိမနုသိကတွာ၊ ဤသို့နှလုံးသွင်း၍။ အညသည်၊ တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ပေးအပ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဉာပေနု၊ ဤသာသနာတော်၌၊ ဘိက္ခု၊ရဟန်းသည်။ နဝကမ္မံ၊အမှုသစ်ကို။ဂဟေတွာ၊ ယူ၍။ ဝိပကတေ၊ ပြု၍မပြီးမီ၊ ဝိဗ္ဘမတိ၊ လူထွက်အံ့။(ပ)။ ဥဘတောဗျဉ္ဇန ကောတိ၊ဥဘတောဗျည်းဟူ၍။ပဋိဇာနာတိ၊ဝန်ခံအံ့။သံဃာသည်၊သံဃာအား။ မဟာယိ၊ မယုတ်ပါစေလင့်။ ဉာတိမနုသိကတွာ၊ ဤသို့နှလုံးသွင်း၍။ အညသည်၊ တပါးသောသူအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဉာပေနု၊ ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ယူ၍။ပရိယောသိတေ၊ပြီးဆုံးသည်ရှိသော်။ ပက္ကမတိ၊ဖဲသွားအံ့။ ဧတံ၊ဤဝတ္ထုသည်။ တဿေဝ၊ ထိုရဟန်းအားသာလျှင်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဉာပေနု၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ နဝကမ္မံ၊အမှုသစ်ကို။ဂဟေတွာ၊ယူ၍။ပရိယောသိတေ၊ပြီးပြီးသည်ရှိသော်။ ဝိဗ္ဘမတိ၊လူထွက်အံ့။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြုအံ့။ သာမဏေ ရောတိ၊ သာမဏေဟူ၍။ ပဋိဇာနာတိ၊ဝန်ခံအံ့။ သိက္ခာပစ္စက္ခာတကောတိ၊ သိက္ခာချသောသူဟူ၍။ ပဋိဇာနာတိ၊ဝန်ခံအံ့။ အန္တိမဝတ္ထုံ၊ ပါရာဇိကအာ ပတ်သို့။ အဇ္ဈာပန္နကောတိ၊ ရောက်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ သံဃော၊သံဃာသည်။သာမိ၊အစိုးရ၏။ဘိက္ခဝေ၊ရဟန်းတို့။ဉာပေနု၊ဤသာ သနာတော်၌။ ဘိက္ခု၊ရဟန်းသည်။နဝကမ္မံ၊အမှုသစ်ကို။ ဂဟေတွာ၊ယူ၍။

ပရိယောသိတေ၊ ပြီးပြီးသည်ရှိသော်။ ဥမ္မတ္တကောတိ၊ ရူးသောရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ခိတ္တစိတ္တောတိ၊ ပျံ့လွင့်သောစိတ်ရှိသောရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ဝေဒနာဋ္ဋောတိ၊ ဝေဒနာနှိပ်စက်အပ်သောရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အာပတ္တိယာ၊ အာပတ်ကို။ အဒဿနေ၊ မရှုခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သော ရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အာပတ္တိယာ၊ အာပတ်ကို။ အပ္ပဋိကမ္မေ၊ မကုစားခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သော ရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ပါပိကာယ၊ ယုတ်မာသော။ ဒိဋ္ဌိယာ၊ အယူကို။ အပ္ပဋိနိဿဂ္ဂေ၊ မစွန့်ခြင်းကြောင့်။ ဥက္ခိတ္တကောတိ၊ နှင်ထုတ်အပ်သောရဟန်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ စေတံ၊ ဤဝတ္ထုသည်။ တဿေဝ၊ ထိုရဟန်းအား သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓပန၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ နဝကမ္မံ၊ အမှုသစ်ကို။ ဂဟေတွာ၊ ယူ၍။ ပရိယောသိတေ၊ ပြီးပြီးသည်ရှိသော်။ ပဏ္ဍကောတိ၊ ပဏ္ဍုက်ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ထေယျသံဝါသကောတိ၊ ထေယျသံဝါသကဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ တိတ္ထိယပက္ကန္တကောတိ၊ တိတ္ထိဘောင်သို့ ပြေးဝင်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ တိရစ္ဆာနဂတောတိ၊ တိရစ္ဆာန်ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ မာတုဃာတကောတိ၊ အမိကိုသတ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ပိတုဃာတကောတိ၊ အဖကိုသတ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ အရဟန္တဃာတကောတိ၊ ရဟန္တာကိုသတ်သောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ ဘိက္ခုနီဒူသကောတိ၊ ရဟန်းမိန်းမကို ဖျက်ဆီးသောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ သံဃဘေဒကောတိ၊ သံဃာကို သင်းခွဲသောသူဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ လောဟိတုပ္ပါဒကောတိ၊ ဘုရားကိုသွေးစိမ်းတည်အောင် ပြုသောသူဟူ၍။ ပဋိဇာနာတိ ဝန်ခံအံ့။ ဥဘတောဗျဉ္ဇနကောတိ၊ ဥဘတောဗျည်းဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံအံ့။ သံဃဿ၊ သံဃာသည်၊ သာမိ၊ အပိုင်ရှင်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။

တေနခေါပနသမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ အညတရဿ၊ မထင်ရှားသော။ ဥပါသကဿ၊ ဥပါသကာ၏။ ‘ဝိဟာရပရိဘောဂံ၊ ’ကျောင်းအသုံးအဆောင်ဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာကို။ အညတြ၊ တပါးသောအရပ်၌။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။ အထခေါ၊ ထိုအခါ၌။ သော ဥပါသကော၊ ထိုဥပါသကာသည်။ ကထံဟိ၊ အဘယ်ကြောင့် သာလျှင်။ ဘဒန္တာ၊ အရှင်ကောင်း တို့သည်။ အညတြ၊ တပါးသော အရပ်၌။ ပရိဘောဂံ၊ အသုံးအဆောင်ကို။ အညတြ၊ တပါးသောအရပ်၌။ ပရိဘုဉ္ဇိဿန္တိ

နာမ၊သုံးဆောင်ကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ဥဇ္ဈာယတိ၊ကဲ့ရဲ့၏။ ခီယျတိ၊ ရှုတ်ချ၏။ ဝိပါစေတိ၊ ဖရိုဖရဲကြဲသောစကားကိုဆို၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့။အညတြ၊ တပါးသောအရပ်၌။ ပရိဘောဂေ၊ အသုံးအဆောင်ကို။ အညတြ၊ တပါးသော အရပ်၌။ နပရိ ဘုဉ္ဇိတဗ္ဗော၊ မသုံးဆောင်အပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ တဿဘိက္ခုနော၊ထိုရဟန်းအား။ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌။ဘိက္ခူ၊ရဟန်းတို့သည်။ဥပေါသထဂ္ဂံပိ၊ ဥပုသ်ပြုရာအရပ်သို့လည်းကောင်း။ သန္နိသဇ္ဇံပိ၊ စည်းဝေးရာအရပ်သို့လည်းကောင်း။ပရိဟရိတုံ၊ဆောင်ခြင်းငှါ။ကုက္ကုစ္စာယန္တာ၊အလို့လို့ရှိကုန်သည်ဖြစ်၍။ဆမာယ၊မြေ၌။နိသီဒန္တိ၊ ထိုင်နေကုန်၏။ဂတ္တာနိပိ၊ ကိုယ်တို့သည်လည်းကောင်း။ စီဝရာနိပိ၊ သင်္ကန်းတို့သည်လည်းကောင်း။ ပံသုကိတာနိ၊မြေမှုန့်အလိမ်းလိမ်းကပ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊ရဟန်းတို့။ တာဝကာလိကံ၊ အခိုက်အတန့်။ ဟရိတုံ၊ ဆောင်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ ဤသို့။အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။သံဃဿ၊သံဃာ၏။မဟာဝိဟာရော၊ကျောင်းကြီးသည်။ဥန္ဒြိယတိ၊ပြို၏။ဘိက္ခူ၊ ရဟန်းတို့သည်။ကုက္ကုစ္စာယန္တာ၊ အလို့လို့ရှိကုန်သည်ဖြစ်၍။ သေနာသနံ၊ အိပ်ရာနေရာကို။ နာဘိဟရန္တိ၊ မဆောင်ကုန်။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကုန်၏။“ဘိက္ခဝေ၊ရဟန်းတို့။ဂုတ္တတ္ထာယ၊လုံခြုံခြင်းအကျိုးငှါ။ဟရိတုံ၊ ဆောင်စိမ့်သောငှါ၊ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌၊ သံဃဿ၊သံဃာအား။သေနာသနပရိက္ခာရိကော၊ကျောင်းအသုံးအဆောင် ပရိက္ခရာဖြစ်သော။ မဟဂ္ဃော၊ အဘိုးများ ထိုက်သော။ ကမ္ဗလော၊ ကမ္ဗလာသည်။ဥပ္ပန္နော၊ဖြစ်သည်။ ဟောတိ၊ဖြစ်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ဖာတိကမ္မတ္ထာယ၊ပွားစီးခြင်းအမှုအကျိုးငှါ။ပရိဝတ္တေတုံ၊လဲလှယ်စိမ့်သောငှါ၊အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။

http://www.dhammadownload.com



”
အာမန္တေသိ၊မိန့်တော်မူ၏၊ ။တေနခေါ်ပနသမယေန၊ထိုအခါ၌။သံဃာသဿ၊
သံဃာအား။သေနာသနပရိက္ခာရံ၊ကျောင်းအသုံးအဆောင်းပရိက္ခာရာဖြစ်
သော။မဟာဠ္ဍ၊အတိုးများထိုက်သော။ ဒုဿံ၊ပုဆိုးသည်။ ဥပ္ပန္နံ၊ဖြစ်သည်။
ဟောတိ၊ဖြစ်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်း
ကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။“ဘိက္ခဝေ၊ရဟန်းတို့။ ဖာတိကမ္မတ္ထာ
ယ၊ပွားစီးခြင်းအမှုအကျိုးငှါ။ပရိဝတ္တေတုံ၊လဲလှယ်စိမ့်သောငှါ။အနုဇာနာ
မိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။
တေနခေါ်ပနသမယေန၊ထိုအခါ၌။ သံဃာသဿ၊သံဃာအား။ အဇ္ဇစမ္မံ၊ ဝံရေ
သည်။ဥပ္ပန္နံ၊ဖြစ်သည်။ဟောတိ၊ဖြစ်၏။(ပ)“ဘိက္ခဝေ၊ရဟန်းတို့။ပါဒပုဉ္ဆနိံ၊
ခြေသုတ်ကို။ကာတုံ၊ပြုစိမ့်သောငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။
ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ ထိုအ
ခါ၌။ သံဃာသဿ၊ သံဃာအား။ စက္ကလိကံ၊ ခြေသုတ်ကြိုးဝန်းသည်။ ဥပ္ပန္နံ၊
ဖြစ်သည်။ဟောတိ၊ဖြစ်၏။“ဘိက္ခဝေ၊ရဟန်းတို့။ ပါဒပုဉ္ဆနိံ၊ ခြေသုတ်ကို။
ကာတုံ၊ပြုစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။
အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ထိုအခါ၌။သံဃာသဿ၊
သံဃာအား။စောဠကံ၊ပုဆိုးကြမ်းသည်။ ဥပ္ပန္နံ၊ဖြစ်သည်။ ဟောတိ၊ဖြစ်၏။
“ဘိက္ခဝေ၊ရဟန်းတို့။ပါဒပုဉ္ဆနိံ၊ခြေသုတ်ကို။ ကာတုံ၊ပြုစိမ့်သောငှါ။ အနုဇာ
နာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။
တေနခေါ်ပနသမယေန၊ ထိုအခါ၌။ဘိက္ခူ၊ ရဟန်းတို့သည်။ အဓောတေဟိ၊
မဆေးကုန်သော။ပါဒေဟိ၊ခြေတို့ဖြင့်။ သေနာသနံ၊အိပ်ရာနေရာကို။ အက္က
မန္တိ၊နင်းကုန်၏။သေနာသနံ၊အိပ်ရာနေရာသည်။ဒုဿတိ၊ပျက်စီး၏။ဘဂဝ
တော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။ အာရောစေသုံ၊ကြား
လျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ အဓောတေဟိ၊ မဆေးအပ်ကုန်သေး
သော။ပါဒေဟိ၊ ခြေတို့ဖြင့်။ သေနာသနံ၊ အိပ်ရာနေရာကို။ နအက္ကမိတဗ္ဗံ၊
မနင်းအပ်။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ အက္ကမေယျ၊ နင်းငြားအံ့။
တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ
အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊
မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့
သည်။အလ္လေဟိ၊စိုစွတ်ကုန်သော။ပါဒေဟိ၊ခြေးတို့ဖြင့်။သေနာသနံ၊ အိပ်ရာ
နေရာကို။အက္ကမန္တိ၊နင်းကုန်၏။သေနာသနံ၊အိပ်ရာနေရာသည်။ ဒုဿတိ၊
ပျက်စီး၏။ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။

အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အလ္လေဟိ၊ စိုစွတ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ သေနာသနံ၊ အိပ်ရာနေရာကို။ နအက္ကမိတဗ္ဗံ၊ မနင်းအပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ အက္ကမေယျ၊ နင်းငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သဉပါဟနေန၊ ဘိနပ်နှင့်တကွ။ သေနာသနံ၊ အိပ်ရာနေရာကို။ အက္ကမန္တိ၊ နင်းကုန်၏။ သေနာသနံ၊ အိပ်ရာနေရာသည်။ ဒုဿတိ၊ ပျက်စီး၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဉပပါဟနေန၊ ဘိနပ်နှင့်တကွသောရဟန်းသည်။ သေနာသနံ၊ အိပ်ရာနေရာကို။ နအက္ကမိတဗ္ဗံ၊ မနင်းအပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ အက္ကမေယျ၊ နင်းငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပရိကမ္မကတာယ။ အပြေအပြစ်ပြုအပ်သော။ ဘူမိယာ၊ မြေ၌။ နိုဋ္ဌုဟန္တိ၊ တံတွေးထွေးကုန်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဒုဿတိ၊ ပျက်ခဲ့၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပရိကမ္မကတာယ၊ အပြေအပြစ်ပြုအပ်သော။ ဘူမိယာ၊ မြေ၌။ နနိုဋ္ဌုဟိတဗ္ဗံ၊ တံတွေး မထွေးအပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ နိုဋ္ဌုဟေယျ၊ တံတွေးထွေးငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေဠမလ္လကံ၊ ထွေးခံကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ။တေနခေါ်ပနသမယေန၊ ထိုအခါ၌။ မဉ္စပါဒါပိ၊ ညောင်စောင်းခြေတို့သည်လည်းကောင်း။ ပီဌပါဒါပိ၊ အင်းပျဉ်ခြေတို့သည်လည်းကောင်း။ ပရိကမ္မကတံ၊ အပြေအပြစ်ပြုအပ်သော။ ဘူမိံ၊ မြေကို။ ဝိလိခန္တိ၊ ရေးခြစ်ကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊ ရဟန်းတို့။ စောဠကေန၊ ပုဆိုးကြမ်းဖြင့်။ ပလိဝေဌေတုံ၊ ရစ်ပတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေနခေါ်ပနသမယေန၊ ထိုအခါ၌။

ဘိက္ခူ၊ ရဟန်းတို့သည်။ ပရိကမ္မကတံ၊ အပြေအပြစ်ပြုအပ်သော။ ဘိတ္တိံ၊
နံရံကို။ အပဿေန္တိ၊ မှီကုန်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဒုဿတိ၊ ပျက်စီးခဲ့၏။
ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို၊ အာရော
စေသုံ။ ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊ ရဟန်းတို့။ ပရိကမ္မကတာ၊ အပြေ
အပြစ်ပြုအပ်သော။ ဘိတ္တိ၊ နံရံကို။ နအပဿေတဗ္ဗာ၊ မမှီအပ်။ ယော ဘိက္ခု၊
အကြင်ရဟန်းသည်။ အပဿေယျ၊ မှီငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်း
အား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။
ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အပဿေနဖလကံ၊ မှီရာတကဲပျဉ်ကို။
အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်
မူ၏။” အပဿေနဖလကံ၊ မှီရာတကဲပျဉ်သည်။ ဟေဋ္ဌတော၊ အောက်၌။
ဘူမိံ၊ မြေကို။ ဝိလိခတိ၊ ရေးခြစ်၏။ ဥပရိတော၊ အထက်၌။ ဘိတ္တိံ၊ နံရံကို။ ဝိလိ
ခတိ၊ ရေးခြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။
အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊ ရဟန်းတို့။ ဟေဋ္ဌတောစ၊
အောက်၌လည်းကောင်း။ ဥပရိတောစ၊ အထက်၌လည်းကောင်း။ စောဠ
ကေန၊ ပုဆိုးကြမ်းဖြင့်။ ပလိဝေဌေတုံ၊ ရစ်ပတ်စိမ့်သောငှါ။ အနုဇာနာမိ၊
ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေန
ခေါ ပန သမယေန၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓောတပါဒကာ၊
ဆေးအပ်ပြီးသောခြေရှိကုန်သည်ဖြစ်၍။ နိပဇ္ဇိတုံ၊ လျောင်းခြင်းငှါ။ ကုက္ကုစ္စာ
ယန္တိ၊ အလိုလို ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊
ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက် ကုန်၏။ “ဘိက္ခဝေ၊
ရဟန်းတို့။ ပစ္စတ္ထရိတွာ၊ အိပ်ရာခင်းခင်း၍။ နိပဇ္ဇိတုံ၊ လျောင်းစိမ့်သောငှါ။
အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ
၏။” အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဠဝိယံ၊ အာဠဝီပြည်
၌။ ယထာဘိရန္တံ၊ အလိုတော်အလျောက်။ ဝိဟရိတွာ၊ နေတော်မူပြီး၍။
ယေန၊ အကြင်အရပ်၌။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထို
ရာဇဂြိုဟ်ပြည်ရှိရာအရပ်သို့။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမိ၊ ဖဲကြွတော်မူ၏။
အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ လှည့်လည်
တော်မူသည်ရှိသော်။ ယေန၊ အကြင်အရပ်၌။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်
အတ္ထိ၊ ရှိ၏။ တံ၊ ထိုရာဇဂြိုဟ်ပြည်သို့။ အဝသရိ၊ ရောက်တော်မူ၏။ ဘဂဝါ
မြတ်စွာဘုရားသည်။ တတြ ရာဇဂဟေ၊ ထိုရာဇဂြိုဟ်ပြည်၌။ ကလန္ဒကနိ
ဝါပေ၊ ရှဉ့်နက်တို့အား အစာပေး၍ ကျွေးမွေးရာ ဖြစ်သော။ ဝေဠုဝနေ၊

ဝေဠုဝန်ကျောင်းတော်၌။ ဝိဟာရတိ၊ နေတော်မူ၏။ တေနခေါပနသမယေန၊ ထိုအခါ၌။ ရာဇဂဟာံ၊ ရာဇဂြိုဟ်ပြည်သည်။ ဒုဗ္ဘိက္ခံ၊ ငတ်သည်။ ဟောတိ၊ ဖြစ်၏။ မနုဿာ၊ လူတို့သည်။ သံဃဘတ္တံ၊ သံဃာဘတ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဥဒ္ဒေသဘတ္တံ၊ သံဃာမှရည်ညွှန်း၍လှူအပ်သောဆွမ်းကို လည်းကောင်း။ နိမန္တနံ၊ ပင့်ဖိတ်၍လှူအပ် သောဆွမ်းကို လည်းကောင်း။ သလာကဘတ္တံ၊ စားရေတံချ၍လှူအပ်သောဆွမ်းကိုလည်း ကောင်း။ ပက္ခိကံ၊ လဆန်းပက္ခလဆုတ်ပက္ခ၌ လှူအပ်သောဆွမ်းကိုလည်း ကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူအပ်သောဆွမ်းကို လည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌လှူအပ်သောဆွမ်းကိုလည်းကောင်း။ ကာတုံ၊ ပြုခြင်းငှါ။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ သံဃဘတ္တံ၊ သံဃာအားလှူသောဆွမ်း ကိုလည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာမှရည်ညွှန်း၍လှူအပ်သောဆွမ်းကိုလည်းကောင်း။ နိမန္တနံ၊ ပင့်ဖိတ် ၍လှူအပ်သောဆွမ်းကိုလည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံချ၍ လှူ အပ်သောဆွမ်းကိုလည်းကောင်း။ ပက္ခိကံ၊ လဆန်းပက္ခလဆုတ်ပက္ခ၌လှူ အပ်သောဆွမ်းကို လည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌လှူအပ်သော ဆွမ်းကိုလည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌လှူအပ်သောဆွမ်း ကိုလည်းကောင်း။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။" ။ တေနခေါပနသမယေန၊ ထိုအခါ၌။ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝရဘတ္တာနိ၊ မြတ်သောဆွမ်းတို့ကို။ ဂဟေတွာ၊ ယူကုန်၍။ လာမကာနိ၊ ယုတ်ကုန်သော။ ဘတ္တာနိ၊ ဆွမ်းတို့ကို။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒေန္တိ၊ ပေးကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတ မတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ "ဘိက္ခဝေ၊ ရဟန်းတို့၊ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဆန္ဒာဂတိံ၊ ချစ်သဖြင့်မလား အပ်သည်သို့။ နဂစ္ဆေယျ၊ မလားရာ။ ဒေါသာဂတိံ၊ မုန်းသဖြင့်မလားအပ် သည်သို့။ နဂစ္ဆေယျ၊ မလားရာ။ မောဟာဂတိံ၊ တွေဝေသဖြင့်မလားအပ် သည်သို့။ နဂစ္ဆေယျ၊ မလားရာ။ ဘယာဂတိံ၊ ကြောက်သဖြင့် မလားအပ် သည်သို့။ နဂစ္ဆေယျ၊ မလားရာ။ ဥဒ္ဒိဋ္ဌာနုဒ္ဒိဋ္ဌဉ္စ၊ ညွှန်းအပ်ပြီးသည်မညွှန်းအပ် သေးသည်ကိုလည်း။ ဇာနေယျ၊ သိရာ၏။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ တံဘိက္ခုံ၊ ထိုရဟန်းကို။

http://www.dhammadownload.com



ဘတ္တုဒ္ဒေသကာံ၊ ဆွမ်းညွှန်းတတ်သောရဟန်းဟူ၍။ သမ္မန္နိတုံ၊ သမုတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ရဟန်းတို့။ဧဝဥ္စ ပန၊ ဤသို့သျှင်။သမ္မန္နိတဗ္ဗော၊သမုတ်အပ်၏။ ကိံ သမ္မန္နိတဗ္ဗော၊အဘယ်သို့ သမုတ်အပ်သနည်း။ ပဌမံ၊ ရှေးဦးစွာ။ ဘိက္ခု၊ ရဟန်းကို။ ယာစိတဗ္ဗော၊ တောင်းပန်အပ်၏။ ယာစိတွာ၊ တောင်းပန်ပြီး၍။ ဗျတ္တေန၊ လိမ်မာသော။ ပဋိဗလေန၊စွမ်းနိုင်သော။ ဘိက္ခုနာ၊ရဟန်းသည်။ သံဃော၊သံဃာကို။ဉာပေတဗ္ဗော၊သိစေအပ်၏။ကိံ ဉာပေတဗ္ဗော၊အဘယ်သို့သိစေအပ်သနည်း။ ။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာသည်။ မေ၊အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊နာတော်မူလော။ သံဃဿ၊သံဃာအား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသောကာံသည်။ ယဒိသိယာ၊အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာသည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ဘတ္တုဒ္ဒေသကာံ၊ ဆွမ်းညွှန်းတတ်သောရဟန်းဟူ၍။ သမ္မန္နေယျ၊ သမုတ်ရာ၏။ ဧသာ၊ဤသည်ကား။ ဉတ္တိ၊သိစေခြင်းတည်း။ ။ဘန္တေ၊အရှင်ဘုရားတို့။ သံဃော၊သံဃာသည်။ မေ၊ အကျွန်ုပ်၏။ဝစနံ၊စကားကို။သုဏာတု၊နာတော်မူလော။ သံဃော၊သံဃာသည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ရဟန်းကို။ ဘတ္တုဒ္ဒေသကာံ၊ ဆွမ်းညွှန်းတတ်သော ရဟန်းဟူ၍။ သမ္မန္နတိ၊သမုတ်၏။ ယဿအာယသ္မတော၊ အကြင်အရှင်သည်။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော။ ဘိက္ခုနော၊ ရဟန်းကို။ဘတ္တုဒ္ဒေသကဿ၊ဆွမ်းညွှန်းတတ်သောရဟန်းဟူ၍။သမ္မုတိ၊ သမုတ်ခြင်းကို။ ခမတိ၊ နှစ်သက်အပ်၏။ သော၊ ထိုအရှင်သည်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။အဿ၊ဖြစ်ရာ၏။ ယဿ၊အကြင်အရှင်သည်။နက္ခမတိ၊ မနှစ်သက်အပ်။သော၊ထိုအရှင်သည်။ ဘာသေယျ၊ဆိုရာ၏။ ။သံဃေန၊ သံဃာသည်။ ဣတ္ထန္နာမော၊ဤအမည်ရှိသော။ ဘိက္ခု၊ရဟန်းကို။ဘတ္တုဒ္ဒေသကော၊ ဆွမ်းညွှန်းတတ်သော ရဟန်းဟူ၍။ သမ္မတော၊ သမုတ်အပ်ပြီ။ သံဃဿ၊သံဃာသည်။ ယသ္မာ၊အကြင်ကြောင့်။ ခမတိ၊နှစ်သက်အပ်၏။ တသ္မာ၊ထိုကြောင့်။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊ဤနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ဣတိ၊ဤသို့။ဉာပေတဗ္ဗော၊သိစေအပ်၏။ဣတိ၊ဤသို့၊သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။" ။အထခေါ၊ထိုအခါ၌။ဘတ္တုဒ္ဒေသကာနံ၊ဆွမ်းညွှန်းတတ်ကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့အား။ ကထံ၊ အဘယ်သို့၊ မယာ၊ ငါသည်။ ဘတ္တံ၊ ဆွမ်းကို။ ဥဒ္ဒိသိတဗ္ဗံနုခေါ၊ ညွှန်းအပ်သနည်း။ ဣတိ၊တော်သောပရိ

http://www.dhammadownload.com



ဝိတက္ကော၊ ဤသို့သောအကြံသည်။အပေါဒသိ၊ဖြစ်၏။ ဘဂဝတော၊မြတ်စွာ
ဘုရားအား။ ဧတမတ္တံ၊ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကုန်
၏။ဘိက္ခဝေ၊ ရဟန်းတို့။သလာကာယဝါ၊ ဝါးခြမ်းစိတ်၌လည်းကောင်း။ပဋ္ဋိ
ကာယဝါ၊ ထန်းရွက်စသောအပြား၌ လည်းကောင်း။ ဥပနိဗန္ဓိတွာ၊ ဖွဲ့၍။
ဩဒဟိတွာ၊နှောက်၍။ဥဒ္ဒိသိတုံ၊ညွှန်းစိမ့်သောငှါ။ အနုဇာနာမိ၊ငါဘုရားခွင့်
ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊ မိန့်တော်မူ၏။တေနခေါပနသမယေ
န၊ထိုအခါ၌။သံဃဿ၊သံဃာအား။ သေနာသနပညာပကော၊ ကျောင်းအိပ်
ရာနေရာကို ခင်းတတ်သော ရဟန်းသည်။ နဟောတိ၊ ရှိသည်မဖြစ်။ (ပ)။
ဘဏ္ဍာဂါရိကော၊ ဘဏ္ဍာစိုးရဟန်းသည်။ နဟောတိ၊ ရှိသည်မဖြစ်။(ပ)။
စီဝရပဋိဂ္ဂါဟကော၊ သင်္ကန်းကိုခံ တတ်သော ရဟန်းသည်။ နဟောတိ၊ရှိ
သည်မဖြစ်။(ပ)။ စီဝရဘာဇကော၊ သင်္ကန်းကိုဝေဘန်တတ်သော ရဟန်း
သည်။နဟောတိ၊ ရှိသည်မဖြစ် ။(ပ)။ ယာဂုဘာဇကော၊ ယာဂုကိုဝေဘန်
တတ်သောရဟန်းသည်။နဟောတိ၊ရှိသည်မဖြစ်။(ပ)။ ဖလဘာဇကော၊သစ်
သီးကိုဝေဘန်တတ်သောရဟန်းသည်။ နဟောတိ၊ရှိသည်မဖြစ်။(ပ)။ခဇ္ဇက
ဘာဇကော၊ ခဲဘွယ်ကိုဝေဘန်တတ်သောရဟန်းသည်။နဟောတိ၊ရှိသည်
မဖြစ်။ခဇ္ဇကံ၊ခဲဘွယ်ကို။အဘာဇိယမာနံ၊မဝေဘန်အပ်သည်ရှိသော်။ နဿ
တိ၊ပျောက်ပျက်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ဤအကြောင်း
ကို။အာရောစေသုံ၊ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ယောဘိက္ခု၊
အကြင်ရဟန်းသည်။ဆန္ဒာဂတိံ၊ချစ်သဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊
မလားရာ။ဒေါသာဂတိံ၊ ရန်းသဖြင့်မလားအပ်သည်သို့။ နဂစ္ဆေယျ၊မလား
ရာ။မောဟာဂတိံ၊တွေဝေသဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။
ဘယာဂတိံ၊ကြောက်သဖြင့်မလားအပ်သည်သို့။ နဂစ္ဆေယျ၊မလားရာ။ဘာ
ဇိတာဘာဇိတဉ္စ၊ ဝေဘန်အပ်ပြီးသည် မဝေဘန်အပ် သေးသည်ကိုလည်း။
ဇာနေယျ၊သိရာ၏။ ဣတိ၊ဤသို့။ပဉ္စဟိ၊ ငါးပါးကုန်သော။အင်္ဂေဟိ၊ အင်္ဂါတို့
နှင့်။သမန္နာဂတံ၊ ပြည့်စုံသော။ တံဘိက္ခုံ၊ ထိုရဟန်းကို။ ခဇ္ဇကဘာဇကံ၊
ခဲဘွယ်ကို ဝေဘန်တတ်သောရဟန်းဟူ၍။ သမ္မန္နိတုံ၊သမုတ်စိမ့်သောငှါ။
အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ဘိက္ခဝေ၊ရဟန်းတို့။ဧဝဉ္စပန၊ ဤသို့
လျှင်။သမ္မန္နိတဗ္ဗော၊သမုတ်အပ်၏။ကိံ သမ္မန္နိတဗ္ဗော၊အဘယ်သို့သမုတ်အပ်
သနည်း။ပဌမံ၊ရှေးဦးစွာ။ ဘိက္ခု၊ရဟန်းကို။ယာစိတဗ္ဗော၊ တောင်းပန်အပ်
၏။ယာစိတွာ၊တောင်းပန်ပြီး၍။ ဗျတ္တေန၊လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်
သော။ဘိက္ခုနာ၊ရဟန်းသည်။သံဃော၊သံဃာကို။ဉာပေတဗ္ဗော၊သိစေအပ်

http://www.dhammadownload.com



၏။ကိ ဉာပေတဗ္ဗော၊အဘာယ်သို့သိစေအပ်သနည်း။ ။ဘန္တေ၊အရှင်ဘုရား
တို့။သံ့ဃော၊ သံဃာသည်။မေ၊ အကျွန်ုပ်၏။ဝစနံ၊စကားကို။ သုဏာတု၊နာ
တော်မူလော။သံဃာသာ၊ သံဃာအား။ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိ
သောကာ်သည်။ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ဇေ၀ံသတိ၊ ဤသို့ဖြစ်သည်
ရှိသော်။သံဃော၊သံဃာသည်။ဣတ္ထန္နာမံ၊ဤအမည်ရှိသော။ ဘိက္ခုံ၊ရဟန်း
ကို။ခဏ္ဍကဘာဏကံ၊ ခဲဘွယ်ကိုဝေဘန်တတ်သောရဟန်းဟူ၍။ သမ္မန္နေယျ၊
သမုတ်ရာ၏။ဧသာ၊ဤသည်ကား။ဉတ္တိ၊သိစေခြင်းတည်း။ ။ဘန္တေ၊အရှင်
ဘုရားတို့။သံဃော၊သံဃာသည်။မေ၊အကျွန်ုပ်၏။ ဝစနံ၊ စကားကို။သုဏာ
တု၊နာတော်မူလော။ သံဃော၊သံဃာသည်။ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။
ဘိက္ခုံ၊ရဟန်းကို။ ခဏ္ဍကဘာဏကံ၊ခဲဘွယ်ကိုဝေဘန်တတ်သော ရဟန်းဟူ
၍။သမ္မန္နတိ၊သမုတ်၏။ယဿအာယသ္မတော၊ အကြင်အရှင်သည်။ဣတ္ထန္နာ
မဿ၊ဤအမည်ရှိသော။ဘိက္ခုနော၊ရဟန်းကို။ခဏ္ဍကဘာဏကဿ၊ခဲဘွယ်
ကိုဝေဘန်တတ်သောရဟန်းဟူ၍၊သမ္မုတိ၊သမုတ်ခြင်းကို။ခမတိ၊နှစ်သက်
အပ်၏၊သော၊ထိုအရှင်သည်။တုဏှီ၊ဆိတ်ဆိတ်နေသည်။ အဿ၊ဖြစ်ရာ၏။
ယဿ၊ အကြင်အရှင်သည်။ နက္ခမတိ၊ မနှစ်သက်အပ်။ သော၊ ထိုအရှင်
သည်။ ဘာသေယျ၊ ဆိုရာ၏။ ။သံဃေန၊သံဃာသည်။ ဣတ္ထန္နာမော၊
ဤအမည်ရှိသော။ဘိက္ခု၊ ရဟန်းကို။ခဏ္ဍကဘာဏကော၊ ခဲဘွယ်ကိုဝေဘန်
တတ်သောရဟန်းဟူ၍။ သမ္မတော၊သမုတ်အပ်ပြီ။ သံဃဿ၊သံဃာသည်။
ယသ္မာ၊အကြင်ကြောင့်။ခမတိ၊ နှစ်သက်အပ်၏။တသ္မာ၊ ထိုကြောင့်။တုဏှီ၊
ဆိတ်ဆိတ်နေသည်။ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ဇေ၀ံ၊ဤသို့ဆိတ်ဆိတ်နေသဖြင့်။ဧတံ
ဤနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ ဣတိ၊ ဤသို့။ ဉာပေ
တဗ္ဗော၊သိစေအပ်၏။ ဣတိ၊ဤသို့။သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။" ။တေန
ခေါ ပန သမယေန၊ထိုအခါ၌။သံဃဿ၊ သံဃာအား။ ဘဏ္ဍာဂါရေ၊ဘဏ္ဍာ
အိမ်၌။ အပ္ပမတ္တကော၊ အနည်းငယ်သော။ ပရိက္ခာရော၊ ပရိက္ခရာသည်။
ဥပ္ပန္နော၊ ဖြစ်သည်။ဟောတိ၊ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတ
မတ္ထံ၊ ဤအကြောင်းကို၊ အာရောစေသုံ၊ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊
ရဟန်းတို့။ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဆန္ဒာဂတိံ၊ချစ်သဖြင့်မလား
အပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။ဒေါသာဂတိံ၊မုန်းသဖြင့်မလားအပ်သည်
သို့။နဂစ္ဆေယျ၊မလားရာ။မောဟာဂတိံ၊ တွေဝေသဖြင့်မလားအပ်သည်သို့။
နဂစ္ဆေယျ၊ မလားရာ။ ဘယာဂတိံ၊ ကြောက်သဖြင့် မလားအပ်သည်သို့။
နဂစ္ဆေယျ၊ မလားရာ။ ဝိဿဇ္ဇိတာဝိဿဇ္ဇိတဥ္စ၊ စွန့်အပ်ပြီးသည် မစွန့်အပ်

http://www.dhammadownload.com



သေးသည်ကိုလည်း။ ဇာနေယျ၊ သိရာ၏။ ဣတိ၊ ဤသို့။ ပဥ္စဟိ၊ ငါးပါးကုန်သော။
အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ တံဘိက္ခုံ၊ ထိုရဟန်းကို။
အပ္ပမတ္တကဝိဿဇ္ဇကံ၊ အနည်းငယ်သောပရိက္ခရာကိုစွန့် တတ်သောရဟန်း
ဟူ၍။ သမ္မန္နိတုံ၊ သမုတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။
ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။ ကိံ
သမ္မန္နိတဗ္ဗော၊ အဘယ်သို့သမုတ်အပ်သနည်း။ ပဌမံ၊ ရှေးဦးစွာ။ ဘိက္ခု၊
ရဟန်းကို။ ယာစိတဗ္ဗော၊ တောင်းပန်အပ်၏။ ယာစိတွာ၊ တောင်းပန်ပြီး၍။
ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သံ
ဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့
သိစေအပ်သနည်း။ ။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာသည်။ မေ၊
အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူလော။ သံဃဿ၊ သံဃာ
အား။ ပတ္တကလ္လံ၊ လျော်ပတ်သောအခါရှိသောကာသည်။ ယဒိသိယာ၊ အကယ်
၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာသည်။ ဣတ္ထန္နာ
မံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အပ္ပမတ္တကဝိဿဇ္ဇကံ၊ အနည်းငယ်
သောပရိက္ခရာကို စွန့်တတ်သော ရဟန်းဟူ၍။ သမ္မန္နေယျ၊ သမုတ်ရာ၏။
ဧသာ၊ ဤသည်ကား။ ဉတ္တိ၊ သိစေခြင်းတည်း။ ။ ဘန္တေ၊ အရှင်ဘုရားတို့။
သံဃော၊ သံဃာသည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်
မူပါလော။ သံဃော၊ သံဃာသည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊
ရဟန်းကို။ အပ္ပမတ္တကဝိဿဇ္ဇကံ၊ အနည်းငယ်သောပရိက္ခရာကိုစွန့်တတ်
သောရဟန်းဟူ၍။ သမ္မန္နတိ၊ သမုတ်၏။ ယဿအာယသ္မတော၊ အကြင်အရှင်
သည်။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော။ ဘိက္ခုနော၊ ရဟန်းကို။ အပ္ပမတ္တက
ဝိဿဇ္ဇကဿ၊ အနည်းငယ်သောပရိက္ခရာကို စွန့်တတ်သောရဟန်းဟူ၍။
သမ္မုတိ၊ သမုတ်ခြင်းကို။ ခမတိ၊ နှစ်သက်အပ်၏။ သော၊ ထိုအရှင်သည်။
တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဿ၊ ဖြစ်ရာ၏။ ယဿ၊ အကြင်အရှင်သည်။
နက္ခမတိ၊ မနှစ်သက်အပ်။ သော၊ ထိုအရှင်သည်။ ဘာသေယျ၊ ဆိုရာ၏။ ။
သံဃေန၊ သံဃာသည်။ ဣတ္ထန္နာမော၊ ဤအမည်ရှိသော။ ဘိက္ခု၊ ရဟန်းကို။
အပ္ပမတ္တကဝိဿဇ္ဇကော၊ အနည်းငယ်သော ပရိက္ခရာကို စွန့်တတ်သော
ရဟန်းဟူ၍။ သမ္မတော၊ သမုတ်အပ်ပြီ။ သံဃဿ၊ သံဃာသည်။ ယသ္မာ၊
အကြင်ကြောင့်။ ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တုဏှီ၊ ဆိတ်
ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊
ဤနှစ်သက်သည်၏ အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ ဣတိ၊ ဤသို့။ ဉာပေ

တဗ္ဗော၊သိစေအပ်၏၊ ဣတိ၊ဤသို့။ သမ္မန္နိတဗ္ဗော၊သရုတ်အပ်၏။" "။အပ္ပမတ္တကဝိဿဇ္ဇကေန၊အနည်းငယ်သောပရိက္ခာရာကိုစွန့်တတ်သော၊ သေနာသနဝိက္ခုနာ၊ထိုရဟန်းသည်။ကော၊ တချောင်းသော။ သူစိ၊အပ်ကို။ ဒါတဗ္ဗာ၊ပေးအပ်၏။ သတ္တကံ၊ဓားငယ်ကို။ဒါတဗ္ဗံ၊ပေးအပ်၏။ ဥပါဟနာ၊ဖိနပ်ကို။ဒါတဗ္ဗာ၊ပေးအပ်၏။ကာယဗန္ဓနံ၊ခါးပန်းကြိုးကို။ ဒါတဗ္ဗံ၊ပေးအပ်၏။ အံသဗဒ္ဓကော၊ လွယ်သိုးကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ပရိဿာဝနံ၊ ရေစစ်ကို။ ဒါတဗ္ဗံ၊ပေးအပ်၏။ဓမကရဏော၊ ဓမကရိုဏ်ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ကုသိ၊တလုပ်မြောင်းကြီးကို။ဒါတဗ္ဗာ၊ပေးအပ်၏။ အဍ္ဎကုသိ၊တလုပ်ငယ်အနားပတ်တိုမြောင်းကို။ ဒါတဗ္ဗာ၊ပေးအပ်၏။မဏ္ဍလံ၊ အိမ်ဝန်းအိမ်ကြီးကို။ ဒါတဗ္ဗံ၊ပေးအပ်၏။အဍ္ဎမဏ္ဍလံ၊ထက်ဝက်သောအိမ်ကိုဒါတဗ္ဗံ၊ပေးအပ်၏။ အနုဝါတော၊အသျှားအနားပတ်ကို။ဒါတဗ္ဗော၊ပေးအပ်၏။ ပရိဘဏ္ဍံ၊အနံ့အနားပတ်ကို။ဒါတဗ္ဗံ၊ပေးအပ်၏။ သံဃဿ၊သံဃာအား။သပ္ပိဝါ၊ ထောပတ်သည်လည်းကောင်း။ တေလံဝါ၊ဆီသည်လည်းကောင်း။ မဓုဝါ၊ပျားသည်လည်းကောင်း။ဖာဏိတံဝါ၊ တင်လဲသည်လည်းကောင်း။ သစေဟောတိ၊အကယ်၍ရှိသည်ဖြစ်အံ့။ဇေ၀ံသတိ၊ဤသို့ဖြစ်သည်ရှိသော်။ သကိံ၊တကြိမ်။ ပဋိသာယိတုံ၊လျက်ခြင်းငှါ။ဒါတဗ္ဗံ၊ပေးအပ်၏။ပုနဝိ၊တဘန်လည်း။အတ္ထော၊ အလိုသည်။ သစေဟောတိ၊အကယ်၍ရှိသည်ဖြစ်အံ့။ ဇေ၀ံသတိ၊ ဤသို့ဖြစ်သည်ရှိသော်၊ပုနဝိ၊တဘန်လည်း။ဒါတဗ္ဗံ၊ပေးအပ်၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။" ။တေနခေါပနသမယေန၊ထိုအခါ၌။သံဃဿ၊သံဃာအား၊ သာဋိယ ဂါဟာပကော၊ မိုးရေခံ သင်္ကန်းကို ယူစေတတ်သော ရဟန်းသည်။နဟောတိ၊ရှိသည်မဖြစ်။ပတ္တဂါဟာပကော၊သပိတ်ကိုယူစေတတ်သောရဟန်းသည်။ နဟောတိ၊ရှိသည်မဖြစ်။ အာရာမိကပေသကော၊ အခံစောင့်ကိုစေခိုင်းတတ်သောရဟန်းသည်။နဟောတိ၊ရှိသည်မဖြစ်။သာမဏေရပေသကော၊ သာမဏေကို စေတတ်သောရဟန်းသည်။ နဟောတိ၊ ရှိသည်မဖြစ်။သာမဏေရာ၊သာမဏေတို့သည်။အပေသိယမာနာ၊မစေခိုင်းအပ်ကုန်သည်ရှိသော်။ ကမ္မံ၊အမှုကို။ နကရောန္တိ၊ မပြုကုန်။ ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ ဤအကြောင်းကို။အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ဘိက္ခဝေ၊ရဟန်းတို့။ယော ဘိက္ခု၊ အကြင်ရဟန်းသည်၊ ဆန္ဒာဂတိံ၊ချစ်သဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။ဒေါသာဂတိံ၊မုန်းသဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားအပ်၊မောဟာဂတိံ၊တွေဝေသဖြင့်မလားအပ်သည်သို့။နဂစ္ဆေယျ၊မလားရာ။ ဘယာဂတိံ၊ကြောက်သဖြင့်မလား

အစ်သည်သို့။နဂရွေ့သျှ။မလားရော။ပေသိတာပေသိတဗ္ဗ၊စေခိုင်းအစ်ပြီးသော သာမဏော မစေခိုင်းအစ်သေးသောသာမဏောကို့လည်း။ ဇာနေယျ၊သိယာ ၏၊ဇာတိ၊ ဤသို့။ပဋ္ဌဟိ၊ငါးပါးကုန်သော။ အငေ်ဟိ၊အင်္ဂါတို့နှင့်။သမန္နာဂတံ၊ ပြည့်စုံသော။တံဘိက္ခုံ၊ထိုရဟန်းကို။ သာမဏေရပေသကာံ၊ သာမဏောကို စေခိုင်းတတ်သောရဟန်းဟူ၍။သမ္မန္နိတုံ၊သမုတ်စိမ့်သော၄ါ၊ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝဥ္စပန၊ဤသို့လျှင်။ သမ္မန္နိ တဗ္ဗော၊သမုတ်အစ်၏။ကိံ သမ္မန္နိတဗ္ဗော၊ အဘယ်သို့သမုတ်အစ်သနည်း။ ပဌမံ၊ရှေးဦးစွာ။ဘိက္ခု၊ ရဟန်းကို။ယာစိတဗ္ဗော၊ တောင်းပန်အင်၏။ ယာ စိတ္တွာ၊တောင်းပန်ပြီး၍။ ဗျတ္တေန၊လိမ်မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ရဟန်းသည်။ သံဃော၊သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအင်၏။ ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့သိစေအစ်သနည်း။ ဘန္တေ၊အရှင်ဘုရားတို့။ သံဃော၊သံဃာသည်။မေ၊အကျွန်ုပ်၏။ဝစနံ၊စကားကို။သုဏာတု၊နာတော် မူလော။သံဃဿ၊သံဃာအား။ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသော ကဲသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိ သော်။သံဃော၊ သံဃာသည်။ ဣတ္ထန္နာမံ၊ဤအမည်ရှိသော။ ဘိက္ခုံ၊ရဟန်း ကို။သာမဏေရပေသကံ၊ သာမဏောကို စေခိုင်းတတ်သော ရဟန်းဟူ၍။ သမ္မန္နေယျ၊သမုတ်ရာ၏။ဧသော၊ဤသည်ကား။ ဉတ္တိ၊သိစေခြင်းတည်း။ ။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာသည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊နာတော်မူလော။ သံဃော၊ သံဃာသည်။ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ရဟန်းကို။ သာမဏေရပေသကံ၊သာမဏောကို စေခိုင်းတတ်သောရဟန်းဟူ၍။သမ္မန္နတိ၊သမုတ်၏။ယဿအာယသ္မတော၊ အကြင်အရှင်သည်။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော။ဘိက္ခုနော၊ ရဟန်း ကို။သာမဏေရပေသကဿ၊သာမဏောကိုစေခိုင်းတတ်သောရဟန်းဟူ၍ သမ္မုတိ၊ သမုတ်ခြင်းကို။ ခမတိ၊နှစ်သက်အစ်၏။ သော၊ ထိုအရှင်သည်။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ အဿ၊ဖြစ်ရာ၏။ယဿ၊ အကြင်အရှင်သည်။ နက္ခမတိ၊မနှစ်သက်အစ်။သော၊ထိုအရှင်သည်။ဘာသေယျ၊ဆိုရာ၏။ ။ သံဃေန၊သံဃာသည်။ဣတ္ထန္နာမော၊ ဤအမည်ရှိသော။ ဘိက္ခု၊ရဟန်းကို။ သာမဏေရပေသကော၊သာမဏောကိုစေခိုင်းတတ်သောရဟန်းဟူ၍၊ သမ္မတော၊သမုတ်အစ်ပြီ၊ သံဃဿ၊သံဃာသည်။ ခမတိ၊အကြင်ကြောင့်။ခမ တိ၊နှစ်သက်အစ်၏။ တသ္မာ၊ထိုကြောင့်။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ ဘဝိ တဗ္ဗံ၊ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊ ဤနှစ်သက်သည်၏

အဖြစ်ကို။ ဓာရယာမိ၊မှတ်ရ၏။ ဣတိ၊ဤသို့။ ဥာပေတဗ္ဗော၊ သိစေအပ်၏။ ဣတိ၊ဤသို့။သမ္ဘန္နိတဗ္ဗော၊သမုတ်အပ်၏။" ။တတိယဘာဏဝါရံ၊တတိယဘာဏဝါရသည်။နိဋ္ဌိတံ၊ပြီးခြင်းသို့ရောက်ပြီ။ ။ဆဋ္ဌံ၊ခြောက်ခုမြောက်သော။ သေနာသနက္ခန္ဓကံ၊သေနာသနက္ခန္ဓကသည်။နိဋ္ဌိတံ၊ပြီးခြင်းသို့ရောက်ပြီ။ ။

---

တသ္မိ၊ထိုသေနာသနက္ခန္ဓက၏၊ဥဒ္ဒါနံ၊ဥဒ္ဒါန်းကို။ဝေဒံ၊ဤသို့ဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ကိံ ဝေဒိတဗ္ဗံ၊ အဘယ်သို့ သိအပ်သနည်း။ ဗုဒ္ဓသေဋ္ဌေန၊မြတ်စွာဘုရားသည်။ ဝိဟာရံ၊ ကျောင်းကို။ တဒါ၊ ထိုအခါ၌။အပညတ္တံ၊ ပညတ်တော်မမူအပ်သေးသည်။ အဟု၊ ဖြစ်ပြီ။တဟံ တဟံ၊ထိုထိုအရပ်၌။ ဝိဟာရန္တိ၊ နေကုန်၏။ တေဇိနသာဝကာ၊ ထိုမြတ်စွာဘုရားတပည့် သားတော်တို့သည်။တမှာဝါသာ၊ထိုထိုနေရာမှ။ နိက္ခမန္တိ၊ ထွက်ကုန်၏။ ။သေဋ္ဌိဂဟပတိ၊သူဌေးကြီးသည်။ဒိသွာ၊မြင်၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကာရာပေယျ၊ ပြုစေအံ့။ ဝသေယျာထ၊ နေတော်မူကုန်အံ့လော၊ဣတိ၊ဝစနံ၊ ဤစကားကို။အဖြုဝိ၊ဆိုပြီ။ နာယကံ၊မြတ်စွာဘုရားကို။ပဋိပုစ္ဆိံသု၊မေးလျှောက်ကုန်ပြီ။ ။ဝိဟာရဍ္ဎ၊နှစ်ဘက်စောင်းမိုးသောကျောင်းကိုလည်းကောင်း။အဍ္ဎယောဂ၊တဘက်စောင်းမိုးသောကျောင်းကိုလည်းကောင်း။ပါသာဒ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း။ဟမ္မိယ၊ပြာသာဒ်ဦးပြည်းကိုလည်းကောင်း။ ဂုဟံ၊ဂူလိုဏ်ကိုလည်းကောင်း။ ဣတိ၊ဤသို့။ ပဉ္စလေဏံ၊ငါးပါးသောပုန်းအောင်းရာကျောင်းကို။အနုညာသိ၊ခွင့်ပြုတော်မူပြီ။ သေဋ္ဌိ၊သူဌေးကြီးသည်။ ဝိဟာရေ၊ကျောင်းတို့ကို။ ကာရယိ၊ပြုစေပြီ။ ။ဇနော၊လူများအပေါင်းသည်။အကဝါဋံ၊တံခါးရွက်မရှိထသော။အသံဝုတံ၊အပိတ်မရှိထသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရေသိ၊ ပြုစေ၏။ ကဝါဋံ၊တံခါးရွက်ကိုလည်းကောင်း။ပိဋ္ဌသံဃာဋံ၊ တံခါးပေါင်ကိုလည်းကောင်း။ ဥဒုက္ခလ၊ အောက်ဆုံယပ်ပရစ်တွင်းကိုလည်းကောင်း။ ဥတ္တရ၊ အံထက်ထက်ကောက်ကွင်းကိုလည်းကောင်း။ ။အဂ္ဂဠဝဋ္ဋိ၊ ငင်စရာအပေါက်ကိုလည်းကောင်း။ရဇ္ဇုံ၊ငင်စရာကြိုးကိုလည်းကောင်း။ဝဋ္ဋ၊မင်းတုတ်တိုင်ကိုလည်းကောင်း။ကပိသီသကံ၊ သံကွင်းမျောက်လက်ကိုလည်းကောင်း။ သူစိဃဋိတာလ ဆိဒ္ဒံ၊ ကျည်ယက်ကျည်မ သံကောက် ပေါက်ကိုလည်းကောင်း။ လောဟကဋ္ဌဝိသာဏကံ၊ သံကြေးဖြင့် ပြီးသော သံကောက်၊ သစ်သားဖြင့်ပြီးသောသံကောက်၊သားချိုဖြင့်ပြီးသောသံကောက်ကိုလည်းကောင်း။ ။ယန္တကံ၊ယန္တရားကိုလည်းကောင်း။သူစိကဃဋ္ဋ၊ကျည်ယက်

http://www.dhammadownload.com



ကိုလည်းကောင်း။ဩဒနံ၊အမိုးကိုလည်းကောင်း။ ဥလ္လိတ္တာဝလိတ္တံ၊အတွင်း
လိမ်းကျံခြင်း အပလိမ်းကျံခြင်းကိုလည်းကောင်း။ ဝေဒိကာ၊ပွတ်တိုင်လေ
သာနန်းပြူတင်းကိုလည်းကောင်း။ဇာလသလာကစ္ဆ၊ကွန်ရက်ဖြင့်ပြီးသော
လေသာနန်းပြူတင်း ဝါးခြမ်းစိတ်ဖြင့်ပြီးသော လေသာနန်းပြူတင်းကိုလည်း
ကောင်း။စဏ္ဍလိ၊ ခြေသုတ်ကြိုးဝန်းကိုလည်းကောင်း။သဏ္ဌရေနစ၊မြက်အ
ခင်းကိုလည်းကောင်း။အနုညာသိ၊ခွင့်ပြုတော်မူပြီ။ ။မိဖို၊မြေကျင်လိမ်းကျံ
ခြင်းပိဒလမဠ္ဍူ၊ ကြမ်းခက်သောညောင်စောင်း။သောသာနိကမှသာရဏော၊
သုသာန်၌ဖြစ်သောအခြေ၌ အပေါင်စွပ်သောညောင်စောင်း။ ဗုန္ဒိ၊အင်းပျဉ်
ထုပ်နှင့်လျော်ကိုကပ်၍ပြုသောအင်းပျဉ်။ကုဠီရပါဒ၊ကောက်သောအခြေ
ရှိသောအင်းပျဉ်။အာဟစ္စ'အပေါင်အခြေစွပ်သောအင်းပျဉ်။ အာသန္ဒိ၊လေး
ထောင့်အင်းပျဉ်။ ဥစ္စကော၊မြင့်သောအင်းပျဉ်။ ။သတ္တင်္ဂါ၊ ခုနစ်ပါးသော
အင်္ဂါရှိသောအင်းပျဉ်။ဘဒ္ဒပီဌံ၊ကြမ်းခက်သောအင်းပျဉ်၊ပီဌကေဋ္ဌကပါဒကာံ
ပုဆိုးကြမ်းဖြင့်ပြုအပ်သောအင်းပျဉ်ဆိတ်ခြေကဲ့သို့ အခြေရှိသောအင်းပျဉ်။
အာပဋ္ဋကကေ္ဘာဿ၊ ရှစ်ရှားသီးကဲ့သို့ပွတ်ခံ၍ ခြေအများတပ်သောအခင်း
ပျဉ်ပြားအခင်းကပ်အခင်း။ပလာလပီဌံ၊ကောက်ရိုးအင်းပျဉ်။ ။ဥစ္စာ၊မြင့်
သောအခြေရှိသော ညောင်စောင်း။ အဟိ၊ မြွေခဲသောရဟန်း။ အတိပါဒါ၊
လက်ရှစ်သစ်ထက်လွန်သောညောင်စောင်းခြေခံ။ အဋ္ဌင်္ဂုလိစပါဒကာံ၊လက်
ရှစ်သစ်အတိုင်းအရှည်ရှိသောညောင်စောင်းခြေခံ။သုတ္တံ၊ချည်။အဋ္ဌပဒံ၊ရှစ်
ကွက်ကျား။စောဠံ၊ပုဆိုးကြမ်း။တူလိကာံလဲသွတ်သောအခင်း။အဍ္ဍကာယိကာံ
ထက်ဝက်သောကိုယ်အတိုင်းအရှည်ရှိသောခေါင်းအုံး။ ။ဂိရဂ္ဂေ၊တောင်
ထိပ်ပွဲသဘင်။ ဘိသိရော၊ဘုံလျှို။သေနာသနံ၊ ကျောင်းအသုံးအဆောင်ဖြစ်
သော။ဒုဿံ၊ပုဆိုး။ဩနဒ္ဓ၊မြေးရှက်အပ်၏ဟော၊ဧဋ္ဌာ၊အောက်၌။ပတတိ၊ကျ၏။
ဥပ္ပါဋေတွာ၊ခွါ၍။ ဟာရန္တိ၊ခိုးယူကုန်၏။ ။ဘတ္တိ၊အထူးထူးသောအဆင်း
အရေတို့ဖြင့်ဝေဘန်ခြင်းကိုလည်းကောင်း။ဟတ္ထဘတ္တိ၊ လက်ငါးချောင်း
ဖြင့်အထူးထူးသော အဆင်းအရေတို့ဖြင့် ဝေဘန်ခြင်းကို လည်းကောင်း။
တဿာဂတော၊မြတ်စွာဘုရားသည်။အနုညာသိ၊ခွင့်ပြုတော်မူပြီ။တိဏ္ဍိယာ၊
တိဏ္ဍိကျောင်း။ ဝိဟာရော၊ ရဟန်းတို့ကျောင်း။ ထုသံ၊ ဖွဲနှင့်ရောသောမြေ။
သဏှဒ္ဓမတ္တိကာ၊သိမ်မွေ့သောမြေ။ ။ဇူကာသံ၊ချေးသဒ္ဓေး။ ပါဏိကာံ၊
သစ်မျောက်လက်။ကုဍ္ဍံ၊ဆန်ကွဲနှင့်ရောသောမြေ။သာသပကိဋ္ဌတေလကာံ၊
မုန်ညင်းမှုန့်နှင့် ရောသောမြေတယောင်းဆီ။ ဥဿန္နေ၊များသည်ရှိသော်။
ပစ္စုဒ္ဓရိတုံ၊ တဘန်ထုတ်စိမ့်သော၄ါ။ အနုညာသိ၊ခွင့်ပြုတော်မူပြီ။ ဗရသံ၊

http://www.dhammadownload.com



ကြမ်းတမ်းသောမြေ။ဂဏ္ဍုမတ္တိကံ၊တီကျစ်မြေ။ ။ဇာတ္တာသံ၊ချေးသစ္စေး။ ပဋိဘာဏံ၊ ဆန်းကြယ်သောမိန်းမရုပ်ယောကျ်ားရုပ်စသည်ဖြင့်ရေးသား ခြင်း။နီစာ၊နိမ့်သောအကျည်။စယော၊အကျည်။အာရုဟံ၊တက်သောရဟာန်း။ ပရိပတန္တံ၊ ကျကုန်၏။ အာဠ္ဟကာ၊ ဟင်းလင်းအပြင်။ အဇုကုန္နံ၊ နံရံထက် ဝက်။ပုန၊တဘန်။ တယော၊သုံးပါးသောတိုက်။ ။ချဒ္ဒကေ၊ ငယ်သော ကျောင်း။ ကုန္ဒပါဒေ၊ နံရံခြေသည်။ ဩဝသတိ၊ မိုးယိုးစွတ်ခဲ့၏။ သရံ၊ ကျဉ်ကျဉ်လောင်သောအသံ။ဒိလံ၊နံရံတံသင်း။စိဝရေဝံသံ၊သက်နုံးတန်းဝါး။ ရဇ္ဇုံ၊သက်နုံးတန်းကြိုး။အာဠ္ဟန္တံ၊ကျောင်းဦး။ကိဋိကောန၊ကဲလား။ ။အာလမ္ဗ ဏံ၊လက်ရုံး။တိဏရဇ္ဇုံ၊မြက်မှုန့်။ဟေဋ္ဌာမဉ္စေ၊အောက်၌ဆိုအပ်ခဲ့ပြီးသော အစဥ်၌။ နယံ၊နည်းကို။ကာရေ၊ပြုရာ၏။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ဩဘာပတိ၊နေပူခဲ့၏။ သာလံ၊ရေအိုးစင်။ဟေဋ္ဌာ၊ အောက်၌ဆိုအပ်ပြီးသော အစီရင်။ ဘာဇနံ၊ခွက်။ ။ဝိဟာရေ၊ကျောင်း။ ကောဋ္ဌကော၊တံခါးမုတ်။ ပရိဝေဏဝိသာလကံ၊ ပရိဝုဏ်ဒိတင်းကုပ်။ အာရာမေ၊အရံ။ ပုန၊တဘန်။ ကောဋ္ဌေ၊ တံခါးမုတ်။ ဟေဋ္ဌာဒေဝ၊အောက်၌ဖြစ်သည်သာလျှင်ဖြစ်သော။ နယံ၊နည်းကို။ ကရေ၊ပြုရာ၏။ ။သုဓံ၊အင်္ဂတေမိုးသောပြာသာဒ်။ သဋ္ဌေ၊ သဋ္ဌါတရေးနှင့်ပြည့်ရုံသော။အနာထပိဏ္ဍိ၊အနာထပိဏ်သူဌေးသည်။သိတ ဝနံ၊ရင်းတိုက်တောသို့။အဂါ၊သွားလေ၏။ ဒိဋ္ဌဓမ္မော၊မြင်အပ်ပြီးသောသစ္စာ လေးပါးတရားရှိသော အနာထပိဏ်သူဌေးသည်။ နာယကံ၊မြတ်စွာဘုရား ကို။သံဃေန၊သံဃာနှင့်။ သဟ၊တကွ။ နိမန္တေသိ၊ပင့်ဖိတ်ပြီ။ ။အန္တရာ မဂ္ဂေ၊ခရီးအကြား၌။အာဏာပေသိ၊စေခိုင်းပြီ။ဂဏော၊လူများအပေါင်းသည်။ အာရာမံ၊အရံကို။ ကာရယိ၊ပြုပြီ။ ။ဝေသာလိယံ၊ ဝေသာလီပြည်၌။နဝ ကမ္မံ၊အမှုသစ်။ ပုရေဘာစ၊ရှေး၌လည်း။ပဋိဂ္ဂဟိ၊သိမ်းဆည်းပြီ။ ။ကော၊ အဘယ်သူသည်။ အရဟတိ၊ထိုက်သနည်း။ ဘတ္တဂ္ဂေ၊ ဆွမ်းစားစရပ်၌။ တိတ္တိရံ၊ ခါမင်းဇာတ်။ အဝန္ဒိယံ၊ ရှိမခိုးအပ်သောပုဂ္ဂိုလ်။ ဖဋိဂ္ဂဟိ၊ သိမ်း ဆည်းပြီ။ အန္တရဃရာ၊ရွာတွင်း၌။ တူလော၊လဲဖြင့်ဖြေးပြည့်သောအခင်း။ သာဝတ္ထိံ၊သာဝတ္ထိပြည်သို့။ ဩသရိ၊ရောက်လေ၏။ ။အာရာမံ၊အရံကို။ ပတိဋ္ဌာပေသိ၊ တည်စေပြီ။ ဘတ္တဂ္ဂေ၊ ဆွမ်းစားစရပ်၌။ ကောလာဟလံ၊ အုတ်အုတ်ကျက်ကျက်။ ဂိလာနာ၊နာသောရဟာန်း။ဝရသေယျာ၊မြတ်သော အိပ်ရာနေရာ။ လေသာ၊အမြွက်ထောင်သဖြင့်။ သတ္တရသာ၊သတ္တရသဝဂ္ဂီ ရဟာန်း။ တဟိံ၊ထိုအရပ်။ ။ကေနနုခေါ၊အဘယ်ရဟာန်းသည်သာလျှင်။ ကထံနုခေါ၊ အဘယ်သို့လျှင်။ ဝိဟာရဂ္ဂေန၊ ကျောင်းအပိုင်း အခြားဖြင့်။

http://www.dhammadownload.com



ဘာဇယိ၊ဝေဘန်ပြီ။ ပရိဝေဏံ၊ပရိဝုဏ်။ အနုဘာဂံ၊ အလျောက်ဖြစ်သော အဘို့။ အကာမာ၊အလိုမရှိသည်ရှိသော်။ ဘာဂံ၊အဘို့ကို။ နော ဒေဒေ၊ မပေးရာ။ ။နိသီမံ၊သိမ်ပ။သဗ္ဗကာလံ၊အခါခပ်သိမ်း။ သေနာသနံ၊ကျောင်းကို။ တသော၊သုံးပါးကုန်သော။ ဂါဟာ၊ခံစေခြင်းတို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ ဥပနန္ဒော၊ဥပနန္ဒရဟန်း၊ဝဇ္ဈေသိ ဖြီးမွမ်းပြီ၊ဗွတကာ။ ရပ်ကုန်သောရဟန်း။ သမာနာသနာ၊တူသောနေရာရှိသောရဟန်း။ သမာနာသနိကာ၊တူသောနေရာရှိသောရဟန်းတို့သည်၊ ဘိန္ဒိသု၊ဖျက်ဆီးကုန်ပြီ။ တိဝဂ္ဂါ၊သုံးယောက်အစုရှိသောရဟန်းတို့သည်၊ ဘိန္ဒိသု၊ဖျက်ဆီးကုန်ပြီ။ဒုဝဂ္ဂကံ၊နှစ်ယောက်အစုရှိသောရဟန်း။ အသမာနာသနိကာ၊ မတူသောနေရာရှိသော ရဟန်း။ ဒီဃံ၊ရှည်သောအခင်း။ အာဝိဋ္ဌနံ၊အာဝိဋ္ဌနံနှင့်တကွသောပြာသာဒ်ကို။ ပရိဘုဉ္ဇိတုံ၊သုံးဆောင်ခြင်းငှါ။ အနုညာသိ၊ ခွင့်ပြုတော်မူပြီ။ အယျိကာ၊အဘွားမ၊ အဝိရူဠှေ၊ မနီးမဝေးသောအရပ်၌။ ဘာဇိတံ၊ဝေဘန်အပ်ပြီ။ ကိဋ္ဌာဂိရေ၊ ကိဋ္ဌာဂိရိဇနပုဒ်၌။ အာဝဋ္ဋိ၊ အာဝဋ္ဋိပြည်သား ရဟန်း။ ပိဏ္ဍာကကုဋ္ဋိယံ၊ မကန်းကွက်ဖြစ်ခြင်း နံရံလိမ်းကျံခြင်း။ ဒွါရဗာဟဝင္ကကာ၊ တံခါးကိုထားခြင်းမင်းတုပ်တိုင်ကိုထားခြင်း။ ။အာလောကသေတကာဠုမ္ဗု၊ လေသာနန်းပြူဘင်းကို ပြုကာမျှပြုသောအဆင်းဖြင့် လိမ်းကျံခြင်း မည်းနက်သောအဆင်းဖြင့်လိမ်းကျံခြင်း။ ဂေရုဆဒနဗန္ဓနာ၊ ငွေ့သင်္ဘောဖြင့်အပြေအပြစ်ပြုခြင်းမိုးခြင်းဖွဲ့ခြင်း။ ဘဏ္ဍိခဏ္ဍပရိဘဏ္ဍံ၊ ခိုနန်းထားခြင်းကျိုးသည်ကို ပြုပြင်စီရင်ခြင်း ချွေးချေးဖန်ရည်ဖြင့် အပြေအပြစ်ပြုခြင်း။ ဝိဿံ၊ အနှစ်နှစ်ဆယ်တိုင်တိုင်။တိံသံ၊အနှစ်သုံးဆယ်တိုင်တိုင်။ ကာလိကာ၊မီးခိုးစဲသည်ကာလတိုင်အောင်ပေးခြင်း။ဩသိတေ၊ဆုံးသည်ရှိသော်။အကတံ၊မပြုအပ်သော။သဗ္ဗံ၊ အလုံးစုံသောကျောင်း။ ခုဒ္ဒေ၊ ငယ်သော ကျောင်း၌။ ဆပဉ္စဝသိကံ၊ ခြောက်နှစ် ငါးနှစ်တိုင်တိုင်။ အဍ္ဍယောဂေ၊ တဘက်စောင်းမိုးသောကျောင်း၌။ သတ္တဋ္ဌ၊ ခုနစ်နှစ်ရှစ်နှစ်တိုင်တိုင်။မဟလ္လကေ၊ကြီးသောကျောင်း၌။ဒသဒွါဒသ၊ ဆယ်နှစ်ဆဲ့နှစ်နှစ်တိုင်တိုင်။သဗ္ဗံ၊ အလုံးစုံသော။ ဝိဟာရံ၊ကျောင်းကို။ဧကဿ၊တယောက်သောရဟန်းအား။ ဒေန္တိ၊ လှူကုန်၏။အဍ္ဍံ၊တပါးသောရဟန်းကို။ဝါသေန္တိ၊နေစေကုန်၏။သံဃိကံ၊ သံဃိကကျောင်း။ နိဿီမံ၊ သိမ်ပ။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပက္ကမိ၊ ဖဲသွားပြီ။ ဝိဗ္ဘမန္တိ စ၊ လူလည်းထွက်ကုန်၏။ ။ကာလံ၊သေ၏။သာမဏေရံ၊ သာမဏော။ သိက္ခာပစ္စက္ခာအန္တိမံ၊သိက္ခာချသောရဟန်းအန္တိမဝတ္ထုသို့ရောက်သောရဟန်း။ ဥမ္မတ္တ ခိတ္တစိတ္တာ၊ ရူးသောရဟန်း ပျံ့လွင့်သော စိတ်ရှိသော

http://www.dhammadownload.com



ရဟန်း။ ဝေဒနာ၊ ဝေဒနာနှိပ်စက်သောရဟန်း။ အာပတ္တိဒဿနာ၊ အာပတ်ကိုမရှုသောရဟန်း။ အပ္ပဋိကမ္မဒိဋ္ဌိယာ၊ အာပတ်ကိုမကုစားသော ရဟန်း။ အယူကိုမစွန့်သောရဟန်း။ ပဏ္ဍကာ၊ ပဏ္ဍုက်။ ထေယျတိတ္ထိယာ၊ ထေယျသံဝါသကတိတ္ထိသပက္ကန္တကာ။ တိရစ္ဆာနမာတုပိတုအရဟန္တာ၊ တိရစ္ဆာန်မာတုဃာတက ပိတုဃာတက အရဟန္တဃာတက။ နူသကာ၊ ဘိက္ခုနီနူသကာ။ ။ဘေဒကာ၊ သံဃဘေဒက။ လောဟိတုပ္ပါဒါ၊ လောဟိတုပ္ပါဒက။ ဥဘတောဗျဉ္ဇနကာ၊ ဥဘတောဗျည်း။ သံဃသာ၊ သံဃာအား။ မာပရိဘာသိ၊ မဆဲမရေးပါစေလင့်။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ကမ္ဗုံ၊ ကံကို။ အညသာ၊ တပါးသောရဟန်းအား။ ဒါတဝေ၊ ပေးခြင်းငှါ။ အနုညာသိ၊ ခွင့်ပြုတော်မူပြီ။ ဝိဇ္ဇကာတော၊ ပြု၍မပြီးမီ။ အညသာ၊ တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ကာတော၊ ပြုအပ်သည်ရှိသော်။ တသောဝ၊ ထိုရဟန်းအားသာလျှင်။ ပက္ကမေယျ သွား၏။ ဝိဗ္ဘမတိ၊ လူထွက်၏။ ကာလံကတော၊ သေ၏။ သာမဏေရော၊ သာမဏေသည်။ ဇာယတိ၊ ဖြစ်၏။ ။သိက္ခာယ၊ သိက္ခာကို။ ပစ္စက္ခာတော၊ ချ၏။ အန္တိမာ၊ အန္တိမ ဝတ္ထုသို့ ရောက်၏။ ပဏ္ဍုကော၊ ပဏ္ဍုက်သည်။ ယဒိသိယာ၊ အကယ်၍ဖြစ်အံ့။ သံဃော၊ သံဃာသည်။ သာမိကော၊ အစိုးရသည်။ ဟောတိ၊ ဖြစ်၏။ ဥမ္မတ္တကခိတ္တစိတ္တဝေဒနာ၊ ရူးသောရဟန်း ပျံ့လွင့်သောစိတ်ရှိသောရဟန်းဝေဒနာနှိပ်စက်သောရဟန်း။ ။ အဒဿနာ၊ အာပတ်ကိုမရှုခြင်း။ အပ္ပဋိကမ္မေ၊ အာပတ်ကိုမကုစားခြင်း။ ဒိဋ္ဌိ၊ မိစ္ဆာ အယူကိုမစွန့်ခြင်း။ တံ၊ ထိုကျောင်းသည်။ တသောဝ၊ ထိုရဟန်းအားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဏ္ဍကော၊ ပဏ္ဍုက်။ ထေယျတိတ္ထိ၊ ထေယျသံဝါသကတိတ္ထိသပက္ကန္တကာ။ တိရစ္ဆာနမာတုပေတ္တိကာံ၊ တိရစ္ဆာန်မာတုဃာတကပိတုဃာတက။ ဃာတကော၊ အရဟန္တ ဃာတက။ နူသကော၊ ဘိက္ခုနီနူသက။ ဘေဒလောဟိတဗျဉ္ဇနာ၊ သံဃဘေဒက လောဟိတုပ္ပါဒက ဥဘတောဗျည်းဟူ၍။ သော၊ ထိုရဟန်းသည်။ ယဒိပဋိဇာနာတိ၊ အကယ်၍ဝန်ခံငြားအံ့။ ဇာနာတိ၊ ဤသို့ဝန်ခံသည်ရှိသော။ သံဃောဝ၊ သံဃာသည်သာလျှင်။ သာမိကော၊ အစိုးရသည်။ ဟောတိ၊ ဖြစ်၏။ ။အညတြ၊ တပါးသောအရပ်သို့။ ဟရန္တိ၊ ဆောင်ကုန်၏။ ကုက္ကုစ္စံ၊ အလိုလိုဖြစ်သောရဟန်း။ ဥဇ္ဈာယတိ၊ ပြုံခဲ့၏။ ကမ္ဗလံ၊ ကမ္ဗလာ။ ဒုဿာ၊ ပုဆိုး။ စမ္မံ၊ ဝံရေ။ စက္ကလိ၊ ခြေသုတ်ကြိုးဝန်း။ စောဠကံ၊ ပုဆိုးကြမ်း။ အက္ကမန္တိ၊ နင်းကုန်၏။ ။အလ္လာ၊ စိုစွတ်သော ခြေ။ ဥပါဟနာ၊ ဘိနပ်စီးသောရဟန်း။ နုဠု၊ တံထွေး ထွေးသောရဟန်း။ လိခန္တိ၊ ရေးခြစ်ကုန်၏။ အပဿေန္တိ၊ မှီကုန်၏။ အပဿေန၊ မှီရာတံကဲဖြင့်။

http://www.dhammadownload.com



လိခတေဝ၊ရေးခြစ်သည်သာလျှင်တည်း။ဓောတပစ္စတ္ထရဏေန၊ ခြေဆေးပြီးသောရဟန်းအိပ်ရာခင်း။ ။ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ လာမကာံ၊ယုတ်သောဆွမ်း။ ဘတ္တဂ္ဂေ္ဂသကာံ၊ ဆွမ်းဆွန်းရဟန်း။ကထိနခေါ၊အဘယ်သို့လျှင်။ပညာပကာံ၊ ခင်းစေရအံ့နည်း။ ဘဏ္ဍာဂါရိကသမ္မုတိ၊ဘဏ္ဍာဂါရိကသမ္မုတိ။ ။ပဋိဂ္ဂါဟာဘာဇကော၊ သင်္ကန်းကို ခံတတ်သောရဟန်း သင်္ကန်းကိုဝေဘန်တတ်သောရဟန်း။ ယာဂုဖလာဘာဇကော၊ ယာဂုကိုဝေဘန်တတ်သောရဟန်း သစ်သီးကိုဝေဘန်တတ်သောရဟန်း။ခဇ္ဇဘာဇကော၊ ခဲဘွယ်ကို ဝေဘန်တတ်သော ရဟန်း။ အပ္ပမတ္တကဝိဿဇ္ဇေ၊အနည်းငယ်သောပရိက္ခရာကိုစွန့်တတ်သောရဟန်း။ ။ သာဋိယဂါဟာပကော။ မိုးရေခံ သင်္ကန်းကို ယူစေတတ်သော ရဟန်း။ တထေဝ၊ ထိုအတူသာလျှင်။ ပတ္တဂါဟာပကော၊ သပိတ်ကိုခံယူစေတတ်သောရဟန်း။ အာရာမိက သာမဏေရ ပေသကဿ၊ အာရာမိက ပေသက သာမဏေရပေသကကို။ သမ္မုတိ၊ သမုတ်ခြင်း။ ။သဗ္ဗာဘိဘူ၊ အလုံးစုံသော ကိလေသာကို နှိပ်စက်တတ်ထသော။ လောကဝိဒူ၊ လောကကိုသိတော်မူတတ်ထသော။ဟိတစိတ္တော၊ အကျိုးစီးပွားကို အလိုရှိသောစိတ်ရှိထသော။ဝိနာယကော၊မြတ်စွာဘုရားသည်။ လေဏတ္ထဉ္စ၊ ပုန်းအောင်းခြင်းအကျိုးငှါလည်းကောင်း။ သုခတ္ထဉ္စ၊ ချမ်းသာခြင်းအကျိုးငှါလည်း ကောင်း။ ဈာယိတုဉ္စ၊ ဈာန်ဝင်စားခြင်း ငှါလည်းကောင်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာရှုခြင်းငှါလည်းကောင်း။ အနုညာသိ၊ခွင့်ပြုတော်မူပြီ။ဇာတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

## သံဃဘေဒကက္ခန္ဓက။

တေနခေါပနသမယေန၊ ထိုအခါ၌။ ဘဂဝါ၊ဘုန်းတော်ကြီးသော။ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနုပိယံနာမ၊ အနုပိယအမည်ရှိသော။ မလ္လာနံ၊မလ္လာမင်းတို့၏။ယောနိဂမော၊အကြင်နိဂုံးသည်။အတ္ထိ၊ရှိ၏။တဿံအနုပိယာယံ၊ ထိုအနုပိယနိဂုံး၌။ဝိဟရတိ၊နေတော်မူ၏။ တေနခေါပနသမယေန၊ထိုအခါ၌။ အဘိညာတာအဘိညာတာ၊ ထင်ရှားထင်ရှား ကုန်သော။ သက္ယကုမာရာ၊သာကီဝင်မင်းသားတို့သည်။ ပဗ္ဗဇိတံ၊ ရဟန်းပြုတော်မူသော။ဘဂဝန္တံ၊မြတ်စွာဘုရားကို။အနုပဗ္ဗဇန္တိ၊အတုလိုက်၍ရဟန်းပြုကုန်၏၊တေနခေါပနသမယေန၊ထိုအခါ၌။မဟာနာမော၊မဟာနာမ်အမည်ရှိသော။

သင်္ကောစ၊သာကီဝင်မင်းသားလည်းကောင်း။အနုရုဒ္ဓေါ၊ အနုရုဒ္ဓါအမည်ရှိသော။သင်္ကောစ၊ သာကီဝင်မင်းသား လည်းကောင်း။ ဣတိ၊ဤသို့။ဧဝံ၊ ၅ စ်ယောက်ကုန်သော။ဘာတုကာ၊ ညီနောင်တို့သည်။ဟောန္တိ၊ရှိသည်ဖြစ်ကုန်၏။အနုရုဒ္ဓေါ၊ အနုရုဒ္ဓါအမည်ရှိသော။သင်္ကော၊ သာကီဝင်မင်းသားသည်။ သုခုမာလော၊ သိမ့်မွေ့နူးညံ့သည်။ဟောတိ၊ဖြစ်၏။တဿ၊ ထိုအနုရုဒ္ဓါမင်းသားအား။ ဟိမ္မိကော၊နွေလ၌ စံနေစရာဖြစ်သော။ ဧကော၊ တခေါင်သော ပြာသာဒ်လည်းကောင်း။ ဝဿိကော၊မိုးလ၌စံနေစရာဖြစ်သော။ဧကော၊ တခေါင်သောပြာသာဒ်လည်းကောင်း။ ဟေမန္တိကော၊ဆောင်းလ၌ စံနေစရာဖြစ်သော။ဧကော၊တခေါင်သောပြာသာဒ်လည်းကောင်း။ဣတိ၊ဤသို့။ တယော၊ သုံးခေါင်ကုန်သော။ ပါသာဒါ၊ ပြာသာဒ်တို့သည်။ ဟောန္တိ၊ရှိသည်ဖြစ်ကုန်၏။ သော၊ထိုအနုရုဒ္ဓါမင်းသားသည်။ ဝဿိကေ၊မိုးလ၌။ စတ္တာရော မာသေ၊ လေးလတို့ပတ်လုံး။ နိပ္ပုရိသေဟိ၊ ယောကျ်ားကင်းကုန်သော။တူရိယေဟိ၊တူရိယာတို့ဖြင့်။ပရိစာရယမာနော၊စံပယ်လျက်။ဟေဋ္ဌာ ပါသာဒံ၊ပြာသာဒ်အောက်သို့။နဩရောဟတိ၊မသက်ဆင်း။အထခေါ၊ထိုအခါ၌။မဟာနာမဿ၊မဟာနာမ်အမည်ရှိသော။သက္ကဿ၊သာကီဝင်မင်းသားအား။ဧတံ၊ဧသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ဖြစ်၏။ ကိံ အဟောသိ၊အဘယ်သို့ဖြစ်သနည်း။ဧတရဟိ၊ ယခုအခါ၌။ခေါ၊စင်စစ်။ အဘိညာတာ အဘိညာတာ၊ အလွန်ထင်ရှား အလွန်ထင်ရှားကုန်သော။ သကျကုမာရာ၊ သာကီဝင်မင်းသားတို့သည်။ ပဗ္ဗဇိတံ၊ ရဟန်းပြုတော်မူသော။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အနုပဗ္ဗဇန္တိ၊ အတုလိုက်၍ရဟန်းပြုကုန်၏။အမှာကံ၊ ငါတို့၏လည်း။ ကုလာ၊ အမျိုးမှ။ အဂါရသ္မာ၊ အိမ်ရာထောင်သော လူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်ရပာန်း၏ဘောင်၌။ ပဗ္ဗဇိတော၊ ရဟန်းပြုသော။ ကောစိ၊တစုံတယောက်သောသူသည်။ နတ္ထိ၊ မရှိ။ အဟံဝါ၊ ငါသည်လည်း။ ပဗ္ဗာဇေယျံ၊ ရဟန်းပြုရမူကား။ ယံနူန၊ကောင်းလေစွ။ အနုရုဒ္ဓေါဝါ၊ အနုရုဒ္ဓါမင်းသားသည်လည်း။ပဗ္ဗာဇေယျ၊ရဟန်းပြုမူကား။ ယံနူန၊ကောင်းလေစွ။ ဣတိ၊ဧတံ ဧသောပရိဝိတက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ဖြစ်၏။ အထခေါ၊ ထိုအခါ၌။မဟာနာမော၊မဟာနာမ်အမည်ရှိသော။သင်္ကော၊သာကီဝင်မင်းသားသည်။ ယေန၊ အကြင်အရပ်၌။ အနုရုဒ္ဓေါ၊ အနုရုဒ္ဓါ အမည်ရှိသော။ သင်္ကော၊သာကီဝင်မင်းသားသည်။အတ္ထိ၊ရှိ၏။ တေန၊ထိုအနုရုဒ္ဓါအမည်ရှိသောသာကီဝင်မင်းသားရှိရာအရပ်သို့။ ဥပသင်္ကမိ၊ကပ်လေ၏။ ဥပသင်္

မိတွာ၊ကပ်လေပြီး၍။အနုရုဒ္ဓံ၊အနုရုဒ္ဓါအမည်ရှိသော။သက္ကံ၊ သာကီဝင်မင်း
သားကို။ဧတဒဝေါစ၊ဤစကားကို။အဝေါစ၊ဆို၏။ကိံ၊အဝေါစ၊အဘယ်သို့ဆို
သနည်း။တာတအနုရုဒ္ဓ၊ ညီတော်အနုရုဒ္ဓါ။ဧတရဟိ၊ ယခုအခါ၌။အဘိညာ
တာအဘိညာတာ၊အလွန်ထင်ရှား အလွန်ထင်ရှားကုန်သော။သကျကုမာ
ရာ၊ သာကီဝင်မင်းသားတို့သည်။ ပဗ္ဗဇိတံ၊ ရဟန်းပြုတော်မူသော၊ ဘဂ
ဝန္တံ။မြတ်စွာဘုရားကို။ အနုပဗ္ဗဇန္တိ၊အတုလိုက်၍ရဟန်းပြုကုန်၏။ အမှာ
ကဉ္စ၊ငါတို့လည်း။ကုလာ၊အမျိုးမှ။ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏
ဘောင်မှ။နိက္ခမိတွာ၊ထွက်၍။အနဂါရိယံ၊ အိမ်ရာမထောင်သောရဟန်း၏
ဘောင်၌။ပဗ္ဗဇိတော၊ရဟန်းပြုသော။ကောစိ၊တစုံတယောက်သောသူသည်။
နတ္ထိ၊မရှိ။တေနဟိ၊ထိုသို့တပြီးကား။တွံဝါ၊သင်ညီတော်သည်လည်း၊ပဗ္ဗဇ၊
ရဟန်းပြုပါလော။ အဟံဝါ၊ငါသည်လည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပါအံ့။
ဣတိ၊ဤသို့၊အဝေါစ၊ဆို၏။အဟံခေါ၊ငါသည်သာလျှင်။ သုခုမာလော၊သိမ်
မွေ့နူးညံ့၏။အဟံ၊ငါသည်။အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်
မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာ မထောင်သော ရဟန်း၏
ဘောင်၌။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ။ နသက္ကောမိ၊ မစွမ်းနိုင်။ တွံ၊သင်
သည်။ ပဗ္ဗဇာဟိ၊ ရဟန်းပြုလော။ဣတိ၊ဤသို့။ အဝေါစ၊ဆို၏။တာတအနု
ရုဒ္ဓ၊ညီတော်အနုရုဒ္ဓါ၊ ဧဟိ၊လာလော။ခေါ၊စင်စစ်။တေ၊သင်အား။ဃရာဝါ
သတ္ထံ၊ အိမ်ရာထောင်သောလူတို့၏ ကိစ္စကို။ အနုသာသိဿာမိ၊ဆုံးမအံ့။
ကိံ၊အနုသာသိဿာမိ၊ အဘယ်သို့ဆုံးမအံ့နည်း။ ပဌမံ၊ ဖျားဦးစွာ။ခေတ္တံ၊
လယ်ကို။ ကသာပေတဗ္ဗံ၊ ထွန်စေအပ်၏။ ကသာပေတွာ၊ ထွန်စေပြီး၍။
ဝပါပေတဗ္ဗံ၊ စိုက်ပျိုးစေအပ်၏။ ဝပါပေတွာ၊ စိုက်ပျိုးစေပြီး၍။ ဥဒကံ၊
ရေကို။အဘိနေတဗ္ဗံ၊ သွင်းစေအပ်၏။ဥဒကံ၊ရေကို။အဘိနေတွာ၊သွင်းစေ
ပြီး၍။ဥဒကံ၊ရေကို။ နိန္နေတဗ္ဗံ၊ညီညွတ်စေအပ်၏။ဥဒကံ၊ရေကို။ နိန္နေတွာ၊
ညီညွတ်စေပြီး၍။ နိဒ္ဒါပေတဗ္ဗံ၊ ပေါင်းသင် စေအပ်၏။နိဒ္ဒါပေတွာ၊ ပေါင်း
သင်စေပြီး၍။ လဝါပေတဗ္ဗံ၊ ရိတ်စေအပ်၏။ လဝါပေတွာ၊ ရိတ်စေပြီး၍။
ဥဗ္ဗာဟာပေတဗ္ဗံ၊ လှည်းဖြင့်တိုက်စေအပ်၏။ ဥဗ္ဗာဟာပေတွာ၊ လှည်းဖြင့်
တိုက်စေပြီး၍။ ပုဉ္ဇံ၊အစုကို။ ကာရာပေတဗ္ဗံ၊ ပြုစေအပ်၏။ ပုဉ္ဇံ၊အစုကို။
ကာရာပေတွာ၊ ပြုစေပြီး၍။ မဒ္ဒါပေတဗ္ဗံ၊ နယ်စေအပ်၏။မဒ္ဒါပေတွာ၊နယ်
စေပြီး၍၊ ပလာလာနိ၊ ကောက်ရိုးတို့ကို။ဥဒ္ဓရာပေတဗ္ဗာနိ၊ထုတ်စေအပ်ကုန်
၏။ ပလာလာနိ၊ ကောက်ရိုး တို့ကို။ဥဒ္ဓရာပေတွာ၊ထုတ်စေပြီး၍။ဘုသိကာ၊
အဖျင်းတို့ကို။ ဥဒ္ဓရာပေတဗ္ဗာ၊ ထုတ်စေအပ်ကုန်၏။ဘုသိကံ၊အဖျင်းကို။

http://www.dhammadownload.com



ဥဒ္ဓရာပေတွာ၊ ထုတ်စေပြီး၍။ ဩဓုနာပေတဗ္ဗံ။ လေ၌လွှင့်စေအပ်ကုန်၏။ ဩဓု နာပေတွာ၊ လေ၌လွှင့်စေပြီး၍။ အတိဟရာပေတဗ္ဗာ၊ ကျီကြသို့ဆောင်အပ် ကုန်၏။ အတိဟရာပေတွာ၊ ကျီကြသို့ ဆောင်ပြီး၍။ အာယတိံပိ ဝဿံ။ နောင်လာလတ္တံ့သောနှစ်၌လည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ကာတဗ္ဗံ၊ ပြု အပ်၏။ အာယတိံပိ ဝဿံ၊ နောင်လာလတ္တံ့သောနှစ်၌လည်း။ ဧဝမေဝ၊ ဤအ တူသာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ကမ္မာ၊ အမှုတို့သည်၊ နခီယန္တိ၊ မကုန်နိုင် ကုန်။ ကမ္မာနံ၊ အမှုတို့၏။ အန္တော၊ အဆုံးသည်။ နပညာယတိ၊ မထင်ခဲ့။ ကဒါ၊ အဘယ်အခါ၌။ ကမ္မာ၊ အမှုတို့သည်။ ခီယိဿန္တိ။ ကုန်နိုင်ကုန်လတ္တံ့ နည်း။ ကဒါ၊ အဘယ်အခါ၌။ ကမ္မာနံ၊ အမှုတို့၏။ အန္တော၊ အဆုံးသည်။ ပညာ ယိဿတိ၊ ထင်နိုင် အံ့နည်း။ ကဒါ၊ အဘယ်အခါ၌။ မယံ၊ ငါတို့သည်။ အပ္ပေါဿုက္ကာ၊ ကြောင့်ကြမရှိကုန်သည်ဖြစ်၍။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ကာ မဂုဏေဟိ၊ ကာမဂုဏ်တို့နှင့်။ သမပ္ပိတာ၊ တကွဖြစ်ကုန်သည်ဖြစ်၍။ သမင်္ဂီ ဘူတာ၊ ပြည့်စုံကုန်သည်ဖြစ်၍၊ ပရိစာရယိဿာမ၊ စမွယ်ရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ တာတ အနုရုဒ္ဓ၊ ညီတော်အနုရုဒ္ဓါ။ ဟိသစ္စံ၊ ထို စကားသည်မှန်၏။ ကမ္မာ၊ အမှုတို့သည်။ နခီယန္တိ၊ မကုန်နိုင်ကုန်။ ကမ္မာနံ၊ အမှု တို့၏။ အန္တော၊ အဆုံးသည်။ နပညာယတိ၊ မထင်ခဲ့။ ကမ္မေ၊ အမှုသည်။ အခီ ဏေဝ၊ မကုန်မီသာလျှင်။ ပိတရောစ၊ ခမည်းတော်တို့သည်လည်းကောင်း။ ပိတာမဟာစ၊ ဘိုးတော်တို့သည်လည်းကောင်း။ ကာလံကတာ၊ နတ်ရွာလား ကုန်ပြီ။ ဣတိ၊ ဤသို့။ အနုသာသိဿာမိ၊ ဆုံးမအံ့။ တေနဟိ၊ ထိုသို့မကုန်နိုင်တ ပြီးကား။ တွညေဝ၊ သင်နောင်တော်သည်သာလျှင်။ ဃရာဝါသတ္ထံ၊ အိမ် ရာထောင်သောလုပ်ငန်းကို။ ဥပဇာနာဟိ၊ သိရစ်ပါလော့။ အဟံ၊ ငါသည်။ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါ ရိယံ၊ မအိမ်ရာထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ အထခေါ၊ ထိုအခါ၌။ အနုရုဒ္ဓေါ၊ အနုရုဒ္ဓါ အမည်ရှိ သော၊ သက္ကော၊ သာကီဝင်မင်းသားသည်။ ယေန၊ အကြင်အရပ်၌။ မာတာ၊ မယ်တော်သည်။ အတ္ထိ ရှိ၏။ တေန၊ ထိုမယ်တော်ရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ မာတရံ၊ မယ်တော်ကို။ အမ္မ၊ မယ် တော်၊ အဟံ၊ အကျွန်ုပ်သည်။ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ နိက္ခမိတွာ၊ ထွက်၍၊ အနဂါရိယံ၊ အိမ်ရာမထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ မံ၊ အကျွန်ုပ်ကို။ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာ

မထောင်သောရဟန်း၏ဘောင်၌။ပဗ္ဗဇ္ဇာယ၊ရဟန်းပြုခြင်းငှါ။အနုဇာနာဟိ၊
ခွင့်ပြုတော်မူပါလော။ဣတိဧတံဝစနံ၊ဤသို့သောစကားကို။အဝေါစ၊ဆို၏။
ဧဝံ၊ဤသို့။ဝုတ္တေ၊ဆိုအပ်သည်ရှိသော်။ အနုရုဒ္ဓသာ၊အနုရုဒ္ဓါအမည်ရှိသော။
သက္ကသာ၊သာကီဝင်မင်းသား၏။မာတာ၊မယ်တော်သည်။အနုရုဒ္ဓံ၊အနုရုဒ္ဓါ
အမည်ရှိသော။ သက္ကံ၊ သာကီဝင်မင်းသားကို။ တာတအနုရုဒ္ဓ၊ ချစ်သား
အနုရုဒ္ဓါ။ခေါ၊စင်စစ်။မေ၊ငါ၏။ ဒွေ၊နှစ်ယောက်ကုန်သော။ ပုတ္တာ၊သားဖြစ်
ကုန်သော။တုမှေ၊သင်တို့သည်။ပိယာ၊ချစ်အပ်ကုန်သည်။မနာပါ၊စိတ်နှလုံး
ကိုပွားစေအပ်ကုန်သည်။ အပ္ပဋိကူလာ၊မရွံရှာအပ်ကုန်သည်။မရဏေနပိ၊
သေသဖြင့်လည်း။ အကာမကာ၊ အလိုမရှိကုန်ဘဲလျက်။ ဝေါ၊သင်တို့နှင့်။
ဝိနာ၊ကွေကွင်းရကုန်သည်။ဘဝိဿာမ၊ဖြစ်ကုန်အံ့။အဟံ၊ငါသည်။ဇီဝန္တေ၊
အသက်ရှည်ကုန်သော။ တုမှေ၊သင်သားတော်တို့ကို။ အဂါရသ္မာ၊အိမ်ရာ
ထောင်သော လူ၏ဘောင်မှ။ နိက္ခမိတွာ၊ထွက်၍။ အနဂါရိယံ၊ အိမ်ရာမ
ထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇ္ဇာယ၊ရဟန်းပြုခြင်းငှါ။ ကိံပနအနုဇာ
နိဿာမိ၊အဘယ်မှာခွင့်ပြုနိုင်ပါအံ့နည်း။ ဣတိ၊ဧတံဝစနံ၊ဤသို့သောစကား
ကို။အဝေါစ၊ဆို၏။ဒုတိယမ္ပိခေါ၊နှစ်ကြိမ်မြောက်လည်း။(ပ)။တတိယမ္ပိခေါ၊
သုံးကြိမ်မြောက်လည်း။အနုရုဒ္ဓေါ၊အနုရုဒ္ဓါအမည်ရှိသော။သက္ကော၊သာကီ
ဝင်မင်းသားသည်။မာတရံ၊မယ်တော်ကို။အမ္မ၊မယ်တော်။အဟံ၊အကျွန်ုပ်
သည်။အဂါရသ္မာ၊အိမ်ရာထောင်သောလူ၏ဘောင်မှ။နိက္ခမိတွာ၊ထွက်၍။
အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌။ ပဗ္ဗဇိတုံ၊ရဟန်းပြု
ခြင်းငှါ။ဣစ္ဆာမိ၊အလိုရှိ၏။မံ၊အကျွန်ုပ်ကို။အဂါရသ္မာ၊အိမ်ရာထောင်သော
လူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော
ရဟန်း၏ဘောင်၌။ပဗ္ဗဇ္ဇာယ၊ရဟန်းပြုခြင်းငှါ။ အနုဇာနာဟိ၊ခွင့်ပြုတော်မူ
ပါလော။ဣတိဧတံဝစနံ၊ဤသို့သောစကားကို။အဝေါစ၊ဆို၏။ ။တေနခေါ
ပနသမယေန၊ ထိုအခါ၌။ ဘဒ္ဒိယော၊ ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာ၊
သာကီဝင်မင်းသည်။ သကျာနံ၊ သာကီဝင်မင်းတို့၏။ ရဇ္ဇံ၊မင်းအဖြစ်ကို။
ကာရေတိ၊ပြုစေ၏။သော၊ထိုဘဒ္ဒိယမင်းသည်။ အနုရုဒ္ဓဿ၊အနုရုဒ္ဓါအမည်
ရှိသော။ သက္ကဿ၊ သာကီဝင်မင်းသား၏။ သဟာယော၊ မိတ်ဆွေသည်။
ဟောတိ၊ဖြစ်၏။ အထခေါ၊ထိုအခါ၌။ အနုရုဒ္ဓဿ၊၊အနုရုဒ္ဓါအမည်ရှိသော။
သက္ကဿ၊ သာကီဝင်မင်းသား၏။ မာတာ၊ မယ်တော်သည်။ ဘဒ္ဒိယော၊
ဘဒ္ဒိယ အမည်ရှိသော။ အယံခေါသကျရာဇာ၊ ဤသာကီဝင် မင်းသည်၊
သကျာနံ၊သာကီဝင်မင်းသားတို့၏။ရဇ္ဇံ၊မင်းအဖြစ်ကို။ကာရေတိ၊ပြုစေ၏။

http://www.dhammadownload.com



အနုရူပ္ပသာ၊ အနုရူပ္ပါအမည်ရှိသော။ သက္ကသာ၊ သာကီဝင် မင်းသား၏။
သဟာဝယော၊ မိတ်ဆွေတည်း။ သော၊ ထိုအမ္ဗဋ္ဌသမင်းသည်။ အဂါရဿ၊
အိမ်ရာထောင်သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာ
မထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ။ နဥဿဟာတိ၊
မစွမ်းနိုင်တံရာ။ ဉာတိမနုသိကတွာ၊ ဤသို့နှလုံးသွင်း၍၊ အနုရူပ္ပံ၊ အနုရူပ္ပါ
အမည်ရှိသော။ သက္ကံ၊ သာကီဝင်မင်းသားကို။ တာတအနုရူပ္ပ၊ ချစ်သားအနု
ရူပ္ပါ။ ဘဒ္ဒိယော၊ ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာ၊ သာကီဝင်မင်းသည်။
အဂါရဿ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါ
ရိယံ၊ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌။ သစေပဗ္ဗဇတိ၊ အကယ်၍
ရဟန်းပြုအံ့။ ဧဝံ၊ ဤသို့ရဟန်းပြုသည်ရှိသော်။ တွံပိ၊ သင်သည်လည်း။ ပဗ္ဗာ
ဇာဟိ၊ ရဟန်းပြုလော။ ဉာတိတေ၀စနံ၊ ဤသို့သောစကားကို။ အဝေါ၊ ဆို၏။
အထခေါ၊ ထိုအခါ၌။ အနုရူပ္ပေါ၊ အနုရူပ္ပါအမည်ရှိသော။ သက္ကော၊ သာကီဝင်
မင်းသားသည်။ ယေန၊ အကြင်အရပ်၌။ ဘဒ္ဒိယော၊ ဘဒ္ဒိယအမည်ရှိသော။
သကျရာဇာ၊ သာကီဝင်မင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုသာကီဝင်မင်းရှိရာ
အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဒ္ဒိယံ၊
ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာနံ၊ သာကီဝင်မင်းကို။ သမ္မ၊ အဆွေ။ ခေါ၊
စင်စစ်။ မမ၊ ငါ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်သည်။ တဝ၊ သင်နှင့်။ ပဋိဗဒ္ဓါ၊ စပ်ခဲ့
၏။ ဉာတိတေ၀စနံ၊ ဤသို့သောစကားကို။ အဝေါစ၊ ဆို၏။ သမ္မ၊ အဆွေ။ တေ၊
သင်၏။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်သည်။ မမ၊ ငါနှင့်။ သစေပဋိဗဒ္ဓါ၊ အကယ်၍စပ်
ခဲ့အံ့။ ဧဝံသတိ၊ ဤသို့စပ်ခဲ့သည်ရှိသော်။ သာ၊ ထိုရဟန်း၏အဖြစ်သည်။ အပ္ပဋိ
ဗဒ္ဓါ၊ မစပ်သည်။ ဟောတု၊ ဖြစ်စေလော။ အဟံ၊ ငါသည်။ တယာ၊ သင်နှင့်။
ယထာသုခံ၊ အလိုရှိတိုင်း။ ပဗ္ဗဇာဟိ၊ ရဟန်းပြုလော။ ဉာတိ၊ ဤသို့။ အဝေါစ၊
ဆို၏။ သမ္မ၊ အဆွေ။ ဧဟိ၊ လာလော။ ဥဘော၊ နှစ်ယောက်ကုန်သော။ မယံ၊
ငါတို့သည်။ အဂါရဿ၊ အိမ်ရာထောင်သောလူ၏ ဘောင်မှ။ နိက္ခမိတွာ၊
ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇိဿာမ၊
ရဟန်းပြုကုန်အံ့။ ဉာတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ သမ္မ၊ အဆွေ။ အဟံ၊ ငါသည်။
အဂါရဿ၊ အိမ်ရာ ထောင်သော လူ၏ ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။
အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌။ ပဗ္ဗဇိတုံ၊ ရဟန်း
ပြုခြင်းငှါ။ နသက္ကောမိ၊ မတတ်နိုင်။ ဉာတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ တေ၊ သင်
အား။ အညံ၊ တပါးသော။ ယံကမ္မံ၊ အကြင်အမှုကို။ မယာ၊ ငါသည်။ ကာတုံ၊
ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ အဟံ၊ ငါသည်။ တံကမ္မံ၊ ထိုအမှုကို။

ကိဳ ကရိဿာမိ၊ အဘယ်မှာပြုရအံ့နည်း။ တွံ၊သင်သည်၊ပဗ္ဗာဇယိ၊ ရဟန်း
ပြုလော။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ သမ္ဗုအဆွေခေါ်၊စင်စစ်။ မံ၊ငါ့ကို။
မာတာ၊ မယ်တော်သည်၊ တာဘအနုရုဒ္ဓ၊ ချစ်သားအနုရုဒ္ဓါ၊ ဘဒ္ဒိယော၊
ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာ၊ သာကီဝင် မင်းသည်။ အဂါရသ္မာ၊
အိမ်ရာထောင်သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ထွက်၍။ အနဂါရိယံ၊ အိမ်
ရာမထောင်သောရဟန်း၏ဘောင်၌။ သစေ၊ အကယ်၍၊ ပဗ္ဗဇိတိ၊ ရဟန်း
ပြုအံ့။ ဧဝံ၊ ဤသို့ရဟန်းပြုသည်ရှိသော်၊ တွံပိ၊ သင်သည်လည်း။ ပဗ္ဗာဇယိ၊
ရဟန်းပြုလော။ ဣတိဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ သမ္ဗု၊အဆွေ။ ခေါပန၊စင်စစ်။
တေ၊သင်သည်။ဧဝံဝါစာ၊ ဤစကားကို။ ဘာသိတာ၊ ဆိုအပ်၏။ သမ္ဗု၊
အဆွေ။တေ၊သင်၏၊ပဗ္ဗဇ္ဇာ၊ရဟန်း၏အဖြစ်သည်။မမ၊ငါနှင့်။ သစေပဋိဗဒ္ဓါ၊
အကယ်၍စပ်အံ့။ဧဝံသတိ၊ဤသို့စပ်သည်ရှိသော်။ သာ၊ ထိုရဟန်း၏အဖြစ်
သည်။အပ္ပဋိဗဒ္ဓါ၊မစပ်သည်။ဟောတု၊ဖြစ်စေလော။အဟံ၊ငါသည်။ တယာ၊
သင်နှင့်။ယထာသုခံ၊အလိုရှိတိုင်း။ပဗ္ဗာဇယိ၊ ရဟန်းပြုလော။ ဣတိ၊ ဤသို့။
အဝေါစ၊ဆို၏။သမ္ဗု၊အဆွေ။ဧဟိ၊သွားလော၊ဥဘော၊နှစ်ယောက်ကုန်သော။
မယံ၊ငါတို့သည်၊အဂါရသ္မာ၊အိမ်ရာထောင်သောလူ၏ဘောင်မှ။နိက္ခမိတွာ၊
ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်ရဟန်း၏ ဘောင်၌။ ပဗ္ဗဇိဿာမ၊
ရဟန်ပြုကုန်အံ့။ ဣတိ၊ဤသို့။အဝေါစ၊ ဆို၏။ တေနခေါပနသမယေန၊ ထို
အခါ၌။မနုဿာ၊ လူတို့သည်။ သစ္စဝါဒိနော၊ မှန်သောစကားကိုဆိုလေ့ရှိ
ကုန်သည်။သစ္စပဋိညာ၊မှန်သည့်ကိုသာဝန်ခံလေ့ရှိကုန်သည်။ဟောန္တိ၊ ဖြစ်
ကုန်၏။အထခေါ၊ထိုအခါ၌။ဘဒ္ဒိယော၊ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာ၊
သာကီဝင်မင်းသည်။ အနုရုဒ္ဓံ၊ အနုရုဒ္ဓါအမည်ရှိသော။ သက္ကံ၊ သာကီဝင်
မင်းသားကို။သမ္ဗု၊အဆွေ။သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။ အာဂမေဟိ၊
ငံ့ပါဦးလော။ သတ္တန္နံ ဝဿာနံ၊ခုနစ်နှစ်တို့၏။အစ္စယေန၊ လွန်သောအခါ၌။
ဥဘော၊နှစ်ယောက်ကုန်သော။မယံ၊ငါတို့သည်။အဂါရသ္မာ၊အိမ်ရာထောင်
သောလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင်
သောရဟန်း၏ဘောင်၌၊ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကြကုန်စို့။ ဣတိဧတံဝစနံ၊
ဤသို့သောစကားကို။အဝေါစ၊ဆို၏။သမ္ဗု၊အဆွေ၊ သတ္တဝဿာနိ၊ ခုနစ်နှစ်
တို့ပတ်လုံး။အာဂမနံ၊ ငံ့ခြင်းသည်။အတိစိရံ၊ အလွန်ကြာမြင့်၏။ အဟံ၊ ငါ
သည်။သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။ အာဂမေတုံ၊ငံ့ခြင်းငှါ။နသက္ကော
မိ၊မပွမ်းနိုင်။ဣတိ၊ဤသို့။အဝေါစ၊ဆို၏။ သမ္ဗု၊အဆွေ၊ဆဝဿာနိ၊ခြောက်
နှစ်တို့ပတ်လုံး။အာဂမေဟိ၊ငံ့ပါဦးလော။(ပ)။ပဉ္စဝဿာနိ၊ငါးနှစ်တို့ပတ်လုံး

http://www.dhammadownload.com



လုံး။စတ္တာရီသာနိ၊လေးနှစ်တို့ပတ်လုံး။တိဏိဝဿာ သုံးနှစ်တို့ပတ်လုံး။ဒွေ ဝဿာနိ၊နှစ်နှစ်တို့ပတ်လုံး။ဧကံဝဿံ၊ တနှစ်ပတ်လုံး။အာဂမေဟိ၊ ငံ့ပါဦး လော။ဧကဿဝဿဿ၊တနှစ်၏။အစ္စယေန၊လွန်သောအခါ၌။ဥဘော၊ နှစ် ယောက်ကုန်သော။မယံ၊ငါတို့သည်။အဂါရသ္မာ၊အိမ်ရာထောင်သောလူ၏ ဘောင်မှ နိက္ခမိတွာ၊ ထွက်၍၊အနဂါရိယံ၊ အိမ်ရာမထောင်သောရဟန်း၏ ဘောင်၌။ပဗ္ဗဇိဿာမ၊ရဟန်းပြုကုန်အံ့။ ဣတိ၊ဤသို့။ အဝေါစ၊ဆို၏။သမ္မ၊ အဆွေ။ဧကံဝဿံ၊တနှစ်ပတ်လုံး။အာဂမနံ ငံ့ခြင်းသည်။ အတိစိရံ၊ အလွန် ကြာမြင့်၏။အဟံ၊ငါသည်။ဧကံဝဿံ၊တနှစ်ပတ်လုံး။အာဂမေတုံ၊ငံ့ခြင်းငှါ။ နသက္ကောမိ၊မစွမ်းနိုင်။ဣတိ၊ ဤသို့။အဝေါစ၊ ဆို၏။သမ္မ၊အဆွေ။ သတ္တမာ သေ၊ခုနစ်လတို့ပတ်လုံး။အာဂမေဟိ၊ ငံ့ပါဦးလော။ သတ္တန္နံမာသာနံ ခုနစ်လ တို့၏။အစ္စယေန၊လွန်သောအခါ၌။ ဥဘော၊နှစ်ယောက်ကုန်သော။ မယံ။ငါ တို့သည်။ အဂါရသ္မာ၊အိမ်ရာထောင်သောလူ၏ဘောင်မှ နိက္ခမိတွာ၊ထွက် ၍။အနဂါရိယံ၊အိမ်ရာမထောင်သောရဟန်း၏ဘောင်၌။ပဗ္ဗဇိဿာမ၊ရဟန်း ပြုကုန်အံ့။ဣတိ၊ဤသို့။အဝေါစ၊ဆို၏။သမ္မ၊အဆွေ။သတ္တမာသာ၊ခုနစ်လတို့ ပတ်လုံး။အာဂမနံ၊ငံ့ခြင်းသည်။အတိစိရံ၊အလွန်ကြာမြင့်၏။အဟံ၊ငါသည်။ သတ္တမာသေ၊ခုနစ်လတို့ပတ်လုံး။အာဂမေတုံ၊ငံ့ခြင်းငှါ၊နသက္ကောမိ။မစွမ်း နိုင်ပါ။ဣတိ၊ဤသို့။အဝေါစ၊ဆို၏။ သမ္မ၊အဆွေ။ဆမာသေ၊ ခြောက် လတို့ ပတ်လုံး။အာဂမေဟိ၊ငံ့ပါလော။(ပ) ၊ပဉ္စမာသေ၊ငါးလတို့ပတ်လုံး။စတ္တာရော မာသေ၊လေးလတို့ပတ်လုံ။ တယောမာသေ၊ သုံးလတို့ပတ်လုံး။ ဒွေမာသေ၊ နှစ်လတို့ပတ်လုံး။ဧကံမာသံ၊တလပတ်လုံး။အဍ္ဎမာသံ၊လခွဲပတ်လုံး၊အဍ္ဎမာ သဿ၊လခွဲ၏၊အစ္စယေန၊လွန်သောအခါ၌။ ဥဘော၊နှစ်ယောက်ကုန်သော။ မယံ။ ငါတို့သည်။ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ ဘောင်မှ။ နိက္ခ မိတွာ။ထွက်၍။အနဂါရိယံ၊ အိမ်ရာမထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗ ဇိဿာမ၊ရဟန်းပြုကုန်အံ့။ဣတိ၊ဤသို့။အဝေါစ၊ဆို၏။သမ္မ၊အဆွေ။ အဍ္ဎမာ သော၊လခွဲသည်။ အတိစိရံ၊ အလွန်ကြာမြင့်၏။ အဟံ၊ငါသည်။အဍ္ဎမာသံ၊ လခွဲပတ်လုံး။အာဂမေတုံ၊ ငံ့ခြင်းငှါ။နသက္ကောမိ၊ မစွမ်းနိုင်ပါ။ ဣတိ၊ဤသို့။ အဝေါစ၊ဆို၏။သမ္မ၊အဆွေ။ ယာဝ၊အကြင်မျှလောက်။ပုတ္တေစ၊သားတို့ကို လည်းကောင်း။ ဘာတရောစ၊ ညီတို့ကိုလည်းကောင်း။ ရဇ္ဇေ၊မင်းအဖြစ်ကို။ နိယျာဒေမိ၊သောင်နှင်းပါဦးအံ့။ တာဝ၊ထိုမျှလောက်။ သတ္တာဟံ၊ခုနစ်ရက်။ အာဂမေဟိ၊ငံ့ပါဦးလော။ဣတိ၊ ဤသို့။အဝေါစ၊ဆို၏။ သမ္မ၊အဆွေ။ နစိရံ၊ မကြာမြင့်ပြီ။သတ္တာဟော၊ခုနစ်ရက်သည်။အာဂမိဿာမိ၊လာလတ္တံ့။ဣတိ

ဤသို့၊အဝေါစ၊ဆို၏။အထခေါ၊ထိုအခါ၌။ဘဒ္ဒိယော၊ဘဒ္ဒိယအမည်ရှိသော။ သကျရာဇာစ၊သာကီဝင်မင်းသည်သည်းကောင်း။အနုရုဒ္ဓေါစ၊အနုရုဒ္ဓါသည် လည်းကောင်း။ အာနန္ဒောစ၊အာနန္ဒာသည်လည်းကောင်း။ ဘဂုစ၊ဘဂုသည် လည်းကောင်း။ကိမိလောစ၊ကိမိလသည်သည်းကောင်း။ ဒေဝဒတ္တောစ၊ဒေ ဝဒတ်သည်လည်းကောင်း။ဥပါလိကပ္ပကေန၊ ဆတ္တမာသည်ဖြစ်သောဥပါလိ နှင့်။သတ္တမာခုနစ်ယောက်မြောက်ဖြစ်ကုန်သည်ဖြစ်၍။ပုရေ၊ရှေး၌။စတုရင်္ဂိနိယာ၊ လေးပါးသောအင်္ဂါရှိသော။သေနာယ၊စစ်သည်ဖြင့်။ဥယျာနဘူမိံ၊ဥယျဉ်မြေ သို့။နိယျန္တိ ယထာ၊ထွက်ကုန်သကဲ့သို့။ဧဝမေဝ၊ဤအတူသာလျှင်။စတုရင်္ဂိ နိယာ၊ လေးပါးသောအင်္ဂါရှိသော။ သေနာယ၊ စစ်သည်ဖြင့်။နိယိံသု၊ထွက် သွားကုန်၏၊တေ၊ထိုမင်းသားတို့သည်။ဒူရံ၊ဝေးသောအရပ်သို့။ ဂန္တွာ၊သွား ကုန်၍။သေနံ၊စစ်သည်ကို။ နိဝတ္တာပေတွာ၊ ပြန်နစ်စေ၍။ပရဝိသယံ၊တပါး သောတိုင်းနိုင်ငံသို့၊ ဩက္ကမိတွာ၊သက်၍။အာဘရဏံ၊ ဆင်သောတန်ဆာ ကို။ဩမုဉ္စိတွာ၊ ချွတ်၍။ ဥတ္တရာသင်္ဂေန၊ ကိုယ်ဝတ်ရလျှာဖြင့်။ဘဏ္ဍိကံ၊ အထုပ်ကို။ ဗန္ဓိတွာ၊ဘွဲ့၍။ဥပလိကပ္ပကံ၊ ဥပလိဆတ္တာသည်ကို။ကိံ အဝေါ ရုံ၊အဘယ်သို့ဆိုကုန်သနည်း။ ဘဏေဥပါလိ၊ အချင်းဥပါလိ။ ဟန္ဒ၊ယခု။ နိဝတ္တသု၊ ပြန်နစ်လေလော။တေ၊သင်အား။ဣတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိ သောတန်ဆာသည်။ဇီဝိကာယ၊အသက်မွေးခြင်းငှါ။ အလံ၊စွမ်းနိုင်ပြီ။ဇာတိ ဧတံဝစနံ၊ဤသို့သောစကားကို။အဝေါစုံ၊ဆိုကုန်၏။အထခေါ၊ထိုအခါ၌ဥပါ လိဿ၊ဥပါလိအမည်ရှိသော။ကပ္ပကဿ၊ဆတ္တာသည်သည်။နိဝတ္တန္တဿ၊ ပြန်နစ်စဉ်။ ဧတံဧသော ပရိဝိတက္ကော၊ ဤသို့သောအကြံသည်။ အဟော သိ၊ဖြစ်၏။ကိံ အဟောသိ၊အဘယ်သို့ဖြစ်သနည်း။ သာကိယာခေါ၊သာကီ ဝင်မင်းမျိုးတို့သည်။ စဏ္ဍာ၊ ကြမ်းကုန်၏။ဇာမိနာ၊ ဤဥပါလိဆတ္တာသည် သည်၊ကုမာရာ၊မင်းသားတို့ကို။နိပ္ပါတိတာ၊ထွက်စေအပ်ကုန်၏။ဇာတိမနသိ ကတွာ၊ဤသို့နှလုံးသွင်း၍။ မံ၊ငါ့ကို။ ဃာတာပေယျုံပိ၊ သတ်သော်လည်း သတ်စေကုန်ရာ၏။ဇာမေဟိနာမ၊သကျကုမာရာ၊ ဤသာကီဝင်မင်းသားတို့ မည်စဉ်လျက်။အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ။နိက္ခမိတွာ၊ ထွက်ကုန်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌။ ပဗ္ဗ ဇိဿန္တိ၊ရဟန်းပြုကုန်သေး၏။အင်္ဂပန၊ငါသည်ကား။ကိမင်္ဂ၊အဘယ်ဆို ဖွယ်ရှိအံ့နည်း။ဇာတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ဘဏ္ဍိကံ၊အထုပ်ကို။ မုဉ္စိတွာ၊ဖြည်၍။ တံဘဏ္ဍံ၊ ထိုဘဏ္ဍာတန်ဆာကို။ ရုက္ခေ၊ သစ်ပင်၌။အာ လဂ္ဂိတွာ၊ဆွဲ၍။ယော၊အကြင်သူသည်။ပဿတိ၊မြင်၏။တဿ၊ထိုသူအား။

http://www.dhammadownload.com



ဒိန္နံယောဝ၊ ပေးအပ်သည်သာလျှင်တည်း။ ဟရေတု၊ ဆောင်စေသတည်း။ ဣတိ၊
ဤသို့။ ဝတွာ၊ ဆို၍။ ယေန၊ အကြင်အရပ်၌။ တေ သကျကုမာရာ၊ ထိုသာကီ
ဝင်မင်းသားတို့သည်။ အစ္ဆိံ၊ ရှိကုန်၏။ တေန၊ ထိုသာကီဝင်မင်းသားတို့ရှိရာ
အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ တေ သကျကုမာရာ၊ ထိုသာကီဝင်မင်း
သားတို့သည်။ ဥပါလိကပ္ပကံ၊ ဥပါလိဆတ္တာသည်ကို။ ဒူရတောဝ၊ အဝေးမှ
သာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသံသု ခေါ၊ မြင်ကုန်သည်သာလျှင်
တည်း။ ဒိသွာန၊ မြင်ကုန်သောကြောင့်။ ဥပါလိကပ္ပကံ၊ ဥပါလိဆတ္တာသည်ကို။
ဘဏေ ဥပါလိ၊ အချင်းဥပါလိ။ ကိဿ၊ အဘယ်ကြောင့်။ နိဝတ္တောသိ၊ ပြန်နစ်
ဘိသနည်း။ ဣတိ ဝေါစုံ၊ ဤသို့သောစကားကို။ အဝေါစုံ၊ ဆိုကုန်၏။ အယျ
ပုတ္တာ၊ အရှင်သားတို့။ ဣဓ၊ ဤအရပ်၌။ မေ၊ အကျွန်ုပ်သည်။ နိဝတ္တန္တဿ၊ ပြန်
နစ်စဉ်။ ဧတံ ဧသောပရိဝိတက္ကော၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်
၏။ ကိံ အဟောသိ၊ အဘယ်သို့ဖြစ်သနည်း။ သာကိယာ ခေါ၊ သာကီဝင်မင်း
မျိုးတို့သည်။ စဏ္ဍာ၊ ကြမ်းကုန်၏။ ဣမိနာ၊ ဤဆတ္တာသည်သည်။ ကုမာရာ၊
မင်းသားတို့ကို။ နိပ္ပါတိတာ၊ ထွက်စေအပ်ကုန်၏။ ဣတိ မနသိကတွာ၊ ဤသို့
နှလုံးသွင်း၍။ မံ၊ ငါ့ကို။ ဃာတာပေယျုံပိ၊ သတ်သော်လည်းသတ်စေကုန်ရာ
၏။ ဣမေ ဟိ နာမ သကျကုမာရာ၊ ဤသာကီဝင်မင်းသားတို့မည်စင်လျက်။ အဂါ
ရသ္မာ၊ အိမ်ရာထောင်သောလူတို့၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိ
ယံ၊ အိမ်ရာမထောင်သောရဟန်း၏ဘောင်၌။ ပဗ္ဗဇိဿန္တိ၊ ရဟန်းပြုကုန်
သေး၏။ အင်္ဂပန၊ ငါသည်ကား။ ကိမင်္ဂ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။ ဣတိ၊
ဤသို့။ အဟောသိ၊ ဖြစ်၏။ အယျပုတ္တာ၊ အရှင်သားတို့။ ခေါ၊ စင်စစ်။ သောအ
ဟံ၊ ထိုအကျွန်ုပ်သည်။ ဘဏ္ဍိကံ၊ အထုပ်ကို။ မုဉ္စိတွာ၊ ဖြည်၍။ တံ ဘဏ္ဍံ၊ ထို
ဘဏ္ဍာဥစ္စာကို။ ရုက္ခေ၊ သစ်ပင်၌။ အာလဂ္ဂိတွာ၊ ဆွဲ၍။ ယော၊ အကြင်သူ
သည်။ ပဿတိ၊ မြင်၏။ တဿ၊ ထိုသူအား။ ဒိန္နံယေဝ၊ ပေးအပ်သည်သာလျှင်
တည်း။ ဟရတု၊ ဆောင်စေသတည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ အာဂတော၊
လာသည်။ မှိ၊ နိဝတ္တော၊ ပြန်နစ်ခဲ့သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။
ဘဏေ ဥပါလိ၊ အချင်းဥပါလိ။ ယံ ယသ္မာ၊ အကြင်ကြောင့်။ န နိဝတ္တော၊ မပြန်
နစ်။ တသ္မာ၊ ထိုကြောင့်။ သုဋ္ဌု ကောင်းစွာ။ အကာသိ၊ ပြုပြီ။ သာကိယာ၊ သာကီ
ဝင်မင်းမျိုးတို့သည်။ ခေါ၊ စင်စစ်။ စဏ္ဍာ၊ ကြမ်းကုန်၏။ ဣမိနာ၊ ဤဆတ္တာ
သည်သည်။ ကုမာရာ၊ မင်းသားတို့ကို။ နိပ္ပါတိတာ၊ ထွက်စေ အပ်ကုန်၏။
ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးသွင်း၍။ တံ၊ သင့်ကို။ ဃာတာပေယျုံပိ၊
သတ်သော်လည်း သတ်စေကုန်ရာ၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ဆိုကုန်၏။

အထခေါ၊ ထိုအခါ၌၊ သကျကုမာရာ၊ သာကီဝင်မင်းသားတို့သည်။ ဥပါလိ
ကပ္ပကံ၊ ဥပါလိ ဆတ္တာသည်ကို။ အာဒါယ၊ ခေါ်၍။ ယေန၊ အကြင်အရပ်
၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုပိယ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာ
ဘုရား ရှိတော် မူရာအရပ်သို့။ ဥပသင်္ကမိံသု၊ ကပ်လေ ကုန်၏။ ဥပသင်္က
မိတွာ၊ ကပ်လေကုန်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ။
ရှိခိုးကုန်၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ နိသီ
ဒိံသု၊ ထိုင်နေကုန်၏။ ဧကမန္တံ၊ သင့်တင့် လျောက်ပတ်သော အရပ်၌။
နိသိန္နာခေါ၊ ထိုင်နေကုန်ပြီးသော။ တေ သကျကုမာရာ၊ ထိုသာကီဝင်မင်း
သားတို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစုံ၊
လျှောက်ကုန်၏။ ကိံ အဝေါစုံ၊ အဘယ်သို့လျှောက်ကုန်သနည်း။ ဘန္တေ၊ မြတ်
စွာဘုရား။ မယံ သာကိယာ နာမ၊ အကျွန်ုပ်သာကီဝင်မင်းတို့မည်သည်ကား။
မာနဿိနော၊ မာနကြီးကုန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ အယံ ဥပါလိကပ္ပ
ကော။ ဤဥပါလိဆတ္တာသည်သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဒီဃရတ္တံ၊ ရှည်
စွာသောနေ့ညဉ့်ပတ်လုံး။ ပရိစာရိကော၊ အလုပ်အကျွေးပါတည်း။ ဘဂဝါ၊
မြတ်စွာဘုရားသည်။ ဣမံ၊ ဤဥပလိဆတ္တာသည်ကို။ ပဌမံ၊ ရှေးဦးစွာ။ ပဗ္ဗာ
ဇေတု၊ ရှင်ပြုတော်မူပါလော့။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမံ၊ ဤဥပါ
လိဆတ္တာသည်အား။ အဘိဝါဒနံ၊ ရှိခိုးခြင်းကိုလည်းကောင်း။ ပစ္စုဋ္ဌာနံ၊
ခရီးဦးကြိုဆိုခြင်းကိုလည်းကောင်း။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်းအမှုကို
လည်းကောင်း။ သာမီစိကမ္မံ၊ အရိုအသေပြုခြင်းအမှုကို လည်းကောင်း။
ကရိဿာမ၊ ပြုကုန်အံ့။ ဧဝံ၊ ဤသို့ပြုကုန်သည်ရှိသော်။ အမှာကံ သာကိယာနံ၊
အကျွန်ုပ်သာကီဝင်မင်းတို့၏။ သာကိယမာနော၊ သာကီဝင်မင်းတို့၏မာန
သည်။ နိမ္မာနိယိဿတိ၊ ငြိမ်းလတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။
အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥပါလိကပ္ပကံ၊ ဥပါလိ
ဆတ္တာသည်ကို။ ပဌမံ၊ ရှေးဦးစွာ။ ပဗ္ဗာဇေသိ၊ ရှင်ပြုတော်မူ၏။ ပစ္ဆာ၊
နောက်၌။ တေ သကျကုမာရေ၊ ထိုသာကီဝင်မင်းသားတို့ကို။ ပဗ္ဗာဇေသိ၊
ရှင်ပြုတော်မူ၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ ဘဒ္ဒိယော၊ အရှင်
ဘဒ္ဒိယသည်။ တေနေဝ အန္တရဝဿေန၊ ထိုနှစ်အတွင်း၌သာလျှင်။ တိဿော၊
သုံးပါးကုန်သော။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉ်တို့ကို။ သစ္ဆာကာသိ။ မျက်မှောက်ပြု၏။ အာ
ယသ္မာ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါသည်။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို။
ဥပ္ပါဒေသိ၊ ဖြစ်စေ၏။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ သောတာ
ပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ သစ္ဆာကာသိ၊ မျက်မှောက်ပြု၏။ ဒေဝ

ဝဏ္ဏော၊ဒေဝတ်သည်။ပေါထုဇ္ဇနိကာံ၊ပုထုဇ္ဇဉ်တို့၏ဥစ္စာဖြစ်သော။ဣဒ္ဓိံ၊တန်ခိုးကို။အဘိနိပ္ဖါဒေသိ၊ဖြစ်စေ၏။တေနခေါပနသမယေန၊ထိုအခါ၌အာယသ္မာဘဒ္ဒိယော၊အရှင်ဘဒ္ဒိယသည်အရညဂတောပိ၊တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ ရုက္ခမူလဂတောပိ၊သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း။ သုညာဂါရဂတောပိ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍လည်းကောင်း။ အဘိက္ခဏံ၊မပြတ်။အဟောသုခံ၊ဩော်ချမ်းသာစွ။အဟောသုခံ၊ဩော်ချမ်းသာစွ။ဣတိဣမံဥဒါနံ၊ဤဥဒါန်းကို။ဥဒါနေတိ၊ကျူးရင့်၏။အထခေါ၊ထိုအခါ၌သမ္ဗဟုလာ၊များစွာကုန်သော။ ဘိက္ခူ၊ရဟန်းတို့သည်။ယေန၊အကြင်အရပ်၌။ဘဂဝါ၊မြတ်စွာဘုရားသည်။အတ္ထိ၊ရှိတော်မူ၏။ တေန၊ထိုမြတ်စွာဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိံသု၊ ကပ်လေကုန်၏။ ဥပသင်္ကမိတွာ၊ ကပ်လေကုန်ပြီး၍။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ရှိသေစွာရှိခိုးကုန်၍။ ဧကမန္တံ၊ သင့်တင့်လျောက် ပတ်သော အရပ်၌။ နိသီဒိံသု၊ ထိုင်နေကုန်၏။ ဧကမန္တံ၊သင့်တင့်သျောက်ပတ်သောအရပ်၌။ နိသိန္နာခေါ၊ ထိုင်နေပြီးကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ဧတံဝစနံ၊ဤစကားကို။ အဝေါစုံ၊လျှောက်ကုန်၏။ ကိံ အဝေါစုံ၊ အဘယ်သို့ လျှောက်ကုန်သနည်း။ ဘန္တေ၊မြတ်စွာဘုရား။ အာယသ္မာဘဒ္ဒိယော၊ အရှင်ဘဒ္ဒိယသည်။အရညဂတောပိ၊တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ရုက္ခမူလဂတောပိ၊သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း။ သုညာဂါရဂတောပိ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍ လည်းကောင်း။ အဘိက္ခဏံ၊မပြတ်။အဟောသုခံ၊ဩော်ချမ်းသာစွ။အဟောသုခံ၊ဩော်ချမ်းသာစွ။ ဣတိဣမံဥဒါနံ၊ဤဥဒါန်းကို။ ဥဒါနေတိ၊ကျူးရင့်၏။ ဘန္တေ၊မြတ်စွာဘုရား။အာယသ္မာဘဒ္ဒိယော၊ အရှင်ဘဒ္ဒိယသည်။နိဿံသယံခေါ၊မချွတ်သာလျှင်။အနဘိရတော၀၊ မမွေ့လျော်သည်ဖြစ်၍သာလျှင်။ ဗြဟ္မစရိယံ၊မြတ်သောအကျင့်ကို။ စရတိ၊ကျင့်၏။ ပုရိမံ၊ရှေး၌ဖြစ်သော။ တံယောဝရဇ္ဇသုခံ၊ထိုမင်း၏ချမ်းသာကိုသာလျှင်။ သမနုဿရမာနော၊ အဘန်ဘန်အောက်မေ့သည်ဖြစ်၍။ အရညဂတောပိ၊ တောသို့ကပ် သည်ဖြစ်၍ လည်းကောင်း။ ရုက္ခမူလဂတောပိ၊ သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း။ သုညာဂါရဂတောပိ၊ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍လည်းကောင်း။အဘိက္ခဏံ၊မပြတ်။အဟောသုခံ၊ဩော်ချမ်းသာစွ။ အဟောသုခံ၊ဩော်ချမ်းသာစွ။ ဣတိဣမံဥဒါနံ၊ဤဥဒါန်းကို။ ဥဒါနေတိ၊ကျူးရင့်၏။ ဣတိ၊ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ အထခေါ၊ထိုအခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသည်၊ အည

http://www.dhammadownload.com



တရံ၊မထင်ရှားသော။ ဘိက္ခုံ၊ရဟန်းကို။ ဘိက္ခု၊ရဟန်း။ ပေဟိ၊လာလော။ တွံ၊သင်သည်။မမ၊ငါဘုရား၏။ဝစနေန၊စကားဖြင့်။ ဘန္တိယံ၊ဘန္တိယအမည်ရှိသော။ ဘိက္ခုံ၊ရဟန်းကို။ အာဝုသော ဘန္တိယ၊ ငါ့ရှင်ဘန္တိယ။ တံ၊သင့်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာမန္တေတိ၊ ခေါ်တော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေဟိ၊ခေါ်ချေလော။ဣတိ၊ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏။ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ကောင်းပါပြီ။ဣတိခေါ၊ဤသို့လျှင်။သောဘိက္ခု၊ထိုရဟန်းသည်။ဘဂဝတော၊မြတ်စွာဘုရားအား။ပဋိဿုတွာ၊ဝန်ခံ၍။ယေန၊အကြင်အရပ်၌။အာယသ္မာဘန္တိယော၊အရှင်ဘန္တိယသည်။အတ္ထိ၊ရှိ၏။တေန၊ထိုအရှင်ဘန္တိယရှိရာအရပ်သို့။ဥပသင်္ကမိ၊ကပ်လေ၏။ဥပသင်္ကမိတွာ၊ကပ်လေပြီး၍။ အာယသ္မန္တံ၊ဘန္တိယံ၊ အရှင်ဘန္တိယကို။ အာဝုသော ဘန္တိယ၊. ငါ့ရှင်ဘန္တိယ။ တံ၊သင့်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ၊အာမန္တေတိ၊ ခေါ်တော်မူ၏။ ဣတိဧဝံ၊ ဤသို့သောစကားကို။ အဝေါစ၊ဆို၏။ အာဝုသော၊ငါ့ရှင်။ ဧဝံ၊ကောင်းပါပြီ။ဣတိခေါ၊ ဤသို့လျှင်။ အာယသ္မာဘန္တိယော၊ အရှင်ဘန္တိယသည်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပဋိဿုတွာ၊ ဝန်ခံ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ရှိတော်မူ၏၊ တေန၊ ထိုမြတ်စွာဘုရားရှိတော် မူရာအရပ်သို့။ ဥပသင်္ကမိ၊ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို။ အဘိဝါဒေတွာ၊ ရှိခိုးစွာရှိခိုး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ နိသီဒိ၊ ထိုင်နေ၏။ ဧကမန္တံ၊ သင့်တင့် လျောက်ပတ်သော အရပ်၌။ နိသိန္နံခေါ၊ ထိုင်နေပြီးသော။ အာယသ္မန္တံဘန္တိယံ၊ အရှင်ဘန္တိယကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ဘန္တိယ၊ဘန္တိယ။တွံ၊သင်သည်။ အရညဂတောဝါ၊တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ လည်းကောင်း။ သုညာဂါရ ဂတောဝါ၊ ဆိတ်ငြိမ်ရာ အရပ်သို့ကပ်သည်ဖြစ်၍လည်းကောင်း။ အဘိက္ခဏံ၊မပြတ်။ အဟောသုခံ၊ ချမ်းသာစွ။အဟောသုခံ၊ချမ်းသာစွ။ဣတိဣမံဥဒါနံ၊ဤဥဒါန်းကို။ဥဒါနေသိ၊ကျူးရင့်၏။ဣတိ၊ ဤသို့။ကိရ၊အဆင့်စကားကြားရသည်ကား။ သစ္စံ၊မှန်သလော။ဣတိ၊ ဤသို့။အဝေါစ၊မိန့်တော်မူ၏။ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊မှန်ပါ၏။ဣတိ၊ ဤသို့။အဝေါစ၊လျှောက်၏။ဘန္တိယ၊ဘန္တိယ။ တွံ၊သင်သည်။ ကိံ ပန အတ္ထဝသံ၊အဘယ်သို့သောအကျိုးထူးကို။သမ္ပဿမာနော၊ကောင်းစွာမြင်သည်ဖြစ်၍။အရညဂတောဝါ၊တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ ရုက္ခမူလဂတောဝါ၊သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း၊သုညာဂါရဂ

http://www.dhammadownload.com



တောဝိ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍လည်းကောင်း။ အဘိက္ကန္တံ၊ မပြတ်။အဟောသုခံ၊ကြွေခြင်းသာစွ။အဟောသုခံ၊ကြွေချမ်းသာစွ။ ဇာတိ ဇာမံဥဒါန်၊ ဤဥဒါန်းကို။ဥဒါနေသိ၊ ကျူးရင့်သနည်း။ ဇာတိ၊ဤသို့။ပုဋ္ဌော၊ မေး တော်မူ၏။ဘန္တေ၊မြတ်စွာဘုရား။ပုဗ္ဗေ၊ရှေး၌။ မေ၊အကျွန်ုပ်သည်။ ရဇ္ဇံ၊ မင်းသည်။ သတော၊ ဖြစ်လျက်။ အန္တေပုရေ၊ နန်းတော်တွင်း၌ လည်း။ရက္ခာ၊အစောင့်အရှောက်ကို။ သုသံဝိဟိတာ၊ ကောင်းစွာစီရင်အပ် သည်။ ဟောတိ၊ ဖြစ်၏။ ဗဟိဒ္ဓါအန္တေပုရေ၊ နန်းတော် ပ၌လည်း။ ရက္ခာ၊ အစောင့်အရှောက်ကို။သုသံဝိဟိတာ၊ကောင်းစွာစီရင်အပ်သည်။ဟောတိ၊ ဖြစ်၏။အန္တောနဂရေ၊ မြို့တွင်း၌လည်း။ရက္ခာ၊အစောင့်အရှောက်ကို။သုံသံ ဝိဟိတာ၊ကောင်းစွာစီရင်အပ်သည်။ ဟောတိ၊ဖြစ်၏။ ဗဟိဒ္ဓါနဂရေ၊မြို့ပ၌ လည်း။ရက္ခာ၊အစောင့်အရှောက်ကို။သုသံဝိဟိတာ၊ ကောင်းစွာစီရင်အပ် သည်။ ဟောတိ၊ဖြစ်၏။ အန္တောဇနပဒေ၊ ဇနပုဒ်တွင်း၌လည်း။ ရက္ခာ၊ အစောင့်အရှောက်ကို။သုသံဝိဟိတာ၊ကောင်းစွာစီရင်အပ်သည်။ဟောတိ၊ ဖြစ်၏။ဗဟိဒ္ဓါဇနပဒေ၊ဇနပုဒ်ပ၌လည်း။ရက္ခာ၊အစောင့်အရှောက်ကို။ သုသံ ဝိဟိတာ၊ ကောင်းစွာစီရင်အပ်သည်။ ဟောတိ၊ဖြစ်၏။ ဘန္တေ၊ မြတ်စွာ ဘုရား။သောအဟံ၊ ထိုအကျွန်ုပ်သည်။ဧဝံ၊ဤသို့။ရက္ခိတောဝိ၊စောင့်ရှောက် အပ်ပါသော် လည်းကောင်း၊ ဂေါပိတောဝိ။ လုံခြုံစေအပ် ပါသော်လည်း ကောင်း။ ဘီတော၊ ကြောက်သည်ဖြစ်၍။ ဥဗ္ဗိဂ္ဂေါ၊ ထိတ်လန့် သည်ဖြစ်၍။ ဥဿင်္ကီ၊ ရွံ့ရှားသည်ဖြစ်၍။ဥတြာသတော၊တဖြတ်ဖြတ်လန့်သည်ဖြစ်၍။ဝိဟာ ရာမိ၊နေရပါ၏။ဘန္တေ၊မြတ်စွာဘုရား။ခေါပန၊စင်စစ်။ဧတရဟိ၊ယခုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ အရညဂတောဝိ၊ တောသို့ကပ်သည်ဖြစ်၍ လည်း ကောင်း။ရုက္ခမူလဂတောဝိ၊ သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း။ သုညာဂါရဂတောဝိ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍လည်းကောင်း။ အဘီတော၊ မကြောက်သည်ဖြစ်၍။ အနုဗ္ဗိဂ္ဂေါ၊ မထိတ်လန့်သည် ဖြစ်၍။ အနုဿင်္ကီ၊ ရွံ့ရှားခြင်းကင်းသည်ဖြစ်၍။အနုတြာသတော၊တဖြတ်ဖြတ်မလန့် သည်ဖြစ်၍။အပ္ပေါဿုက္ကော၊ အားထုတ်ခြင်းမရှိသည်ဖြစ်၍။ ပန္နလောမော၊ မထူအမွေးရှိသည်ဖြစ်၍။ပရဒတ္တဝုတ္တော၊ သူတပါးတို့သည် ပေးအပ်သော ပစ္စည်းဖြင့်အသက်မွေးခြင်းရှိသည်ဖြစ်၍။မိဂဘူတေန၊သမင်သဘွယ်ဖြစ်၍ ဖြစ်သော။စေတသာ၊စိတ်ဖြင့်။ဝိဟာရာမိ၊နေရပါ၏။ဘန္တေ၊မြတ်စွာဘုရား။အ ဟံ၊အကျွန်ုပ်သည်။ဇာမံခေါအတ္ထဝသံ၊ ဤသို့သောအကျိုးထူးကို။သမ္ပဿမာ နော၊ကောင်းစွာမြင်သည်ဖြစ်၍။အရညဂတောဝိ၊ တောသို့ကပ်သည်ဖြစ်၍

လည်းကောင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍လည်း ကောင်း။သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍လည်း ကောင်း။အဘိက္ခဏံ၊ မပြတ်။အဟောသုခံ၊ဩော်ချမ်းသာစွ။ အဟောသုခံ၊ ဩော်ချမ်းသာစွ။ဣတိဣမံဥဒါနံ၊ ဤဥဒါန်းကို။ဥဒါနေမိ၊ကျူးရင့်ပါ၏။ အထ ခေါ၊ ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ ဧတမတ္ထံ။ဤအကြောင်းကို။ဝိ ဒိတွာ၊သိတော်မူ၍။တာယံဝေလာယံ၊ထိုအခါ၌။ဣမံဥဒါနံ၊ဤဥဒါန်းကို။ဥဒါနေ သိ၊ကျူးရင့်တော်မူ၏။ကိံ ဥဒါနေသိ၊အဘယ်သို့ကျူးရင့်တော်မူသနည်း။ ။ ယဿ။အကြင်ပုဂ္ဂိုလ်၏။ အန္တရတော၊ စိတ်၌။ကောပါ၊ အမျက်ဒေါသတို့ သည်၊နသန္တိ၊မရှိကုန်။ဣတိဘဝါဘဝတဉ္စ၊ဤသို့သမ္ပတ္တိဝိပတ္တိအစရှိသော အဖြစ်ကိုလည်း။ဝီတိဝတ္တော၊လွန်ပြီ။ဝိဂတဘယံ၊ကင်းသောကြောက်ခြင်း ရှိထသော။ သုခိံ၊ ချမ်းသာခြင်းရှိထသော။အသောကံ၊ စိုးရိမ်ခြင်းမရှိထ သော၊တံ၊ထိုပုဂ္ဂိုလ်ကို။ဒေဝါ၊နတ်တို့သည်။ဒဿနာယ၊ဖူးမြင်ခြင်းငှါ။နာနု ဘဝန္တိ၊မရောက်နိုင်လေကုန်။ဣတိ၊ဤသို့။ဥဒါနေသိ ၊ဥဒါန်းကျူးရင့်တော်မူ ၏။အထခေါ၊ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။အနုပိယာယံ၊ အနုပိယ မြို့၌။ယထာဘိရန္တံ၊အလိုရှိတော်မူရွေ့။ဝိဟရိတွာ၊နေတော်မူပြီး၍။ ယေန၊ အကြင်ရပ်၌။ကောသမ္ဗီ၊ကောသမ္ဗီပြည်သည်။ အတ္ထိ၊ရှိ၏။တေန၊ ထိုကော သမ္ဗီပြည်ရှိရာအရပ်သို့။စာရိကံ၊ဒေသစာရီကို။ပက္ကာမိ၊ဖဲကြွတော်မူ၏။အနု ပုဗ္ဗေန၊အစဉ်အားဖြင့်။စာရိကံ၊ဒေသစာရီကို။စရမာနော၊ လှည့်လည်တော် မူသည်ရှိသော်။ ယေန၊အကြင်အရပ်၌။ ကောသမ္ဗီ၊ ကောသမ္ဗီပြည်သည်။ အတ္ထိ၊ရှိ၏။တံ၊ထိုကောသမ္ဗီပြည်ရှိရာအရပ်သို့။အဝသရိ၊ရောက်တော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တတြကောသမ္ဗိယံ၊ ထိုကောသမ္ဗီပြည်၌။ ဃောသိတာရာမေ၊ဃောသိတာရုံကျောင်းတော်၌။ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ထိုအခါ၌။ ဒေဝဒတ္တဿ၊ဒေဝဒတ်သည်။ ရဟောဂတဿ၊ဆိတ် ကွယ်ရာအရပ်သို့ကပ်သည်ဖြစ်၍။ပဋိသလ္လီနဿ၊တယောက်ထီးအနည်း ကိန်းအောင်းစဉ်။ယသ္မိံ၊အကြင်သူသည်။မေ၊ငါ့အား။ပသန္နေ၊ကြည်ညိုသည် ရှိသော်။ ဗဟုလာဘသက္ကာရော၊ များစွာသောလာဘ် ပူဇော်သက္ကာသည်။ ဥပ္ပဇ္ဇေယျ၊ဖြစ်ရာ၏။တံ၊တာဒိသံ၊ထိုသို့သဘောရှိသော။ ကံ၊အဘယ်သူကို။ အဟံ၊ငါသည်။[illegible]ခေါ၊ ကြည်ညိုစေရအံ့နည်း။ ဣတိ၊ဧဝံ၊ဤသို့။ စေတသော၊စိတ်၏။ ပရိဝိတက္ကော၊ အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ဧတဒဟောသိ၊ ပရိဝိ တက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ဖြစ်ပြီ။ကိံ အဟောသိ၊အဘယ်

http://www.dhammadownload.com



သို့ဖြစ်သနည်း။ ခေါ၊ဝင်စစ်။ အစာတသတ္တု၊ အစာတသတ်အမည်ရှိသော။ အယံကုမာရော၊ ဤမင်းသားသည်။ တရုတ္တောဝစေဝ၊ ငယ်လည်းငယ်သေး၏။ အာသတိ၊ နောင်အခါ၌။ ဘဒ္ဒေါစ၊ ကောင်းလည်းကောင်းရာ၏။ အဟံ၊ ငါသည်။ အစာတသတ္တုံ၊ အစာတသတ်အမည်ရှိသော။ ကုမာရံ၊ မင်းသားကို။ ပသာဒေယျံ၊ ကြည်ညိုစေရမူကား။ ယံနူန၊ ကောင်းလေစွ။ တသ္မိံ၊ ထိုအစာတသတ်မင်းသားသည်။ မေ၊ ငါအား။ ပသန္နေ၊ ကြည်ညိုသည်ရှိသော်။ ဗဟုလာဘသက္ကာရော၊ များစွာသောလာဘ်ပူဇော်သက္ကာသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ အဟောသိ၊ ဖြစ်ပြီ။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သေနာသနံ၊ အိပ်ရာနေရာကို။ သံသာမေတွာ၊ သိမ်း၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ အကြင်အရပ်၌။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရာဇဂြိုဟ်ပြည်ရှိရာအရပ်သို့။ ပက္ကာမိ၊ ဖဲသွားလေ၏။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ယေန၊ အကြင်အရပ်၌။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုရာဇဂြိုဟ်ပြည် ရှိရာအရပ်သို့။ အဝသရိ၊ ရောက်၏။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သကဝဏ္ဏံ၊ မိမိအသွင်ကို။ ပဋိသံဟရိတွာ၊ ဖျောက်၍။ ကုမာရကဝဏ္ဏံ၊ သူငယ်၏အသွင်ကို။ အဘိနိမ္မိနိတွာ၊ ဖန်ဆင်း၍။ အဟိမေခလိကော၊ မြွေကို ခါး၌ဖွဲ့၍။ အစာတသတ္တုဿ၊ အစာတသတ်အမည်ရှိသော။ ကုမာရဿ၊ မင်းသား၏။ ဥစ္ဆင်္ဂေ၊ ရင်ခွင်၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ အထခေါ၊ ထိုအခါ၌။ အစာတသတ္တု၊ အစာတသတ်အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဘီတော၊ ကြောက်သည်။ ဥဗ္ဗိဂ္ဂေါ၊ ထိတ်လန့်သည်။ ဥဿင်္ကီ၊ ရွံ့ရှာသည်။ ဥတြာသတော၊ တဖြတ် ဖြတ်လန့်သည်။ အဟောသိ၊ ဖြစ်ပြီ။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ အစာတသတ္တုံ၊ အစာတသတ်အမည်ရှိသော၊ ကုမာရံ၊ မင်းသားကို။ ကုမာရ၊ မင်းသား။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ဘာယသိ၊ ကြောက်သလော။ ဣတိ၊ ဤသို့သော စကားကို။ အဝေါစ၊ ဆို၏။ အာမဘာယာမိ၊ ကြောက်ပါ၏။ တွံ၊ သင်သည်။ ကော၊ အဘယ်သူသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ အဟံ၊ ငါသည်။ ဒေဝဒတ္တော၊ ဒေဝဒတ်တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ တွံ၊ သင်သည်။ အယျော ဒေဝဒတ္တော၊ အရှင်ဒေဝဒတ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဣင်္ဃ၊ တိုက်တွန်းပါ၏။ သကေနေဝ ဝဏ္ဏေန၊ မိမိအသွင်ဖြင့်သာလျှင်။ ပါတုဘဝဿု၊ ထင်ရှားဖြစ်ပါလော။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ အထခေါ၊ ထိုအခါ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။

ကုမာရကဝဏ္ဏံ၊ သူငယ်၏အသွင်ကို။ ပဋိသံဟရိတွာ၊ ဖျောက်၍။ သံဗာဒိ
ပတ္တစီဝရဓရော၊ ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်လျက်။ အဇာတသတ္တု၊ သား၊
အဇာတကသတ်အမည်ရှိသော။ ကုမာရဿ၊ မင်းသား၏။ ပုရတော၊ ရှေ့၌။
အဋ္ဌာသိ၊ ရပ်၏။ အထခေါ၊ ထိုအခါ၌။ အဇာတသတ္တု၊ အဇာတသတ်အမည်
ရှိသော။ ကုမာရော၊ မင်းသားသည်။ ဒေဝဒတ္တဿ၊ ဒေဝဒတ်၏။ ဣမိနာ ဣဒ္ဓိပါ
ဋိဟာရိယေန၊ ဤတန်ခိုးပြာဋိဟာဖြင့်။ အတိပ္ပသန္နော၊ အလွန်ကြည်ညိုသည်
ဖြစ်၍။ ပဉ္စဟိရထသတေဟိ၊ ငါးရာသောရထားတို့ဖြင့်။ သာယံပါတံ၊ ညနံ
နက်။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ပဉ္စထာလိပါကသတာနိစ၊
ငါးရာသောခွက်ချက်အိုးတို့ဖြင့်လှူအပ်သောဆွမ်းတို့ကိုလည်း။ ဘတ္တာဘိ
ဟာရော၊ ဆွမ်းကိုရှေးရှုဆောင်သည်ကို။ အဘိဟရိယျတိ၊ ရှေးရှုဆောင်
အပ်၏။ အထခေါ၊ ထိုအခါ၌။ လာဘသက္ကာရသိလောကေန၊ လာဘ်ပူဇော်
သက္ကာရကျော်စောခြင်းသည်။ အဘိဘူတဿ၊ နှိပ်စက်အပ်သော။ ပရိယာ
ဒိန္နစိတ္တဿ၊ ထက်ဝန်းကျင်မှ ယူအပ်သော စိတ်ရှိသော။ ဒေဝဒတ္တဿ၊
ဒေဝဒတ်အား။ အဟံ၊ ငါသည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပရိဟ
ရိဿာမိ၊ ဆောင်အံ့။ ဣတိ၊ ဤသို့။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဣစ္ဆာဂတံ၊
အလိုဆိုးသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ စိတ္တုပ္ပါဒါစ၊ စိတ်ဖြစ်သည်နှင့်သာလျှင်။ သဟာ၊
တဂ္ဂ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ တသ္မာ ဣဒ္ဓိယာ၊ ထိုတန်ခိုးမှ။ ပရိဟာ
ရိ၊ ယုတ်လေ၏။ ။တေနခေါပနသမယေန၊ ထိုအခါ၌။ အာယသ္မတော မဟာ
မောဂ္ဂလ္လာနဿ၊ အရှင်မဟာမောဂ္ဂလာန်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေး
ဖြစ်သော။ ကောဠိယပုတ္တော၊ ကောဠိယမင်းသားဖြစ်သော။ ကကုဓောနာမ၊
ကကုဓအမည်ရှိသောသူသည်။ အစိရနာ၊ မကြာမြင့်မီ။ ကာလံကတော၊ သေ
ခြင်းကိုပြုအပ်သည်ဖြစ်၍။ အညတရံ၊ အမှတ်မရှိသော။ မနောမယံ၊ စိတ်ဖြင့်
ပြီးသော။ ကာယံ၊ နတ်ပြည်၌။ ဥပပန္နော၊ ဖြစ်၏။ တဿ၊ ထိုကကုဓနတ်သား
အား။ မာဂဓကာနိ၊ မဂဓတိုင်း၌ဖြစ်ကုန်သော။ ဒွေဝါ၊ နှစ်ခုလည်းဖြစ်ကုန်
သော။ တီဏိဝါ၊ သုံးခုလည်းဖြစ်ကုန်သော။ ဂါမခေတ္တာနိ၊ သေယျထာပိနာမ၊
ဂါမခေတ်တို့ကဲ့သို့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အတ္တဘာဝပဋိလာ
ဘော၊ အတ္တဘောကိုရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုကကုဓနတ်
သားသည်။ တေန အတ္တဘာဝပဋိလာဘေန၊ ထိုအတ္တဘောကို ရခြင်းဖြင့်။
အတ္တာနံ၊ မိမိကိုယ်ကို။ နေဝဗျာဗာဓေတိ၊ မနှိပ်စက်စေ။ ပရံ၊ သူတပါးကို။
နဗျာဗာဓေတိ၊ မနှိပ်စက်စေ။ အထခေါ၊ ထိုအခါ၌။ ကကုဓော၊ ကကုဓအမည်
ရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ယေန၊ အကြင်အရပ်၌။ အာယသ္မာ

မဟာမောဂ္ဂလာနေ၁၊ အရှင်မဟာ မောဂ္ဂလာန်သည်။ အဇ္ဈိ၊ ရှိ၏။ တေန၊
ထိုအရှင်မဟာမောဂ္ဂလာန်ရှိရာအရပ်သို့။ ဥပသင်္ကမိ၊ကပ်လေ၏။ဥပသင်္က
မိတွာ၊ကပ်လေပြီး၍။အာယသ္မန္တံ့မဟာမောဂ္ဂလာနံ၊အရှင်မဟာမောဂ္ဂလာန်
ကို။အဘိဝါဒေတွာ၊ရှိသေစွာရှိခိုး၍။ ဧကမန္တံ၊သင့်တင့်လျောက်ပတ်သော
အရပ်၌။ အဋ္ဌာသိ၊ရပ်၏။ ဧကမန္တံ၊ သင့်တင့်လျောက် ပတ်သောအရပ်၌။
ဌိတော၊ရပ်ပြီးသော။ ကကုဓော၊ ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊
နတ်သားသည်။အာယသ္မန္တံ့မဟာမောဂ္ဂလာနံ၊အရှင်မဟာမောဂ္ဂလာန်ကို။
ဘန္တေ၊အရှင်ဘုရား။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာ
ကျော်စော ခြင်းသည်။ အဘိဘူတဿ၊ နှိပ်စက်အပ်သော။ ပရိယာဒိန္န
စိတ္တဿ၊ ထက်ဝန်းကျင်မှယူအပ်သောစိတ်ရှိသော။ ဒေဝဒတ္တဿ၊ဒေဝ
ဒတ်အား။အဟံ၊ငါသည်။ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ပရိဟရိဿာမိ၊
ဆောင်အံ့။ဣတိ၊ဤသို့။ဧဝရူပံ၊ဤသို့သဘောရှိသော။ ဣစ္ဆာဂတံ၊အလိုဆိုး
သည်။ ဥပ္ပဇ္ဇိ၊ဖြစ်၏။ ဘန္တေ၊အရှင်ဘုရား။ စိတ္တုပ္ပါဒါ၀၊ စိတ်ဖြစ်သည်နှင့်
သာလျှင်။ သဟ၊ တကွ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ တဿာဣဒ္ဓိယာ၊
ထိုတန်ခိုးမှ။ပရိဟီနော၊ယုတ်လေ၏။ ဣတိ၊ဧဝံ၀စနံ၊ဤသို့သောစကားကို။
အဝေါစ၊ လျှောက်၏။ ကကုဓော၊ ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊
နတ်သားသည်။ ဣဒံ၀စနံ၊ဤစကားကို။ အဝေါစ၊ဆို၏။ ဣဒံ၀စနံ၊ဤစကား
ကို။ဝတွာ၊ ဆိုပြီး၍။ အာယသ္မန္တံ့ မဟာမောဂ္ဂလာနံ၊ အရှင်မဟာ မောဂ္ဂ
လာန်ကို။ အဘိဝါဒေတွာ၊ ရှိသေစွာရှိခိုး၍။ ပဒက္ခိဏံ၊ လကျ်ာရစ် လည်
သည်ကို။ ကတွာ၊ ပြု၍။ တတ္ထေဝ၊ ထိုအရပ်မှ သာလျှင်။ အန္တရဓာယိ၊
ကွယ်လေ၏။အထခေါ၊ထိုအခါ၌။ အာယသ္မာမဟာမောဂ္ဂလာနော၊ အရှင်
မောဂ္ဂလာန်သည်။ ယေန၊ အကြင်အရပ်၌။ ၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။
အဇ္ဈိ၊ရှိတော်မူ၏။တေန၊ထိုမြတ်စွာဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္က
မိ၊ကပ်လေ၏။ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။
အဘိဝါဒေတွာ၊ရှိသေစွာရှိခိုး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအ
ရပ်၌။ နိသီဒိ၊ထိုင်နေ၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။
နိသိန္နောခေါ၊ ထိုင်နေပြီးသော။ အာယသ္မာမဟာမောဂ္ဂလာနော၊ အရှင်မဟာ
မောဂ္ဂလာန်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ၀စနံ၊ ဤစကားကို။
အဝေါစ၊လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။ ဘန္တေ၊
မြတ်စွာဘုရား။ မမ၊ အကျွန်ုပ်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော။
ကောဠိယပုတ္တော၊ ကောဠိယ မင်းသားဖြစ်သော။ ကကုဓောနာမ၊ ကကုဓ

အမည်ရှိသောသူသည်။ အရုနာ၊ မကြာမြင့်မီ။ ကာလကတော၊ သေခြင်းကိုပြု
အပ်သည်ဖြစ်၍။ အညတရံ၊ အမှတ်မရှိသော။ မနောမယံ၊ စိတ်ဖြင့်ပြီးသော။
ကာယံ၊ နတ်ပြည်၌။ ဥပပန္နော၊ ဖြစ်၏။ တဿ၊ ထိုကကုဓ နတ်သားအား။
မာဂဓကာနိ၊ မဂဓတိုင်း၌ဖြစ်ကုန်သော။ ဒွေဝါ၊ နှစ်ခုလည်းဖြစ်ကုန်သော။
တီဏိဝါ၊ သုံးခုလည်းဖြစ်ကုန်သော၊ ဂါမခေတ္တာနိ၊ သေယျထာပိနာမ၊ ဂါမ
ခေတ်တို့ကဲ့သို့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အတ္တဘာဝပဋိလာဘော၊
အတ္တဘောကိုရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုကကုဓနတ်သား
သည်။ တေန အတ္တဘာဝပဋိလာဘေန၊ ထိုအတ္တဘောကိုရခြင်းဖြင့်။ အတ္တာနံ၊
မိမိကိုယ်ကို။ နေဝဗျာဗာဓေတိ၊ မနှိပ်စက်စေ။ ပရံ၊ သူတပါးကို။ နဗျာဗာဓေ
တိ၊ မနှိပ်စက်စေ။ ဘန္တေ၊ မြတ်စွာဘုရား။ အထခေါ၊ ထိုအခါ၌။ ကကုဓော၊
ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ယေန၊ အကြင်အရပ်၌။
အဟံ၊ အကျွန်ုပ်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအကျွန်ုပ်ရှိရာအရပ်သို့။ ဥပ
သင်္ကမိ၊ ကပ်ရော၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ မံ၊ အကျွန်ုပ်ကို။ အဘိဝါ
ဒေတွာ၊ ရိုသေစွာရှိခိုး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။
အဋ္ဌာသိ၊ ရပ်၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်
သောအရပ်၌။ ဌိတောခေါ၊ ရပ်ပြီးသော။ ကကုဓော၊ ကကုဓအမည်ရှိသော။
ဒေဝပုတ္တော၊ နတ်သားသည်။ မံ၊ အကျွန်ုပ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါ
စ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။ ဘန္တေ၊ အရှင်
ဘုရား။ လာဘသက္ကာရသိလောကေန၊ လာဘ်ပူဇော်သက္ကာရကျော်စောခြင်း
သည်။ အဘိဘူတဿ၊ နှိပ်စက်အပ်သော။ ပရိယာဒိန္နစိတ္တဿ၊ ယက်ဝန်း
ကျင်မှ ယူအပ်သောစိတ်ရှိသော။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ အယံ၊ ဤ
သည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပရိဟရိဿာမိ၊ ဆောင်အံ့။ ဣတိ၊ ဤ
သို့။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဣစ္ဆာဂတံ၊ အလိုဆိုးသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။
ဘန္တေ၊ အရှင်ဘုရား။ စိတ္တုပ္ပါဒါဝ၊ စိတ်ဖြစ်သည်နှင့်သာလျှင်။ သဟ၊ တကွ။
ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ တဿာ ဣဒ္ဓိယာ၊ ထိုတန်ခိုးမှ။ ပရိဟီနော၊ ယုတ်
လေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကကုဓော၊
ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ဣဒံဝစနံ၊ ဤစကားကို။
အဝေါစ၊ လျှောက်၏။ ဣဒံဝစနံ၊ ဤသို့သောစကားကို။ ဝတွာ၊ လျှောက်ပြီး၍။
မံ၊ အကျွန်ုပ်ကို။ အဘိဝါဒေတွာ၊ ရိုသေစွာရှိခိုး၍။ ပဒက္ခိဏံ၊ လက်ျာရစ်
လည်သည်ကို။ ကတွာ၊ ပြု၍။ တတ္ထေဝ၊ ထိုအရပ်မှသာလျှင်။ အန္တရဓာယိ၊
ကွယ်လေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။

တေ၊ သင်သည်။ ကကုဓော၊ ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သား
ကို။ စေတသာ၊ မိမိစိတ်ဖြင့်။ စေတော၊ သူတပါးစိတ်ကို။ ပရိစ္စ၊ ပိုင်းခြား၍။ ဝိဒိ
တောကိံပန၊ သိအပ်သလော။ ယံကိဉ္စိ၊ အလုံးစုံသောစကားကို။ ကကုဓော၊
ကကုဓ အမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ဘာသတိ၊ ဆို၏။
တံသဗ္ဗံ၊ ထိုအလုံးစုံသောစကားသည်။ တထေဝ၊ ထိုကကုဓနတ်သားဆို
တိုင်းပင်လျှင်။ ဟောတိကိံပန၊ ဖြစ်သလော။ အညထာ၊ တပါးသောအခြင်း
အရာဖြင့်။ နောဟောတိကိံပန၊ မဖြစ်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ
၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကကုဓော၊ ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊
နတ်သားသည်။ စေတသာ၊ မိမိစိတ်ဖြင့်။ စေတော၊ သူတပါးစိတ်ကို။ ပရိစ္စ၊
ပိုင်းခြား၍။ မေ မယာ၊ အကျွန်ုပ်သည်။ ဝိဒိတော၊ သိအပ်ပါ၏။ ယံကိဉ္စိ၊ အလုံး
စုံသောစကားကို။ ကကုဓော။ ကကုဓအမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သား
သည်။ ဘာသတိ၊ ဆို၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော စကားသည်။ တထေဝ၊
ထိုအတူသာလျှင်။ ဟောတိ၊ ဖြစ်၏။ အညထာ၊ တပါးသောအခြင်းအရာဖြင့်။
နောဟောတိ၊ မဖြစ်ပါ။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မောဂ္ဂလာန၊ မောဂ္ဂ
လာန်။ ဧတံဝါစံ၊ ဤကကုဓနတ်သားဆိုသောစကားကို။ ရက္ခဿု၊ စောင့်ရှော
လော။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ဧတံဝါစံ၊ ဤကကုဓနတ်သားဆိုသောစကား
ကို။ ရက္ခဿု၊ စောင့်ရှောက်လော။ ဣဒါနိ၊ ယခုအခါ၌။ သော မောဃပုရိသော၊
ထိုမဂ်ဖိုလ်မှအချည်းနှီးသောယောကျ်ားသည်။ အတ္တနာဝ၊ မိမိကိုယ်တိုင်
သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပါတုကရိဿတိ၊ ထင်စွာပြုလတ္တံ့။ မောဂ္ဂ
လာန၊ မောဂ္ဂလာန်။ လောကသ္မိံ၊ လောက၌။ သန္တောသံဝိဇ္ဇမာနာ၊ ထင်ရှားရှိ
ကုန်သော။ သတ္ထာရော၊ ဆရာတို့သည်။ ဣမေပဉ္စ၊ ဤငါးယောက်တို့တည်း။
ပဉ္စ၊ ငါးယောက်တို့ဟူကုန်သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ မောဂ္ဂ
လာန၊ မောဂ္ဂလာန်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ သတ္ထာ၊ ဆရာ
သည်။ အပရိသုဒ္ဓသီလော၊ မစင်ကြယ်သောသီလရှိသည်။ သမာနော၊ ဖြစ်
လျက်။ ပရိသုဒ္ဓသီလော၊ စင်ကြယ်သောသီလရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့
လည်းကောင်း။ မေ၊ ငါ၏။ သီလံ၊ သီလသည်။ ပရိသုဒ္ဓံ၊ စင်ကြယ်၏။ ပရိယော
ဒါတံ၊ ဖြူးဖြူးဖြက်ရှိ၏။ အသံကိလိဋ္ဌံ၊ မညစ်နွမ်း။ ဣတိ၊ ဤသို့လည်းကောင်း။
ပဋိဇာနာတိ၊ ဝန်ခံ၏။ တမေနံ၊ ထိုဆရာကြီးကို။ သာဝကာ၊ တပည့်တို့သည်။
အယံခေါ ဘဝံ သတ္ထာ၊ ဤအရှင်ဆရာသည်။ အပရိသုဒ္ဓသီလော၊ မစင်ကြယ်
သောသီလရှိသည်။ သမာနော၊ ဖြစ်လျက်။ ပရိသုဒ္ဓသီလော၊ စင်ကြယ်သော
သီလရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့လည်းကောင်း။ မေ၊ ငါ၏။ သီလံ၊ သီလ

http://www.dhammadownload.com



သည်။ပရိသုဒ္ဓံ၊စင်ကြယ်၏။ပရိယောဒါတံ၊ဖြူးဖြူးဖြက်ရှိ၏။ အသံကိလိဋ္ဌံ၊ မညစ်နွမ်း။ဆုတိ၊ဤသို့လည်းကောင်း။ ပဋိဇာနာတိ၊ ဝန်ခံ၏။မယဉ္စေဝ၊ငါတို့သည်သာလျှင်၊ခေါ်ပန၊ စင်စစ်။ဂိဟီနံ၊လူတို့အား။ အာရောစေယျာမ၊ကြားကုန်ငြားအံ့။ အဿ၊ထိုဆရာကြီးအား။ မနာပံ၊နှလုံးကိုပွားစေ တတ်သည်။ နအဿ၊မဖြစ်လေတန်ရာ။ယံ၊အကြင်အမှုသည်။ခေါ်ပန၊စင်စစ်။အဿ၊ထို ဆရာကြီးအား။၊အမနာပံ၊ နှလုံးကိုမပွါးစေတတ်။တေန၊ ထိုအမှု၏နှံ၊ထို ဆရာကြီးကို။ကထံ၊ အဘယ်သို့လျှင်။မယံ၊ငါတို့သည်။သမုဒါစရေယျာမ၊ ပြောဆိုရကုန်အံ့နည်း။ ခေါ်ပန၊စင်စစ်၊ စီဝရပိဏ္ဍပါတသေနာသနဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရေန။ သင်္ကန်းဆွမ်းကျောင်းသူနာတို့၏ အထောက် အပံ့အသက်၏။ အရံအတားဖြစ်သောဆေး။ ပရိက္ခာရာဖြင့်။ သမ္မန္နတိ၊ မြတ် နိုး၏။ယံ၊အကြင်အမှုကို။တုမော၊ထိုဆရာကြီးသည်။ကရိဿတိ၊ပြုလတ္တံ့။ တေန၊ထိုအမှုဖြင့်။တုမောဝ၊ထိုဆရာကြီးသည်သာလျှင်။ ပညာယိဿတိ၊ ထင်ရှားလတ္တံ့။ဆုတိဇေဝံ၊ ဤသို့။ဇာနန္တိ၊သိကုန်၏။ မောဂ္ဂလာန၊မောဂ္ဂလာန်။ ခေါ်၊စင်စစ်။ ဧဝရူပံ၊ဤသို့သဘောရှိသော။ သတ္ထာရံ၊ဆရာကို။သာဝကာ၊ တပည့်တို့သည်။ သီလတော၊သီလမှ။ ရက္ခန္တိ၊စောင့်ရှောက်ကုန်၏။ဧဝရူ ပေါ၊ဤသို့သဘောရှိသည်လည်းဖြစ်သော။သတ္ထာ၊ဆရာသည်။သာဝကေ ဟိ၊တပည့်တို့မှ။ သီလတော၊သီလမှ။ ရက္ခံ၊အစောင့်အရှောက်ကို။ပစ္စာသိ သတိ၊တောင့်တ၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ပုနစ၊တဖန်လည်း။ အပရံ၊ တပါးတုံ။ ဣဓ၊ဤလောက၌။ ဧကစ္စော၊အချို့သော။ သတ္ထာ၊ ဆရာသည်။ အပရိသုဒ္ဓါဇီဝေါ၊ မစင်ကြယ်သော အသက်မွေးခြင်းရှိသည်။ သမာနော၊ ဖြစ်လျက်။ ပရိသုဒ္ဓါဇီဝေါ၊စင်ကြယ်သောအသက်မွေးခြင်းရှိသည်။ အဟံ၊ ဖြစ်၏။ ဆုတိ၊ဤသို့လည်းကောင်း။ မေ၊ငါ၏။ အာဇီဝေါ၊ အသက်မွေးခြင်း သည်။ပရိသုဒ္ဓေါ၊စင်ကြယ်၏။ ပရိယောဒါတော၊ဖြူးဖြူးဖြက်ရှိ၏။ အသံကိ လိဋ္ဌော၊မညစ်နွမ်း။ဆုတိ၊ဤသို့လည်းကောင်း။ပဋိဇာနာတိ၊ဝန်ခံ၏။တမေနံ၊ ထိုဆရာကြီးကို။သာဝကာ၊တပည့်တို့သည်။ အယံခေါ ဘဝံသတ္ထာ၊ ဤအ ရှင်ဆရာသည်။ အပရိသုဒ္ဓါဇီဝေါ၊ မစင်ကြယ်သော အသက်မွေးခြင်းရှိ သည်။ သမာနော၊ဖြစ်လျက်။ ပရိသုဒ္ဓါဇီဝေါ၊စင်ကြယ်သော အသက်မွေး ခြင်းရှိသည်။ အဟံ၊ဖြစ်၏။ ဆုတိ၊ဤသို့လည်းကောင်း။ မေ၊ငါ၏။အာဇီဝေါ၊ အသက်မွေးခြင်းသည်။ ပရိသုဒ္ဓေါ၊စင်ကြယ်၏။ ပရိယောဒါတော၊ ဖြူးဖြူး ဖြက်ရှိ၏။ အသံကိလိဋ္ဌော၊မညစ်နွမ်း။ ဆုတိ၊ဤသို့လည်းကောင်း။ ပဋိဇာ နာတိ၊ဝန်ခံ၏။ မယဉ္စေဝ၊ ငါတို့သည်သာလျှင်။ခေါ်ပန၊စင်စစ်။ဂိဟီနံ၊လူတို့

အား။ အာရောစေယျာမ၊ ကြားကုန်ငြားအံ့။ အသူ၊ ထိုဆရာကြီးအား။
မနာပ်၊ နှလုံးကိုပွားစေတတ်သည်။ နအသူ၊ မဖြစ်လေတန်ရာ။ ယံ၊ အကြောင်း
အမှုသည်။ ခေါ်ပန၊ စင်စစ်။ အသူ၊ ထိုဆရာကြီးအား။ အမနာပ်၊ နှလုံးကို
မပွားစေတတ်။ တေန၊ ထိုအမှုဖြင့်။ နံ၊ ထိုဆရာကြီးကို။ ကထံ၊ အဘယ်သို့
လျှင်။ မယံ၊ ငါတို့သည်။ သမုဒါစရေယျာမ၊ ပြောဆိုရကုန်အံ့နည်း။ ခေါ်ပန၊
စင်စစ်။ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရာနံ၊
သင်္ကန်းဆွမ်း ကျောင်း သူနာတို့၏အထောက်အပံ့ အသက်၏အရံအတား
ဖြစ်သောဆေး ပရိက္ခရာဖြင့်။ သမ္ပန္နတိ၊ ပြတ်နိုး၏။ ယံ၊ အကြောင်းအမှုကို။
တုမော၊ ထိုဆရာကြီးသည်။ ကရိသ္သတိ၊ ပြုလတ္တံ့။ တေန၊ ထိုအမှုဖြင့်၊ တုမော
ဝ၊ ထိုဆရာကြီးသည်သာလျှင်။ ပညာယိဿတိ၊ ထင်ရှားလတ္တံ့။ ဇာတိဇိဝံ
ဤသို့။ ဓာနန္တိ၊ သိကုန်၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ခေါ်၊ စင်စစ်။ ဧဝရူပံ၊
ဤသို့သဘော ရှိသော။ သတ္ထာရံ၊ ဆရာကို။ သာဝကာ၊ တပည့်တို့သည်။
အာဇီဝတော၊ အသက်မွေးခြင်းမှ။ ရက္ခန္တိ၊ စောင့်ရှောက်ကြကုန်၏။ ဧဝရူပေါ
စပန၊ ဤသို့သဘောရှိသည်သာလျှင်ဖြစ်သော။ သတ္ထာ၊ ဆရာသည်။ သာဝ
ကေဟိ၊ တပည့်တို့မှ။ အာဇီဝတော၊ အသက်မွေးခြင်းမှ။ ရက္ခံ၊ အစောင့်
အရှောက်ကို။ ပစ္စာသိသတိ၊ တောင့်တ၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ပုန စ၊
ထိုအာန်လည်း။ အပရံ၊ တပါးတုံ။ ဣဓ၊ ဤသာသနာ၌။ ဧကစ္စော၊ အချို့သော။
သတ္ထာ၊ ဆရာသည်။ အပရိသုဒ္ဓဓမ္မဒေသနော၊ မစင်ကြယ်သောတရားဟော
ခြင်းရှိသည်။ သမာနော၊ ဖြစ်လျက်။ ပရိသုဒ္ဓဓမ္မဒေသနော၊ စင်ကြယ်သော
တရားဟောခြင်းရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့လည်းကောင်း။ မေ၊ ငါ၏။
ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ ပရိသုဒ္ဓါ၊ စင်ကြယ်၏။ ပရိယောဒါတာ၊
ပြိုးပြိုးပြက်ရှိ၏။ အသံကိလိဋ္ဌာ၊ မညစ်နွမ်း။ ဣတိ၊ ဤသို့လည်းကောင်း။
ပဋိဇာနာတိ၊ ဝန်ခံ၏။ တမေနံ၊ ထိုဆရာကြီးကို။ သာဝကာ၊ တပည့်တို့သည်။
အယံခေါ်ဘဝံသတ္ထာ၊ ဤအရှင်ဆရာသည်။ အပရိသုဒ္ဓဓမ္မဒေသနော၊ မစင်
ကြယ်သောတရားဟောခြင်းရှိသည်။ သမာနော၊ ဖြစ်လျက်။ ပရိသုဒ္ဓဓမ္မဒေ
သနော၊ စင်ကြယ်သော တရားဟောခြင်းရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့
လည်းကောင်း။ မေ၊ ငါ၏။ ဓမ္မဒေသနာ၊ တရားဟော ခြင်းသည်။ ပရိသုဒ္ဓါ၊
စင်ကြယ်၏။ ပရိယောဒါတာ၊ ပြိုးပြိုးပြက်ရှိ၏။ အသံကိလိဋ္ဌာ၊ မညစ်နွမ်း။
ဣတိ၊ ဤသို့လည်းကောင်း။ ပဋိဇာနာတိ၊ ဝန်ခံ၏။ မယဉ္စေဝ၊ ငါတို့သည်သာ
လျှင်။ ခေါ်ပန၊ စင်စစ်။ ဂိဟီနံ၊ လူတို့အား။ အာရောစေယျာမ၊ ကြားကုန်ငြားအံ့။
အသူ၊ ထိုဆရာကြီးအား။ မနာပ်၊ နှလုံးကို ပွားစေတတ်သည်။ နအသူ၊

http://www.dhammadownload.com



မဖြစ်လေတန်ရာ။ ယံ၊အကြြင်အမှုသည်။ ခေါပန၊စင်စစ်။ အသော၊ ထိုဆရာ
ကြီးအား။ အမနာပံ၊ နှလုံးကိုမပွားစေတတ်။ တေန၊ထိုအမှုဖြင့်။ နံ၊ထိုဆရာ
ကြီးကို။ ကထံ၊ အဘယ်သို့လျှင်။ မယံ၊ ငါတို့သည်။ သရဒါစရေယျာမ၊
ပြောဆိုရကုန်အံ့နည်း။ ခေါပန၊ စင်စစ်။ ဝိဝရဝိဏ္ဏုပါတသေနာသနဂိလာန
ပစ္စယဘေသဇ္ဇပရိက္ခာရေန၊ သင်္ကန်းဆွမ်းကျောင်း သူနာတို့၏အထောက်
အပံ့အသောက်၏အရံအတားဖြစ်သောဆေးပရိက္ခရာဖြင့်။သမ္ပန္နတိ၊ပြတ်နိုး၏၊
ယံ၊အကြြင်အမှုကို။တုမော၊ထိုဆရာကြီးသည်။ကရိဿတိ၊ပြုလတ္တံ့။တေန၊
ထိုအမှုဖြင့်။တုမော၀၊ထိုဆရာကြီးသည်သာလျှင်။ပညာယိဿတိ၊ထင်ရှား
လတ္တံ့။ ဣတိဝံ၊ဤသို့၊ ဇာနန္တိ၊ သိကုန်၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်၊ ခေါ၊
စင်စစ်။ ဝေရုပ်၊ ဤသို့သဘော ရှိသော။ သတ္ထာရံ၊ ဆရာကို။ သာဝကာ၊
တပည့်တို့သည်။ မွေ့ဒေသနတော၊ တရားဟောခြင်းမှ။ ရက္ခန္တိ၊ စောင့်
ရှောက်ကုန်၏။ ဝေရူပေါစပန၊ ဤသို့သဘောရှိသည် သာလျှင်ဖြစ်သော။
သတ္ထာ၊ ဆရာသည်။သာဝကေဟိ၊ တပည့်တို့မှ။ မွေ့ဒေသနတော၊ တရား
ဟောခြင်းမှ။ရက္ခံ၊အစောင့်အရှောက်ကို။ပစ္စာသိသတိ၊ တောင့်တ၏။မောဂ္ဂ
လာန၊မောဂ္ဂလာန်။ ပုနစ၊တဘန်လည်း။၊အပရံ၊တပါးတုံ။ဣဓ၊ ဤလောက၌။
ဧကစ္စော၊ အချို့သော။သတ္ထာ၊ ဆရာသည်။ အပရိသုဒ္ဓဝေယျာ ကရဏော၊
မစင်ကြယ်သောကြားခြင်းရှိသည်။သမာနော၊ ဖြစ်လျက်။ ပရိသုဒ္ဓဝေယျာ
ကရဏော၊စင်ကြယ်သောကြားခြင်းရှိသည်။အမှိ၊ဖြစ်၏ ဣတိ၊ဤသို့လည်း
ကောင်း။မေ၊ငါ၏။ဝေယျာကရဏံ၊ကြားခြင်းသည်။ ပရိသုဒ္ဓံ၊ စင်ကြယ်၏။
ပရိယောဒါတံ၊ဖြူးဖြူးဖြက်ရှိ၏၊အသံကိလိဋ္ဌံ၊မညစ်နွမ်း၊ ဣတိ၊ ဤသို့လည်း
ကောင်း။ပဋိဇာနာတိ၊ဝန်ခံ၏။တမေနံ၊ထိုဆရာကြီးကို။ သာဝကာ၊တပည့်
တို့သည်။အဿံခေါဘဝံသတ္ထာ၊ဤအရှင်ဆရာသည်။ အပရိသုဒ္ဓဝေယျာက
ရဏော၊မစင်ကြယ်သောကြားခြင်းရှိသည်။ သမာနော၊ဖြစ်လျက်။ ပရိသုဒ္ဓ
ဝေယျာကရဏော၊စင်ကြယ်သောကြားခြင်းရှိသည်။အမှိ၊ဖြစ်။ ဣတိ၊ ဤသို့
လည်းကောင်း။မေ၊ငါ၏။ ဝေယျာကရဏံ၊ ကြားခြင်းသည်။ ပရိသုဒ္ဓံ၊ စင်
ကြယ်၏၊ ပရိယောဒါတံ၊ဖြူးဖြူးဖြက်ရှိ၏။ အသံကိလိဋ္ဌံ၊မညစ်နွမ်း။ ဣတိ၊
ဤသို့လည်းကောင်း။ပဋိဇာနာတိ၊ဝန်ခံ၏။မယဉ္စေဝ၊ ငါတို့သည်သာလျှင်။
ခေါပန၊စင်စစ်၊ဂိဟီနံ၊လူတို့အား။အာရောစေယျာမ၊ကြားကုန်ငြားအံ့။အသော
ထိုဆရာကြီးအား။မနာပံ၊ နှလုံးကိုပွါးစေတတ်သည်။ နအသော၊ မဖြစ်လေ
တန်ရာ၊ယံ၊အကြြင်အမှုသည်။ ခေါပန၊စင်စစ်။အသော၊ထိုဆရာကြီးအား။အ
မနာပံ၊နှလုံးကိုမပွါးစေတတ်။တေန၊ ထိုအမှုဖြင့်။နံ၊ထိုဆရာကြီးကို၊ ကထံ၊

http://www.dhammadownload.com



အဘာယ်သို့လျှင်။မယံ၊ငါတို့သည်။သမုဒါစရေယျာမ၊ ပြောဆိုရကုန်အံ့နည်း။ ခေါ်ပနု၊စင်စစ်။စိဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေဘဇ္ဇပရိက္ခာရေန၊သက်န်းဆွမ်းကျောင်းသူနာတို့၏ အထောက်အပံ့အသက်၏အရံအတား ဖြစ်သောဆေးပရိက္ခာရာဖြင့်။ သမ္မန္နတိ၊ မြတ်နိုး၏။ယံ၊ အကြင်အမှုကို။တု မော၊ထိုဆရာကြီးသည်။ကရိဿတိ၊ပြုလတ္တံ့။တေန၊ထိုအမှုဖြင့်။တုမော၀၊ ထိုဆရာကြီးသည်သာလျှင်။ပညာယိဿတိ၊ထင်ရှားသတ္တံ့၊ဣတိဧဝံ၊ဤသို့ စာနန္တိ၊သိကုန်၏။ မောဂ္ဂလာန၊မောဂ္ဂလာန်။ ခေါ်ပနု၊စင်စစ်။ ဧဝရူပံ၊ဤသို့ သဘောရှိသော။သတ္ထာရံ၊ ဆရာကို။သာဝကာ၊ တပည့်တို့သည်။ ဝေယျာ ကရဏာဇတာ၊ကြားခြင်းမှ။ရက္ခန္တိ၊စောင့်ရှောက်ကုန်၏။ဧဝရူပေါစပန၊ဤသို့ သဘောရှိသည် သာလျှင်ဖြစ်သော။ သတ္ထာ၊ ဆရာသည်။ သာဝကေဟိ၊ တပည့်တို့မှ။ ဝေယျာကရဏာတော၊ ကြားခြင်းမှ။ရက္ခံ၊ အစောင့်အရှောက် ကို။ပစ္စာသိသတိ၊တောင့်တ၏။မောဂ္ဂလာန၊မောဂ္ဂလာန်။ပုနစ၊တဘန်လည်း။ အပရံ၊ တပါးတုံ။ ဣဓ၊ ဤသောကဝ်၌။ဧကစ္စော၊ အချို့သော။ သတ္ထာ၊ ဆရာ သည်။ အပရိသုဒ္ဓဉာဏဒဿနော၊ မစင်ကြယ်သော ဉာဏ်အမြင်ရှိသည်။ သမာနော၊ဖြစ်လျက်။ပရိသုဒ္ဓဉာဏဒဿနော၊စင်ကြယ်သောဉာဏ်အမြင်ရှိ သည်၊အမှို၊ဖြစ်၏။ဣတိ၊ဤသို့လည်းကောင်း။မေ၊ငါ၏။ ဉာဏဒဿနံ၊ဉာဏ် အမြင်သည်၊ ပရိသုဒ္ဓံ၊ စင်ကြယ်၏။ပရိယောဒါတံ၊ ဖြူဖြူဖြက်ရှိ၏။ အသံ ကိလိဋ္ဌံ၊မညစ်နွမ်း၊ဣတိ၊ဤသို့လည်းကောင်း။ ပဋိဇာနာတိ၊ဝန်ခံ၏။တမေနံ၊ ထိုဆရာကြီးကို။သာဝကာ၊တပည့်တို့သည်။အယံခေါ်ဘဝံသတ္ထာ၊ဤအရှင် ဆရာသည်။ အပရိသုဒ္ဓဉာဏဒဿနော၊ မစင်ကြယ်သော ဉာဏ်အမြင်ရှိ သည်။သမာနော၊ဖြစ်လျက်။ပရိသုဒ္ဓဉာဏဒဿနော၊စင်ကြယ်သောဉာဏ် အမြင်ရှိသည်။အမှို၊ဖြစ်၏။ဣတိ၊ဤသို့လည်းကောင်း။မေ၊ငါ၏၊ ဉာဏဒဿ နံ၊ဉာဏ်အမြင်သည်။ပရိသုဒ္ဓံ၊ စင်ကြယ်၏။ပရိယောဒါတံ၊ ဖြူဖြူဖြက်ရှိ၏။ အသံကိလိဋ္ဌံ၊ မညစ်နွမ်း။ ဣတိ၊ဤသို့လည်းကောင်း။ ပဋိဇာနာတိ၊ဝန်ခံ၏။ မယဉ္စေ၊ ငါတို့သည်သာလျှင်။ခေါ်ပနု၊စင်စစ်။ဂိဟီနံ၊ လူတို့အား။အာရော စေယျာမ၊ကြားကုန်ငြားအံ့။အဿ၊ထိုဆရာကြီးအား။ မနာပံ၊နှလုံးကိုပွါးစေ တတ်သည်။ နအဿ၊မဖြစ်လေတန်ရာ။ယံ၊ အကြင်အမှုသည်။ ခေါ်ပနု၊စင် စစ်။အဿ၊ထိုဆရာကြီးအား။အမနာပံ၊ နှလုံးကိုမပွါးစေတတ်။တေန၊ ထို အမှုဖြင့်။နံ၊ထိုဆရာကြီးကို။ကထံ၊အဘာယ်သို့လျှင်။ မယံ၊ငါတို့သည်။သမု ဒါစရေယျာမ၊ပြောဆိုရကုန်အံ့နည်း။ခေါ်ပနု၊ စင်စစ်။စိဝရပိဏ္ဍပါတသေနာ သနဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန၊ သက်န်းဆွမ်းကျောင်း သူနာတို့၏

အသောက်အပုံအသောက်၏အရံအတားဖြစ်သောခေးပရိက္ခရာဖြင့်။သမ္ပန္နတိ၊ ပြတ်နိုး၏။ယံ၊ အကြင်အမှုကို။တုမော၊ ထိုဆရာကြီးသည်။ ကရိသုတိ။ပြု လတ္တံ့။ တေန၊ထိုအမှုဖြင့်။ တုမော၀၊ထိုဆရာကြီး သည်သာလျှင်။ ပညာ ယိဿတိ၊ထင်ရှားလတ္တံ့။ဇာတိ၊ဤသို့။ဇာနန္တို၊ သိကုန်၏မောဂ္ဂလာန၊မောဂ္ဂ လာန်။ခေါပန၊စင်စစ်။ဧဝရူပံ၊ဤသို့သဘောရှိသော။သတ္ထာရံ၊ ဆရာကို။သာ ၀ကာ၊တပည့်တို့သည်။ ဉာဏဒဿနတော၊ဉာဏ်အမြင်မှ။ ရက္ခန္တိ၊စောင့် ရှောက်ကုန်၏။ ဧဝရူပေါပန၊ ဤသို့သဘောရှိသည့်သာလျှင် ဖြစ်သော။ သတ္ထာ၊ဆရာသည်။ သာဝကေဟိ၊တပည့်တို့မှ။ ဉာဏဒဿနတော၊ဉာဏ် အမြင်မှ။ရက္ခံ၊အစောင့်အရှောက်ကို။ပစ္စာသိသတိ၊တောင့်တ၏။ ဇာတိဇာမေ၊ ဤသည်တို့တည်း။မောဂ္ဂလာန၊မောဂ္ဂလာန်။လောကသ္မိံ၊လောက၌။သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်သော။သတ္ထာရော၊ဆရာတို့သည်။ ဇာမေပဉ္စ၊ဤ ငါးယောက်တို့တည်း။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ခေါပန၊ စင်စစ်။ အဟံ၊ငါ ဘုရားသည်။ပရိသုဒ္ဓသီလော။စင်ကြယ်သောသီလရှိသည်။ သမာနော၊ဖြစ် တော်မူလျက်။ပရိသုဒ္ဓသီလော၊စင်ကြယ်သောသီလရှိသည်။အမှု၊ဖြစ်တော် မူ၏၊ဇာတိ၊ဤသို့လည်းကောင်း။မေ၊ငါ၏။ သီလံ၊သီလသည်။ပရိသုဒ္ဓံ၊ စင် ကြယ်၏။ပရိယောဒါတံ၊ပြိုးပြိုးပြက်ရှိ၏။ အသံကိလိဋ္ဌံ၊မညစ်နွမ်း။ ဇာတိ၊ဤ သို့၊ပဋိဇာနာမိ၊ဝန်ခံတော်မူ၏။ မံ၊ငါဘုရားကို။သာဝကာ၊ တပည့်တို့သည်။ သီလတော၊သီလမှ။နစရက္ခန္တိ၊ စောင့်လည်းမစောင့်ရှောက်ရကုန်။ အဟံ၊ ငါဘုရားသည်။ သာဝကေဟိ၊ တပည့်တို့မှ။သီလတော၊ သီလမှ။ ရက္ခံ၊အ စောင့်အရှောက်ကို။ နပစ္စာသိသာမိ၊ တောင့်လည်းတောင့်တတော်မမူ။ ပရိသုဒ္ဓါဇီဝေါ၊ စင်ကြယ်သော အသက်မွေးခြင်းရှိသည်။ သမာနော၊ ဖြစ် တော်မူလျက်။(ပ)။ ပရိသုဒ္ဓဓမ္မဒေသနော၊စင်ကြယ်သောတရားဟောခြင်းရှိ သည်။ သမာနော၊ ဖြစ်တော်မူလျက်။(ပ)။ ပရိသုဒ္ဓဝေယျာကရဏော၊ စင် ကြယ်သောကြားခြင်းရှိသည်။သမာနော၊ဖြစ်တော်မူလျက်။(ပ)။ ပရိသုဒ္ဓဉာ ဏဒဿနော၊ စင်ကြယ်သောဉာဏ်အမြင်ရှိသည်။ သမာနော၊ ဖြစ်တော်မူ လျက်။ ပရိသုဒ္ဓဉာဏဒဿနော၊ စင်ကြယ်သောဉာဏ်အမြင်ရှိသည်။အမှို၊ ဖြစ်တော်မူ၏။ဇာတိ၊ဤသို့လည်းကောင်း။မေ၊ငါ၏၊ဉာဏဒဿနံ၊ ဉာဏ်အ မြင်သည်၊ပရိသုဒ္ဓံ၊စင်ကြယ်၏။ပရိယောဒါတံ၊ပြိုးပြိုးပြက်ရှိ၏၊အသံကိလိဋ္ဌံ၊ မညစ်နွမ်း။ဇာတိ၊ဤသို့လည်းကောင်း။ပဋိဇာနာမိ၊ဝန်ခံတော်မူ၏။မံ၊ငါဘုရား ကို။သာဝကာ၊ တပည့်တို့သည်။ ဉာဏဒဿနတော၊ ဉာဏ်အမြင်မှ။ နစ ရက္ခန္တိ၊ စောင့်လည်းမစောင့်ရှောက်ရကုန်။ အဟံ၊ ငါဘုရားသည်။ သာဝ

ကောဟိ၊တပည့်တို့မှ။ဥာဏဒဿနတော။ဥာဏ်အမြင်မှ။ရက္ခံ၊ အစောင့်အ ရှောက်ကို။နစ်ပစ္စာသိသာမိ၊ တောင့်လည်းတောင့်တတော်မမူ။ဣတိ၊ ဤသို့။ အာဝေါစ၊မိန့်တော်မူ၏” ။အထခေါ၊ ထိုအခါ၌။ဘဂဝါ။မြတ်စွာဘုရားသည်။ ကောသမ္ဗိယံ၊ကောသမ္ဗီပြည်၌။ ယထာဘိရန္တံ၊ အလိုရှိတော်မူသရွေ့။ဝိဟ ရိတွာ၊နေတော်မူပြီး၍ယေန၊အကြင်အရပ်၌။ရာဇဂဟံ၊ရာဇဂြိုဟ်ပြည်သည် အတ္ထိ၊ရှိ၏။တေန၊ ထိုရာဇဂြိုဟ်ပြည်ရှိရာအရပ်သို့။စာရိကံ၊ဒေသာစာရီကို။ ပက္ကမိ၊ဖဲကြွတော်မူ၏။အနုပုဗ္ဗေန၊အစဉ်အားဖြင့်။ စာရိကံ၊ဒေသစာရိကို။စ ရမာနော၊လှည့်လည်တော်မူသည်ရှိသော်။ယေန၊အကြင်အရပ်၌။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ အတ္ထိ၊ရှိ၏။တံ၊ ထိုရာဇဂြိုဟ်ပြည်ရှိရာအရပ်သို့။အဝ သရိ၊ရောက်တော်မူ၏။တတြသုဒံ၊ ရာဇဂဟေ၊ထိုရာဂြိုဟ်ပြည်၌။ဘဂဝါ။ မြတ်စွာဘုရားသည်။ကလန္ဒကနိဝါပေ၊ရှဉ့်နက်တို့အားအစာပေး၍ကျွေးမွေး ရာဖြစ်သော။ ဝေဠုဝနေ၊ဝေဠုဝန်ကျောင်းတော်၌။ ဝိဟာရတိ၊နေတော်မူ၏။ အထခေါ၊ထိုအခါ၌။သမ္ဗဟုလာ၊ များစွာကုန်သော။ဘိက္ခူ၊ရဟန်းတို့သည်။ ယေန၊ အကြင်အရပ်၌။ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာဘုရားရှိတော်မူရာအရပ်သို့။ဥပသင်္ကမိံသု၊ကပ်လေကုန် ၏။ဥပသင်္ကမိတွာ၊ကပ်လေကုန်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊အဘိ ဝါဒေတွာ၊ရှိခိုးရှိခိုး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသီဒိံသု၊ ထိုင်နေကုန်၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသိန္နာခေါ၊ ထိုင်နေကုန်ပြီးသော။တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ဤစကားကို။ အဝေါစုံ၊ လျှောက်ကုန်၏။ကိံ အဝေါစုံ၊ အဘယ်သို့လျှောက်ကုန်သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဒေဝ ဒတ္တော၊ဒေဝဒတ်အား။အဇာတသတ္တု၊အဇာတသတ်အမည်ရှိသော။ကုမာ ရော၊ မင်းသားသည်။ပဉ္စဟိရထသတေဟိ၊ ငါးရာသောရထားတို့ဖြင့်။သာ ယံပါတံ၊ညနေ့နက်။ဥပဋ္ဌာနံ၊ဆည်းကပ်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။ပဉ္စထာလိ ပါကသတာနိ၊ ငါးရာသော ဆွမ်းချက်အိုးတို့ဖြင့် သွင်းအပ်သောဆွမ်းတို့ကို လည်း။ ဘတ္တာဘိဟာရော၊ ဆွမ်းကို ဆောင်ယူဆောင်သည်ကို။ အဘိဟရီ ယတိ၊ဆောင်ယူဆောင်အပ်၏။ဣတိ၊ ဤသို့။အဝေါစုံ၊လျှောက်ကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့။ဒေဝဒတ္တဿ၊ ဒေဝဒတ်၏။လာဘသက္ကာရသိလောကံ၊လာဘ်ပူ ဇော်သက္ကာရကျော်စောခြင်းကို။မာပိဟယိတ္ထ၊ မတောင့်တကုန်လင့်။ဘိက္ခ ဝေ၊ရဟန်းတို့။ယာဝကီဝဉ္စ ယဿ ကာလံ၊အကြင်မျှလောက်သောကာလ ပတ်လုံး။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ အဇာတသတ္တု၊ အဇာ တသတ်

အမည်ရှိသော။ ကုမာရောမင်းသားသည်။ ပဉ္စဟိရထသတေဟိ၊ ငါးရာသော ရထားတို့ဖြင့်။ သာယံပါတံ၊ ညနံနက်။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခြင်းသို့။ ဂမိဿတိ၊ ရောက်လတ္တံ့။ ပဉ္စထာလိပါကသတာနိစ၊ ငါးရာသော ဆွမ်းချက်အိုးတို့ဖြင့်လှူအပ်သော ဆွမ်းတို့ကိုလည်း။ ဘတ္တာဘိဟာရော၊ ဆွမ်းကိုရှေးရှု ဆောင်သည်ကို။ အဘိဟာရိယျတိ၊ ရှေးရှုဆောင်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္တကံကာလံ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့မှ။ ဟာနိယေဝ၊ ယုတ်ခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ဝုဍ္ဍိ၊ ပွါးစီးခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဘိက္ခဝေ၊ ရဟန်းတို့။ စဏ္ဍဿ၊ ကြမ်းသော။ ကုက္ကုရဿ၊ ခွေး၏။ နာသာယ၊ နှာခေါင်း၌။ ပိတ္တံ၊ ဝံအစရှိသောသတ္တဝါတို့၏ သည်းခြေကို။ ဘိန္ဒေယျုံ၊ ထည့်ကုန်ရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ ဤသို့ထည့်သည်ရှိသော်။ သောကုက္ကုရော၊ ထိုခွေးသည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ စဏ္ဍတရော၊ အထူးသဖြင့်ကြမ်းသည်။ အဿ သေယျထာပိ၊ ဖြစ်ရာသကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ယာဝကီဝဉ္စ ယတ္တကံကာလံ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ အဇာတသတ္တု၊ အဇာတသတ်အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ပဉ္စဟိရထသတေဟိ၊ ငါးရာသောရထားတို့ဖြင့်။ သာယံပါတံ၊ ညနံနက်၊ ဥပဋ္ဌာနံ၊ ဆည်းကပ်ခြင်းသို့ ဂမိဿတိ၊ ရောက်လတ္တံ့။ ပဉ္စထာလိပါကသတာနိစ၊ ငါးရာသောဆွမ်းချက်အိုးတို့ဖြင့်လှူ အပ်သော ဆွမ်းတို့ကိုလည်း။ ဘတ္တာဘိဟာရော၊ ဆွမ်းကိုရှေးရှု ဆောင်သည်ကို။ အဘိဟာရိယျတိ၊ ရှေးရှုဆောင်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္တကံကာလံ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့မှ။ ဟာနိယေဝ၊ ယုတ်ခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ဝုဍ္ဍိ၊ ပွါးစီးခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်းငှါ။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပရာဘဝါယ၊ ပျက်စီးခြင်းငှါ။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရ ကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကဒလီ၊ ငှက်ပျောပင်သည်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်းငှါ။ ဖလံ၊ အသီးကို။ ဒေတိသေယျထာပိ၊ ပေးသကဲ့သို့လည်းကောင်း။

ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဖလံ၊ အသီးကို။ ဒေတိ သေယျထာပိ၊ ပေးသကဲ့သို့သည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော် သက္ကာရကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေဠု၊ ဝါးပင်သည်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဖလံ၊ အသီးကို။ ဒေတိ သေယျထာပိ၊ ပေးသကဲ့သို့လည်းကောင်း။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဖလံ၊ အသီးကို။ ဒေတိ သေယျထာပိ၊ ပေးသကဲ့သို့သည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်စီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရ သိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စောခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ နဠော၊ ကျူပင်သည်။ အတ္တဝဓါယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဖလံ၊ အသီးကို။ ဒေတိ သေယျထာပိ၊ ပေးသကဲ့သို့သည်းကောင်း။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဖလံ၊ အသီးကို။ ဒေတိ သေယျထာပိ၊ ပေးသကဲ့သို့လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စော ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော် သက္ကာရကျော်စော ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဿတရီ၊ အဿထိုရ်မြင်းမသည်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာတိ သေယျထာပိ၊ ယူအပ်သကဲ့သို့လည်းကောင်း။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာတိ သေယျထာပိ၊ ယူသကဲ့သို့လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူ သာလျှင်။ အတ္တဝဓာယ၊ မိမိကိုယ်ကိုဖျက်ဆီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော်သက္ကာရကျော်စော ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပရာဘဝါယ၊ ပျက်စီးခြင်း၏။ ဒေဝဒတ္တဿ၊ ဒေဝ

http://www.dhammadownload.com



ဒတ်အား။ လာဘသက္ကာရသိလောကော၊ လာဘ်ပူဇော် သက္ကာရကျော်စော ခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။ဉာတိ၊ဉာတိ၊ဤသို့။အနုဝေါစ၊မိန့်တော်မူ၏။ ။ ဖလံ၊အသီးသည်။ ဝေ၊စင်စစ်။ ကဒလိံ၊ ငှက်ပျော်ပင်ကို။ ဟန္တိ ယထာ၊ သတ်သကဲ့သို့။ဖလံ၊အသီးသည်။ဝေဠုံ၊ဝါးကို။ ဟန္တိ ယထာ၊ သတ်သကဲ့ သို့။ဖလံ၊အသီးသည်။ နဠံ၊ကျူကို။ ဟန္တိယထာ၊ သတ်သကဲ့သို့။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။အဿတရိံ၊အဿတိုရ်မြင်းမကို။ ဟန္တိ ယထာ၊ သတ်သ ကဲ့သို့။ တထာ၊ ထိုအတူ။ သက္ကာရော၊ ပူဇော်သက္ကာရသည်။ ကာပုရိသံ၊ ယုတ်မာသောယောကျ်ားကို။ ဟန္တိ၊သတ်၏။ ဉာတိ၊ဤသို့။ အဝေါစ၊ မိန့် တော်မူ၏။" ။ပဉ္စမံ၊ငါးခုမြောက်ဖြစ်သော။ဘာဏဝါရံ၊ဘာဏဝါရသည်။နိဋ္ဌိတံ၊ ပြီးခြင်းသို့ရောက်ပြီ။ ။

---

တေနခေါပနသမယေန၊ ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။မဟတိယာ၊များစွာသော။ပရိသာယ၊ပရိသတ်သည်။ပရိဝုတော၊ခြံရံအပ်သည်ဖြစ်၍။သရာဇိကာယ၊မင်းနှင့်တကွသော။ပရိသာယ၊ပရိသတ်၌။ဓမ္မံ၊တရားကို။ ဒေသေန္တော၊ဟောတော်မူသည်ဖြစ်၍။နိသိန္နော၊ထိုင်နေတော်မူသည်၊ ဟောတိ။ဖြစ်၏။အထခေါ၊ထိုအခါ၌။ဒေဝဒတ္တော၊ဒေဝဒတ်သည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ထ၍။ ဧကံသံ၊ လက်ဝဲတဘက်ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စမွယ်တင်သည်ကို။ကရိတွာ၊ပြု၍။ ယေန၊အကြင်အရပ်၌။ ဘဂဝါ၊မြတ်စွာဘုရားသည်။အတ္ထိ၊ရှိတော်မူ၏။တေန၊ထိုမြတ်စွာဘုရားရှိတော်မူရာအရပ်သို့။အဉ္ဇလိံ၊လက်အုပ်ကို။ပဏာမေတွာ၊ညွတ်စေ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ဧတံဝစနံ၊ ဤစကားကို။အဝေါစ၊လျှောက်၏။ကိံ အဝေါစ၊အဘယ်သို့လျှောက်သနည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်၊ ဒါနိ ဧတရဟိ၊ယခုအခါ၌။ ဇိဏ္ဏော၊အိုမင်းပါပြီ၊ ဝုဍ္ဍော၊ကြီးရင့်ပါ ပြီ။မဟလ္လကော၊ကြီးသည်၏အဖြစ်ကိုယူပါပြီ။အဒ္ဓဂတော၊ရှည်သောအခွန့် သို့ရောက်ပါပြီ။ ဝယော အနုပ္ပတ္တော၊ ပစ္ဆိမဝယ်သို့ ရောက်ပါပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒါနိ ဧတရဟိ၊ ယခု အခါ၌။ အပ္ပေါဿုက္ကော၊အားထုတ်ခြင်းကင်းတော်မူသည်ဖြစ်၍။ ဒိဋ္ဌဓမ္မသုခဝိဟာရံ၊မျက်မှောက်သောကိုယ်၏အဖြစ်၌ချမ်းသာစွာနေခြင်းကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ဝိဟာရတု၊ နေတော်မူပါလော။ မယံ၊ အကျွန်ုပ်အား။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ နိဿဇ္ဇတု၊ စွန့်တော်မူပါလော။ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ပရိဟရိဿာမိ၊ဆောင်

ပါဒ်ံ။ဣတိ၊ဤသို့။ အဝေါစ၊လျှောက်၏၊ဒေဝဒတ္တ၊ ဒေဝဒတ်။ အလံ၊မသင့်။
တေ၊ သင်သည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပရိဟရိတုံ၊ ဆောင်
ခြင်းငှါ၊ မာရုစ္စိ၊ မနှစ်သက်အပ်လင့်။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။
ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။(လ)။
တတိယမ္ပိခေါ၊ သုံးကြိမ်မြောက်လည်း။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်၊ ဘဂ
ဝန္တံ၊မြတ်စွာဘုရားကို၊ ဧတံဝစနံ၊ဤစကားကို။ အဝေါစ၊လျှောက်၏။ကိံ
အဝေါစ၊အဘယ်သို့လျှောက်သနည်း။ ဘန္တေ၊မြတ်စွာဘုရား။ ဘဂဝါ၊မြတ်
စွာဘုရားသည်။ ဒါနိ၊ ဣဒါနိ။ ယခုအခါ၌။ဇိဏ္ဏော၊အိုးမင်းပါပြီ။ ဝုဍ္ဍော၊ကြီး
ရင့်ပါပြီ။ မဟလ္လကော၊ ကြီးသည်၏ အဖြစ်ကိုယူပါပြီ။ အဒ္ဓဂတော၊ ရှည်
သောအခွန့်သို့ရောက်ပါပြီ။ ဝယောအနုပ္ပတ္တော၊ ပစ္ဆိမအရွယ်သို့ရောက်ပါ
ပြီ။ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒါနိ၊ဣဒါနိ၊ ယခု
အခါ၌၊ အပ္ပေါသုက္ကော၊ အားထုတ်ခြင်း ကင်းတော်မူသည် ဖြစ်၍။ဒိဋ္ဌ
ဓမ္မသုခဝိဟာရံ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းကို။
အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတု၊ နေတော်မူပါလော။ မယံ၊
အဟံ၊ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ နိဿဇ္ဇတု၊ စွန့်တော်မူ
ပါလော။ အဟံ၊ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပရိ
ဟရိဿာမိ၊ ဆောင်ပါအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊လျှောက်၏။ ဒေဝဒတ္တ၊ဒေဝ
ဒတ်။ အဟံခေါ၊ ငါဘုရားသည်လျှင်။ သာရိပုတ္တ မောဂ္ဂလာနာနမ္ပိ၊ သာရိ
ပုတ္တရာ မောဂ္ဂလာန်တို့ အားလည်း။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို၊
နနိဿဇ္ဇေယျံ၊ မစွန့်အံ့။ ဆဝဿ၊ယုတ်မာသော။ ခေဠာသကဿ၊တံထွေး
ကိုမျိုသော။ တုယှံ၊သင့်အား။ ကိံ ပန နိဿဇ္ဇေယျံ၊ အဘယ်မှာစွန့်နိုင်ပါအံ့
နည်း။ဣတိ၊ဤသို့။အဝေါစ၊မိန့်တော်မူ၏။အထခေါ၊ထိုအခါ၌၊ ဒေဝဒတ္တော၊
ဒေဝဒတ်သည်၊သရာဇိကာယ၊မင်းနှင့်တကွသော။ ပရိသာယ၊ပရိသတ်၌။
မံ၊ငါ့ကို။ ဘဂဝါ၊မြတ်စွာဘုရားသည်၊ ခေဠာသကဝါဒေန၊တံထွေးကိုမျို
သောသူဟူသောစကားဖြင့်။ အပသာဒေတိ၊မောင်းမဲ၏။ သာရိပုတ္တမောဂ္ဂ
လာနေဝ၊သာရိပုတ္တရာမောဂ္ဂလာန်တို့ကိုသာလျှင်၊ဥက္ကံသတိ၊ချီးမြှောက်၏။
ဣတိ၊ ဤသို့။ကုပိတော၊အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊နှလုံးမသာ
ယာသည်ဖြစ်၍။ ဘဂဝန္တံ၊မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရှိသေစွာ
ရှိခိုး၍။ပဒက္ခိဏံ၊လက်ျာရစ်လည်သည်ကို။ကတွာ၊ပြု၍။ပက္ကာမိ၊ဖဲသွားလေ၏။
ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ဘဂဝတိ၊မြတ်စွာဘုရား၌။ပဌမော၊ရှေးဦး
စွာသော။ အယံအာဃာတော၊ ဤရန်ငြိုးဖွဲ့ခြင်းသည်။ အဟောသိ၊ဖြစ်၏။

http://www.dhammadownload.com



အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။
အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ အဘယ်သို့မိန့်တော်မူသနည်း။
ဘိက္ခဝေ၊ ရဟန်းတို့။ တေနဟိ၊ ထိုသို့ဘပြီးကား။ သံဃော သံဃာသည်။
ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပကာသနီယ
ကမ္မံ၊ ပကာသနီယကံကို။ ကရောတု၊ ပြုလော။ ကိံ ကရောတု၊ အဘယ်သို့ပြုရ
အံ့နည်း။ ပုဗ္ဗေ၊ ရှေး၌။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ အညာ၊ တပါးသော။
ပကတိ၊ သဘောသည်။ အဟောသိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ အညာ၊ တပါး
သော။ ပကတိ၊ သဘောသည်။ အဟောသိ၊ ဖြစ်၏။ ယံ၊ အကြင်အမှုကို။
ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊
နှုတ်ဖြင့်လည်းကောင်း။ ကရေယျ၊ ပြုရာ၏။ တေန၊ ထိုအမှုဖြင့်။ ဗုဒ္ဓေါဝါ၊
ဘုရားဟူ၍လည်းကောင်း။ ဓမ္မောဝါ၊ တရားဟူ၍လည်းကောင်း။ သံဃောဝါ၊
သံဃာဟူ၍လည်းကောင်း။ နဒဋ္ဌဗွော၊ မမှတ်အပ်။ တေန၊ ထိုအမှုဖြင့်။ ဒေဝ
ဒတ္တောဝ၊ ဒေဝဒတ်ဟူ၍သာလျှင်။ ဒဋ္ဌဗွော၊ မှတ်အပ်၏။ ဣတိ၊ ဤသို့။ အာမန္တေ
သိ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ ကာတဗ္ဗံ၊ ပြုအပ်
၏။ ကိံ ကာတဗ္ဗံ၊ အဘယ်သို့ပြုအပ်သနည်း။ ဗျတ္တေန လိမ္မာသော။ ပဋိဗလေန၊
စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သံဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊
သိစေအပ်၏။ ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့သိစေအပ်သနည်း။ ။ဘန္တေ၊
အရှင်ဘုရားတို့။ သံဃော သံဃာသည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။
သုဏာတု၊ နာတော်မူလော။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ လျောက်
ပတ်သောအခါရှိသောကံသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊
ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာသည်။ ဒေဝဒတ္တဿ၊ ဒေဝဒတ်
အား။ ရာဇဂဟေ ရာဇဂြိုဟ်ပြည်၌။ ပကာသနီယကမ္မံ၊ ပကာသနီယကံကို။
ကရေယျ၊ ပြုရာ၏။ ကိံ ကရေယျ၊ အဘယ်သို့ပြုရာသနည်း။ ပုဗ္ဗေ၊ ရှေး၌။
ဒေဝဒတ္တဿ၊ ဒေဝဒတ်အား၊ အညာ၊ တပါးသော။ ပကတိ၊ သဘောသည်။
အဟောသိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ အညာ၊ တပါးသော။ ပကတိ၊ သဘော
သည်။ အဟောသိ၊ ဖြစ်၏။ ယံ၊ အကြင်အမှုကို။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။
ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ ကရေ
ယျ၊ ပြုရာ၏။ တေန၊ ထိုအမှုဖြင့်။ ဗုဒ္ဓေါဝါ၊ ဘုရားဟူ၍လည်းကောင်း။ ဓမ္မောဝါ
တရားဟူ၍လည်းကောင်း။ သံဃောဝါ၊ သံဃာဟူ၍လည်းကောင်း။ နဒဋ္ဌဗွော၊
မမှတ်အပ်။ တေန၊ ထိုအမှုဖြင့်။ ဒေဝဒတ္တောဝ၊ ဒေဝဒတ်ဟူ၍ သာလျှင်။
ဒဋ္ဌဗွော၊ မှတ်အပ်၏။ ဣတိ၊ ဤသို့။ ကရေယျ၊ ပြုရာ၏။ ဧသာ၊ ဤသည်ကား။

http://www.dhammadownload.com



ဥဗ္ဗိ၊သိစေခြင်းတည်း။ ။ဘန္တေ၊အရှင်ဘုရားတို့။သံဃော၊သံဃာသည်။
မေ၊အကျွန်ုပ်၏။ ဝစနံ၊စကားကို။ သုဏာတု၊ နာတော်မူလော။ သံဃော၊
သံဃာသည်။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။
ပကာသနီယကမ္မံ၊ ပကာသနီယကံကို။ ကရောတိ၊ ပြု၏။ ကိံ ကရောတိ၊
အဘယ်သို့ပြုသနည်း။ ပုဗ္ဗေ၊ ရှေး၌။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။အညာ၊
တပါ.သော။ ပကတိ၊သဘောသည်။အဟောသိ၊ဖြစ်၏။ဣဒါနိ၊ယခုအခါ၌။
အညာ၊ တပါးသော။ ပကတိ၊ သဘောသည်။အဟောသိ၊ဖြစ်၏။ယံ၊အကြင်
အမှုကို။ ဒေဝဒတ္တော၊ဒေဝဒတ်သည်။ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။
ဝါစာသ၊နှုတ်ဖြင့်လည်းကောင်း။ကရေယျ၊ပြုရာ၏။တေန၊ထိုအမှုဖြင့်။ဗုဒ္ဓေါ
ဝါ၊ဘုရားဟူ၍လည်းကောင်း။ဓမ္မော ဝါ၊တရားဟူ၍လည်းကောင်း။သံဃော
ဝါ၊သံဃာဟူ၍လည်းကောင်း။နဒဋ္ဌဗ္ဗော၊မမှတ်အပ်။တေန၊ထိုအမှုဖြင့်။ဒေဝ
ဒတ္တော ဝ၊ဒေဝဒတ်ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ဣတိ၊ ဤသို့။ကရော
တိ၊ပြု၏၊ယဿအာယသ္မတော၊အကြင်အရှင်သည်။ ဒေဝဒတ္တဿ၊ဒေဝဒတ်
အား။ရာဇဂဟေ၊ရာဇဂြိုဟ်ပြည်၌။ပကာသနီယဿကမ္မဿ၊ပကာသနီယ
ကံကို။ ပုဗ္ဗေ၊ ရှေး၌။ဒေဝဒတ္တဿ ဒေဝဒတ်အား။ အညာ၊တပါးသော။ပကာ
တိ၊သဘော သည်၊အဟောသိ။ဖြစ်၏။ဣဒါနိ၊ယခုအခါ၌။အညာ၊တပါးသော။
ပကာတိ၊သဘောသည်၊အဟောသိ၊ဖြစ်၏။ယံ၊အကြင်အမှုကို။ ဒေဝဒတ္တော၊
ဒေဝဒတ်သည်။ကာယေန၊ကိုယ်ဖြင့်လည်းကောင်း။ဝါစာယ၊နှုတ်ဖြင့်လည်း
ကောင်း။ကရေယျ၊ပြုရာ၏၊ တေန၊ထိုအမှုဖြင့်။ ဗုဒ္ဓေါဝါ၊ ဘုရားဟူ၍လည်း
ကောင်း။ဓမ္မောဝါ၊ တရားဟူ၍ လည်းကောင်း။ သံဃောဝါ၊ သံဃာဟူ၍
သည်းကောင်း။နဒဋ္ဌဗ္ဗော၊မမှတ်အပ်။တေန၊ ထိုအမှုဖြင့်။ဒေဝဒတ္တောဝ၊ဒေ
ဝဒတ်ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ဣတိ၊ ဤသို့။ကရဏံ၊ပြုခြင်းကို။
ခမတိ၊နှစ်သက်အပ်၏။ သော၊ထိုအရှင်သည်။တုဏှိ၊ ဆိတ်ဆိတ်နေသည်။
အဿ၊ ဖြစ်ရာ၏၊ယဿ၊ အကြင်အရှင်သည်။ နက္ခမတိ၊ မနှစ်သက်အပ်။
သော၊ထိုအရှင်သည်။ ဘာသေယျ၊ ဆိုရာ၏။သံဃေန၊ သံဃာသည်။ဒေဝ
ဒတ္တဿ၊ ဒေဝဒတ်အား။ ရာဇဂဟေ။ ရာဇဂြိုဟ်ပြည်၌။ပကာသနီယကမ္မံ၊
ပကာသနီ သကံကို။ ကတံ၊ပြုအပ်ပြီ။ ကိံ ကတံ၊ အဘယ်သို့ပြုအပ်သနည်း။
ပုဗ္ဗေ။ရှေး၌။ ဒေဝဒတ္တဿ၊ ဒေဝဒတ်အား။ အညာ။ တပါးသော။ ပကတိ၊
သဘောသည်၊အဟောသိ၊ဖြစ်၏။ ဣဒါနိ၊ယခုအခါ၌။ အညာ၊ တပါးသော။
ပကာတိ၊သဘောသည်။အဟောသိ၊ဖြစ်၏။ ယံ၊အကြင်အမှုကို။ဒေဝဒတ္တော၊
ဒေဝဒတ်သည်၊ကာယေန၊ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယ၊နှုတ်ဖြင့်လည်း

ကောင်း။ကရေယျ၊ပြုရာ၏။ ဧတေန၊ထိုအမှုဖြင့်။ဗုဒ္ဓေါဝါ၊ ဘုရားဟူ၍လည်း
ကောင်း။ ဓမ္မောဝါ၊တရားဟူ၍ လည်းကောင်း။ သံဃောဝါ၊ သံဃာဟူ၍
လည်းကောင်း။နဒဗ္ဗမ္ဗော၊ မမှတ်အပ်။ဧတေန၊ထိုအမှုဖြင့်။ဒေဝဒတ္တောဝ၊ဒေ
ဝဒတ်ဟူ၍သာလျှင်။ ဒဗ္ဗမ္ဗော၊ မှတ်အပ်၏။ဣတိ၊ဤသို့။ ကထံ၊ပြုအပ်ပြီ။သံ
ဃသာ၊သံဃာသည်။ယသ္မာ၊အကြင်ကြောင့်။ခမတိ၊နှစ်သက်အပ်၏။တသ္မာ
ထိုကြောင့်။တုဏှီ၊ဆိတ်ဆိတ်နေသည်။ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ဧဝံ၊ဤသို့ဆိတ်
ဆိတ်နေသဖြင့်။ဧတံ၊ ဤနှစ်သက်သည်၏ အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။
ဣတိ၊ဤသို့။ ဥပေတမ္ဗော၊ သိစေအပ်၏။ ဣတိ၊ဤသို့။ ကာတဗ္ဗံ၊ပြုအပ်၏။
ဣတိ၊ဤသို့၊အာမန္တေသိ၊မိန့်တော်မူ၏။”အထခေါ၊ထိုအခါ၌။ဘဂဝါ၊မြတ်စွာ
ဘုရားသည်။အာယသ္မန္တံ၊သာရိပုတ္တံ၊အရှင်သာရိပုတ္တရာကို။သာရိပုတ္တ၊သာ
ရိပုတ္တရာ။တေနဟိ၊ထိုသို့ဘပြီးကား။တွံ၊သင်သည်။ဒေဝဒတ္တံ၊ဒေဝဒတ်ကို။
ရာဇဂဟေ၊ရာဇဂြိုဟ်ပြည်၌။ပကာသေဟိ၊ထင်ရှားပြုလေလော။ဣတိ၊ဤသို့။
အာမန္တေသိ၊မိန့်တော်မူ၏၊ဘန္တေ၊မြတ်စွာဘုရား။ပုဗ္ဗေ၊ရှေး၌။မယာ၊အကျွန်ုပ်
သည်။ဂေါဓိပုတ္တော၊ဂေါဓိအမျိုးသားဖြစ်သောဒေဝဒတ်သည်။မဟိဒ္ဓိကော၊
ကြီးသောတန်ခိုးရှိ၏။ ဂေါဓိပုတ္တော၊ ဂေါဓိအမျိုးသားဖြစ်သော ဒေဝဒတ်
သည်။မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိ၏။ ဣတိ၊ဤသို့။ရာဇဂဟေ၊
ရာဇဂြိုဟ်ပြည်၌။ဒေဝဒတ္တဿ၊ဒေဝဒတ်၏။ဝဏ္ဏော၊ဂုဏ်ကျေးဇူးကို။ဘာ
သိတော၊ဆိုဘူးပါ၏။ ဘန္တေ၊မြတ်စွာဘုရား။ အဟံ၊အကျွန်ုပ်သည်။ကထံ၊
အဘယ်သို့လျှင်၊ဒေဝဒတ္တံ၊ဒေဝဒတ်ကို။ရာဇဂဟေ၊ရာဇဂြိုဟ်ပြည်၌။ပကာ
သေမိ၊ထင်ရှားပြုရပါအံ့နည်း။ဣတိ၊ဤသို့၊အဝေါစ၊လျှောက်၏။သာရိပုတ္တ
သာရိပုတ္တရာ။တယာ၊သင်သည်။ ဂေါဓိပုတ္တော၊ ဂေါဓိအမျိုးသားဖြစ်သော
ဒေဝဒတ်သည်။မဟိဒ္ဓိကော၊ကြီးသောတန်ခိုးရှိ၏။ဂေါဓိပုတ္တော၊ဂေါဓိအမျိုး
သားဖြစ်သောဒေဝဒတ်သည်။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိ၏။
ဣတိ၊ဤသို့။ဘူတေနေဝ၊ဟုတ်မှန်သည်သာလျှင်ဖြစ်သော။ဒေဝဒတ္တဿ၊
ဒေဝဒတ်၏။ဝဏ္ဏော၊ ဂုဏ်ကျေးဇူးကို။ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ဘာသိ
တောနနု၊ ဆိုဘူးသည်မဟုတ်တုံလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊မေးတော်မူ၏။
ဘန္တေ၊မြတ်စွာဘုရား။ဧဝံ၊ ဖြေဲ့ဟုတ်ပါ၏။ဣတိ၊ဤသို့၊ အဝေါစ၊လျှောက်
၏။သာရိပုတ္တ၊သာရိပုတ္တရာ။ ခေါ၊စင်စစ်။ဧဝမေဝ၊ ဤအတူသာလျှင်။ တွံ၊
သင်သည်။ဘူတံယေဝ၊ဟုတ်မှန်သည်ကိုသာလျှင်။ဒေဝဒတ္တံ၊ဒေဝဒတ်ကို။
ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပကာသေဟိ၊ ထင်ရှားပြုလေလော။ ဣတိ၊
ဤသို့။အဝေါစ၊မိန့်တော်မူ၏။ဘန္တေ၊မြတ်စွာဘုရား။ဧဝံ၊ကောင်းပါပြီ။ဣတိ

ဧ၀ မေတံ၊ ဤသို့။ ဉာပေတဗ္ဗာ၊သိစေအပ်၏။ သမ္မတာယ၊သမုတ်အပ်ပြီးသော။
တာယဘိက္ခုနိယာ၊ ထိုရဟန်း မိန်းမသည်။ ဘိက္ခုနိသံဃံ၊ ရဟန်းမိန်းမ
သံဃာကို။ အာဒါယ၊ခေါ်၍။ ဘိက္ခုသံဃံ၊ ရဟန်းယောကျ်ား သံဃာသို့။
ဉပသင်္ကမိတွာ၊ ကပ်၍။ ဧကံသံ၊ လက်ဝဲ တဘက် ပခုံးထက်၌။ ဉတ္တရာ
သင်္ဂံ၊ ကိုယ်ဝတ်စမွယ် တင်သည်ကို။ ကရိတွာ၊ ပြု၍။ ဘိက္ခူနံ၊ရဟန်း
ယောကျ်ားတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဥက္ကုဋိကံ၊ ဆောင့်
ကြောင့်။နိသီဒိတွာ၊ ထိုင်နေ၍။ အဉ္ဇလိံ၊လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ချီ၍။
ဧ၀ံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။အဲဿ၊ ဖြစ်ရာ၏။ကိံ၊အဘယ်သို့။
ဝစနီယော၊ဆိုအပ်သည်။ အဿ၊ဖြစ်ရာသနည်း။အယျာ၊ အရှင်ဘုရားတို့။
ဘိက္ခုနိသံဃော၊ ရဟန်းမိန်းမ သံဃာသည်။ ဘိက္ခုသံဃံ၊ ရဟန်း
ယောကျ်ားသံဃာကို။ ဒိဋ္ဌေန၀ါ၊မြင်ခြင်းဖြင့် လည်းကောင်း။ သုတေန၀ါ၊
ကြားခြင်းဖြင့် လည်းကောင်း။ ပရိသင်္ကာယ၀ါ၊ ယုံမှားခြင်းဖြင့် လည်း
ကောင်း။ ပဝါရေတိ၊ ပဝါရဏာပြု၏။ အယျာ၊အရှင်ဘုရားတို့။ ဘိက္ခုသံ
ဃော၊ ရဟန်းယောကျ်ား သံဃာသည်။ မံ၊ အကျွန်ုပ်ကို။ ဘိက္ခုနိသံဃံ၊
ရဟန်းမိန်းမသံဃာကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဉပါဒါယ၊ အ
ကြောင်းပြု၍။ဝဒတု၊ဆိုတော်မူပါလော။ ပဿန္တော၊ အပြစ်ကိုမြင်သည်ရှိ
သော်။ ပဋိကရိဿတိ၊ ကုစားလတ္တံ့။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။
အယျာ၊အရှင်ဘုရားတို့။တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ အယျာ၊အရှင်
ဘုရားတို့၊ဘိက္ခုနိသံဃော၊ရဟန်းမိန်းမသံဃာသည်။ ဘိက္ခုသံဃံ၊ရဟန်း
ယောကျ်ားသံဃာကို။ ဒိဋ္ဌေန၀ါ၊ မြင်ခြင်းဖြင့်လည်းကောင်း။ သုတေန၀ါ၊
ကြားခြင်းဖြင့်လည်းကောင်း။ပရိသင်္ကာယ၀ါ၊ယုံမှားခြင်းဖြင့်လည်းကောင်း
ပဝါရေတိ၊ပဝါရဏာပြု၏။ အယျာ၊အရှင်ဘုရားတို့။ဘိက္ခုသံဃော၊ရဟန်း
ယောကျ်ားသံဃာသည်။ မံ၊အကျွန်ုပ်ကို။ဘိက္ခုနိသံဃံ၊ ရဟန်းမိန်းမသံ
ဃာကို။အနုကမ္ပံ၊အစဉ်သနားသည်ကို။ဉပါဒါယ၊အကြောင်းပြု၍။ဝဒတု၊
ဆိုတော်မူပါလော။ပဿန္တော၊အပြစ်ကိုမြင်သည်ရှိသော်။ ပဋိကရိဿတိ၊
ကုစားပါလတ္တံ့။ဧ၀ံ၊ ဤသို့။ဝစနီယော၊ဆိုအပ်သည်။အဿ၊ဖြစ်ရာ၏။ ။
တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။
ဘိက္ခူနံ၊ ရဟန်းယောကျ်ားတို့၏။ ဉပေါသထံ၊ ဉပုသ်ကို။ ဌပေန္တိ၊ ထား
ကုန်၏။ပဝါရဏံ၊ ပဝါရဏာကို။ဌပေန္တိ၊ ထားကုန်၏။ သဝစနီယံ၊ ဆိုအပ်
သောစကားရှိသည်ကို။ ကရောန္တိ၊ပြုကုန်၏။ အနုဝါဒံ၊အကြီးအရာ၌ထား

ခြင်းကို၊ ပဇ္ဇပေန္တိ၊ ဖြစ်စေကုန်၏၊ ဩကာသံ၊ အခွင့်တောင်းခြင်းကို၊ ကာရေန္တိ၊ ပြုစေကုန်၏၊ စောဒေန္တိ၊ စောဒနာကုန်၏၊ သာရေန္တိ၊ အောက်မေ့စေကုန်၏၊ ဘဂဝတော၊ မြတ်စွာဘုရားအား၊ တေမတ္တံ၊ ဤအကြောင်းကို၊ အာရောစေသုံ၊ ကြားလျှောက်ကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု နိယာ၊ ရဟန်းမိန်းမသည်၊ ဘိက္ခုံ သ၊ ရဟန်းယောကျ်ားအား၊ ဥပေါသထော၊ ဥပုသ်ကို၊ န ဌပေတဗ္ဗော၊ မထားအပ်၊ ဌပိတောပိ၊ ထားအပ်သော်လည်း၊ အဋ္ဌပိတော၊ ထားအပ်သည်မမည်၊ ဌပေန္တိယာ၊ ထားသော ရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ပဝါရဏာ၊ ပဝါရဏာကို၊ နဌပေတဗ္ဗာ၊ မထားအပ်၊ ဌပိတာပိ၊ ထားအပ်သော်လည်း၊ အဋ္ဌပိတာ၊ ထားအပ်သည်မမည်၊ ဌပေန္တိယာ၊ ထားသော ရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သဝစနီယံ၊ ဆိုအပ်သော စကားရှိသည်ကို၊ နကာတဗ္ဗံ၊ မပြုအပ်၊ ကတံပိ၊ ပြုအပ်သော်လည်း၊ အကတံ၊ ပြုအပ်သည်မမည်၊ ကရောန္တိယာ၊ ပြုသောရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ အနုဝါဒေါ၊ အကြီးအရာ၌ထားခြင်းကို၊ နပဋ္ဌပေတဗ္ဗော၊ မဖြစ်စေအပ်၊ ပဋ္ဌပိတောပိ၊ ဖြစ်စေအပ်သော်လည်း၊ အပဋ္ဌပိတော၊ ဖြစ်စေအပ်သည်မမည်၊ ပဋ္ဌပေန္တိယာ၊ ဖြစ်စေသောရဟန်းမိန်းမသည်၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဩကာသော၊ အခွင့်တောင်းခြင်းကို၊ နကာရေတဗ္ဗော၊ မပြုစေအပ်၊ ကာရိတောပိ၊ ပြုစေအပ်သော်လည်း၊ အကာရိတော၊ ပြုစေအပ်သည်မမည်၊ ကာရေန္တိယာ၊ ပြုစေသောရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ နစောဒေတဗ္ဗော၊ မစောဒနာအပ်၊ စောဒိတောပိ၊ စောဒနာအပ်သော်လည်း၊ အစောဒိတော၊ စောဒနာသည်မမည်၊ စောဒေန္တိယာ၊ စောဒနာသော ရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ နသာရေတဗ္ဗော၊ မအောက်မေ့စေအပ်၊ သာရိတောပိ၊ အောက်မေ့စေအပ်သော်လည်း၊ အသာရိတော၊ အောက်မေ့စေ အပ်သည်မမည်၊ သာရေန္တိယာ၊ အောက်မေ့စေသော ရဟန်းမိန်းမအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိဖြစ်၏၊ ဣတိ၊ ဤသို့၊ အာမန္တေသိ၊ မိန့်တော်မူ၏။ ။ တေနခေါပန သမယေန၊ ထိုအခါ၌၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဘိက္ခုနီနံ၊

http://www.dhammadownload.com



ရဟန်းမိန်းမတို့အား။ဥပေါသထံ ဥပုသ်ကို။ ဌပေန္တိ၊ ထားကုန်၏။ပဝါရဏံ၊ ပဝါရဏာကို။ ဌပေန္တိ၊ ထားကုန်၏။ သဝစနီယံ၊ ဆိုအပ်သော စကားရှိသည်ကို။ ကရောန္တိ၊ ပြုကုန်၏။ အနုဝါဒံ၊ အကြီးအရာ၌ ထားခြင်းကို၊ ပဋ္ဌပေန္တိ၊ ဖြစ်စေကုန်၏။ ဩကာသံ၊ အခွင့်တောင်းခြင်းကို။ ကာရေန္တိ၊ ပြုစေကုန်၏။ စောဒေန္တိ၊စောဒနာကုန်၏။ သာရေန္တိ၊ အောက်မေ့ စေကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနာ၊ရဟန်းသည်။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ ဥပေါသထံ၊ ဥပုသ်ကို။ ဌပေတုံ၊ ထားစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြု တော်မူ၏။ ဌပိတေပိ၊ ထားအပ် သော်လည်း။ သုဋ္ဌပိတော၊ ကောင်းစွာ ထားအပ်သည် မည်၏။ ဌပေန္တဿ၊ထားသောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ပဝါရဏံ၊ ပဝါရဏာကို။ ဌပေတုံ၊ ထားစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ဌပိတာပိ၊ ထားအပ်သော်လည်း။ သုဋ္ဌပိတာ၊ ကောင်းစွာထားအပ်သည်မည်၏။ဌပေန္တဿ၊ ထားသောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။သဝစနီယံ၊ဆိုအပ်သောစကားရှိသည်ကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ကတံပိ၊ပြုအပ်သော်လည်း။ သုကတံ၊ ကောင်းစွာပြုအပ်သည်မည်၏။ကရောန္တဿ၊ ပြုသောရဟန်းအား။ အနာပတ္တိ၊အာပတ်မသင့်။အနုဝါဒံ၊ အကြီးအရာ၌ထားခြင်းကို၊ပဋ္ဌပေတုံ၊ ဖြစ်စိမ့်သောငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ပဋ္ဌပိတောပိ၊ဖြစ်စေအပ်သော်လည်း။ သုပဋ္ဌပိတော၊ ကောင်းစွာ ဖြစ်စေအပ်သည်မည်၏။ ပဋ္ဌပေန္တဿ၊ဖြစ်စေသောရဟန်းအား။အနာပတ္တိ၊ အာပတ်မသင့်။ ဩကာသံ၊ အခွင့်တောင်းခြင်းကို။ကာရေတုံ၊ပြုစိမ့်သောငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ကာရိတောပိ၊ ပြုစေအပ်သော်လည်း။သုကာရိတော၊ ကောင်းစွာပြုစေအပ်သည်မည်၏။ကာရေန္တဿ၊ပြုစေသောရဟန်းအား။အနာပတ္တိ၊ အာပတ်မသင့်။စောဒေတုံ၊စောဒနာစိမ့်သောငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ စောဒိတောပိ၊ စောဒနာအပ် သော်လည်း။ သုစောဒိတော၊ ကောင်းစွာ စောဒနာအပ်သည် မည်၏။ စောဒေန္တဿ။ စောဒနာသော ရဟန်းအား။အနာပတ္တိ၊အာပတ်မသင့်။သာရေတုံ၊အောက်မေ့စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ သာရိတောပိ၊ အောက်မေ့စေအပ် သော်လည်း။သုသာရိတော၊ ကောင်းစွာအောက်မေ့စေအပ်သည်မည်၏။ သာရေန္တဿ၊အောက်မေ့စေသောရဟန်းအား။အနာပတ္တိ၊ အာပတ်မသင့်။

ဣတိ၊ ဤသို့၊အာမန္တေသိ၊မိန့်တော်မူ၏။ ။တေန ခေါ ပန သမယေန။ထိုခါ၌။
ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီအမည်ရှိကုန်သော။ဘိက္ခုနိယော၊ရဟန်းမိန်းမတို့သည်။
ဣတ္ထိယုတ္တေန၊အမ ကသော။ပုရိသန္တရေန၊အဖို့နှင်သော။ ယာနေန ပိ၊ယာဉ်
ဖြင့်လည်းကောင်း။ပုရိသယုတ္တေန၊အဖိုကသော၊ဣတ္ထန္တရေန၊အမနှင်သော။
ယာနေန ပိ၊ယာဉ်ဖြင့်လည်းကောင်း။ ယာယန္တိ၊သွားကုန်၏။မနုဿာ၊လူတို့
သည်။ဂင်္ဂါမဟိကာယ၊သေယျထာပိ၊ဂင်္ဂါမြစ် မဟီမြစ်သို့သွားသော မိန်းမ
တို့ကဲ့သို့ဘကား။ဣတိ၊ ဤသို့။ဥဇ္ဈာယန္တိ။ ကဲ့ရဲ့ကုန်၏။ခီယန္တိ။ ရှုတ်ချကုန်
၏။ဝိပါစေန္တိ၊ ဖရိုဖရဲကြဲ့သောစကားကိုဆိုကုန်၏။ ဘဂဝတော၊ မြတ်စွာ
ဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်
ကုန်၏။"ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခုနိယာ၊ရဟန်းမိန်းမသည်။ယာနေန။ယာဉ်
ဖြင့်။န ယာယိတဗ္ဗံ၊မသွားအပ်။ ယာ၊ အကြင်ရဟန်းမိန်းမသည်။ ယာယေ
ယျ၊သွားငြားအံ့။ယထာဓမ္မော၊ ပါဠိတော်အလျောက်။ ကာရေတဗ္ဗော၊ ဆုံး
ဖြတ်အပ်၏။ဣတိ၊ ဤသို့။ အာမန္တေသိ၊မိန့်တော်မူ၏။" ။တေန ခေါ ပန သမ
ယေန၊ထိုအခါ၌။အညတရာ၊မထင်ရှားသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။
ဂိလာနာ၊နာသည်။ ဟောတိ၊ ဖြစ်၏။ ပဒသာ၊ခြေဖြင့်။ ဂန္တုံ၊သွားခြင်းငှါ။
န သက္ကောတိ၊မတတ်နိုင်။ဘဂဝတော၊ မြတ်စွာဘုရားအား။(လ) "ဘိက္ခဝေ၊
ရဟန်းတို့။ဂိလာနာယ၊နာသောရဟန်းမိန်းမအား။ ယာနံ၊ယာဉ်ကို။ အနုဇာ
နာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။"
အထခေါ၊ထိုအခါ၌။ဘိက္ခုနီနံ၊ရဟန်းမိန်းမတို့အား။ဣတ္ထိယုတ္တံ နုခေါ၊ အမ
ကသောယာဉ်လေလော။ပုရိသယုတ္တံ နုခေါ၊အဖို ကသောယာဉ်လေလော၊
ဣတိ ဧဝံ သော ပရိဝိတက္ကော၊ဤသို့သောအကြံသည်။အဟောသိ၊ ဖြစ်၏။
ဘဂဝတော၊မြတ်စွာဘုရားအား။(လ) "ဘိက္ခဝေ၊ရဟန်းတို့။ဣတ္ထိယုတ္တံ၊အမ
ကသောယာဉ်ကို လည်းကောင်း။ ပုရိသယုတ္တံ၊ အဖို ကသောယာဉ်ကို
လည်းကောင်း။ဟတ္ထဝဋ္ဋကံ၊လက်ဆွဲယာဉ်ကိုလည်းကောင်း။ အနုဇာနာမိ၊
ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။" ။တေ
န ခေါ ပန သမယေန၊ထိုအခါ၌။အညတရာ၊မထင်ရှားသော။ဘိက္ခုနီ၊ရဟန်းမိန်းမသည်။
ဘိက္ခုနိယာ၊ရဟန်းမိန်းမအား။ ၊ယာနုဂ္ဃာတေန၊ယာဉ်
တောက်သဖြင့်။ ဗာဠှတရံ၊ အထူးသဖြင့်ပြင်းပြစွာ။ အဖာသု၊ မချမ်းသာ
သည်။အဟောသိ၊ဖြစ်၏။ဘဂဝတော၊ မြတ်စွာဘုရားအား။(လ) "ဘိက္ခဝေ၊
ရဟန်းတို့။သိဝိကံ၊ထမ်းစင်ကိုလည်းကောင်း။ ပါဋင်္ကိံ၊သံလျင်းကို လည်း
ကောင်း။ အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။ အာမန္တေသိ၊

http://www.dhammadownload.com



မိန့်တော်မူ၏။" ၄ ။တေနခေါပန သမယေန၊ ထိုအခါ၌။ အဍ္ဎကာသိ၊ အဍ္ဎကာသိ အမည်ရှိသော။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ ဘိက္ခုနီသု၊ ရဟန်းမိန်းမတို့၌။ ပဗ္ဗဇိတာ၊ ရှင်ပြုသည်။ဟောတိ၊ဖြစ်၏။ သာ၊ထိုရဟန်း မိန်းမသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ တော်၌။ ဥပသမ္ပဇ္ဇိဿာမိ၊ ပဉ္စင်းခံအံ့။ ဣတိမနသိ ကတွာ၊ ဤသို့ နှလုံး သွင်း၍။ သာဝတ္ထိံ၊ သာဝတ္ထိ ပြည်သို့။ ဂန္တုကာမာ၊ သွားခြင်းငှါ အလိုရှိသည်။ ဟောတိ၊ဖြစ်၏။ဓုတ္တာ၊ သေသောက်ကြူးတို့သည်။ အဍ္ဎကာသိ၊အဍ္ဎကာသိ အမည်ရှိသော။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ သာဝတ္ထိံ၊ သာဝတ္ထိ ပြည်သို့။ ဂန္တုကာမာကိရ၊ သွားခြင်းငှါ အလိုရှိသတတ်။ ဣတိ၊ ဤသို့။ အဿောသုံခေါ၊ကြားလေကုန်သည်သာလျှင်တည်း။ တေ၊ထိုသေသောက် ကြူးတို့သည်။ မဂ္ဂေ၊ လမ်းခရီး၌။ ပရိယုဋ္ဌိံသု၊ ထက်ဝန်းကျင်မှ ခြံရံလေ ကုန်၏။ အဍ္ဎကာသိ၊အဍ္ဎကာသိအမည်ရှိသော။ ဂဏိကာ၊ ပြည့်တန်ဆာ မသည်။ဓုတ္တာ၊သေသောက်ကြူးတို့သည်။မဂ္ဂေ၊လမ်းခရီး၌။ ပရိယုဋ္ဌာကိရ၊ ထက်ဝန်းကျင်မှခြံရံကုန်သတတ်။ဣတိ၊ဤသို့။ အဿောသိခေါ၊ကြားသည် သာလျှင်တည်း။ ဘဂဝတော။မြတ်စွာဘုရား၏။ သန္တိကေ၊အထံတော်၌။ အဟံပိအဟံဧဝ၊ ငါသည်သာလျှင်။ ဥပသမ္ပဇ္ဇိတုကာမာ၊ ပဉ္စင်းခံခြင်းငှါ အလိုရှိ၏။ကထံ၊အဘယ်သို့။မယာ၊ငါသည်။ပဋိပဇ္ဇိတဗ္ဗံနုခေါ၊ကျင့်အပ် ပါသနည်း။ဣတိ၊ဤသို့။ဒူတံ၊တမန်ကို။ပါဟေသိ၊စေ၏။အထခေါ၊ထိုအခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသည်။ဧတသ္မိံနိဒါနေ၊ဤအကြောင်း၌။ဧတသ္မိံပကရဏေ၊ဤအရာ၌။ ဓမ္မိံကထံ၊တရားစကားကို။ ကတွာ၊ပြောဟောသည်ကို ပြုတော်မူ၍။ ဘိက္ခူ၊ရဟန်းတို့ကို။ "ဘိက္ခဝေ၊ရဟန်းတို့။ ဒူတေနပိ၊တမန် ဖြင့်လည်း။ ဥပသမ္ပာဒေတုံ၊ပဉ္စင်းခံစိမ့်သောငှါ။ အနုဇာနာမိ၊ ငါခွင့် ပြုတော်မူ၏။ဣတိ၊ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။" ။ဘိက္ခုဒူတေန၊ ရဟန်းယောကျ်ားတမန်ဖြင့်။ ဥပသမ္ပာဒေန္တိ၊ ပဉ္စင်းခံကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။အာရောစေသုံ၊ကြားလျှောက် ကုန်၏။ "ဘိက္ခုဒူတေန၊ ရဟန်းယောကျ်ားတမန်ဖြင့်။ နဥပသမ္ပာဒေတဗ္ဗာ၊ ပဉ္စင်းမခံအပ်။ ယော၊အကြင်ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ပဉ္စင်းခံငြားအံ့။ တဿ၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။" သိက္ခမာနဒူတေန၊သိက္ခမာန်တမန်ဖြင့်။ ဥပသမ္ပာဒေန္တိ၊ပဉ္စင်းခံကုန်၏။ သာမဏေရဒူတေန၊ သာမဏေယောကျ်ား တမန်ဖြင့်။ ဥပသမ္ပာဒေန္တိ၊ ပဉ္စင်းခံကုန်၏။ သာမဏေရီဒူတေန၊သာမဏေ

မိန်းမတမန်ဖြင့်။ ဥပသမ္ပာဒေန္တိ၊ ၊ပဋ္ဌင်းခံကုန်၏။ ဗာလာယ၊ မိုက်သော။ အဗျတ္တာယ၊မလိမ်မာသော။ နူတေန၊ရဟန်းမိန်းမတမန်ဖြင့်။ဥပသမ္ပာဒေန္တိ၊ ပဋ္ဌင်းခံကုန်၏။ "ဘိက္ခဝေ၊ရဟန်းတို့။ ဗာလာယ၊ မိုက်သော။ အဗျတ္တာယ၊ မလိမ်မာသော။ နူတေန၊ရဟန်းမိန်းမတမန်ဖြင့်။နဥပသမ္ပာဒေတဗ္ဗာ၊ပဋ္ဌင်းမခံအပ်။ယာ၊အကြင်ရဟန်းမိန်းမသည်။ဥပသမ္ပာဒေယျ၊ပဋ္ဌင်းခံငြားအံ့။တဿာ ထိုရဟန်းမိန်းမအား။ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ဗျတ္တာယ၊ လိမ်မာသော။ ပဋိဗလာယ၊စွမ်းနိုင်သော။ ဘိက္ခုနိယာ၊ရဟန်းမိန်းမအည်း။ နူတေန၊တမန်ဖြင့်။ဥပသမ္ပါဒေတုံ၊ ပဋ္ဌင်းခံစိမ့်သောငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဆုတိ၊ဤသို့။အာမန္တေသိ၊ မိန့်တော်မူ၏။နူတာယ၊တမန်ဖြစ်သော။တာယဘိက္ခုနိယာ၊ထိုရဟန်းမိန်းမသည်။သံဃံသံဃာသို့။ဥပသင်္ကမိတ္ဘာ၊ကပ်၍။ဧကံသံ၊လက်ဝဲဘက်ပခုံးထက်၌။ဥတ္တရာသင်္ဂံ၊ကိုယ်ဝတ်စမွယ်တင်သည်ကို။ကရိတွာ၊ပြု၍။ဘိက္ခုနံ၊ ရဟန်းတို့၏။ပါဒေ၊ခြေတို့ကို။ဝန္ဒိတွာ၊ရှိခိုး၍ဥက္ကုဋိကံဆောင့်ကြောင့်။နိသီဒိတွာ၊ထိုင်နေ၍။အဉ္ဇလိံ၊လက်အုပ်ကို။ပဂ္ဂဟေတွာ၊ချီ၍။ဧဝံ၊ဤသို့။ဝစနီယော၊ဆိုအပ်သည်။အဿ၊ဖြစ်ရာ၏။ကိံ၊အဘယ်သို့။ဝစနီယော၊ဆိုအပ်သည်။အဿ၊ဖြစ်ရာသနည်း။အယျာ၊အရှင်ဘုရားတို့။ ဣတ္ထန္နာမာ၊ ဤအမည်ရှိသော ရဟန်းမိန်းမသည်။ဣတ္ထန္နာမာယ၊ဤအမည်ရှိသော။ အယျာယ၊အရှင်မ၏။ ဥပသမ္ပဒါပေက္ခါ၊ပဋ္ဌင်းခံခြင်းကိုငဲ့၏။ဧကတောဥပသမ္ပန္နာ၊ တဘက်သောရဟန်းမိန်းမသံဃာ၌ပဋ္ဌင်းခံအပ်ပြီ။ဘိက္ခုနိသံဃေ၊ရဟန်းမိန်းမသံဃာ၌။ ဝိသုဒ္ဓါ၊စင်ကြယ်ပြီ။သာ၊ထိုရဟန်းမိန်းမသည်။ ကေနစိဒေဝအန္တရာယေန၊ တစုံတခုသောအန္တရာယ်ကြောင့်သာလျှင်။နအာဂစ္ဆတိ၊မလာ။အယျာ၊အရှင်ဘုရားတို့။ဣတ္ထန္နာမာ၊ဤအမည်ရှိသောရဟန်းမိန်းမသည်။သံဃံ၊သံဃာကို။ ဥပသမ္ပဒံ၊ပဋ္ဌင်းအဖြစ်ကို။ယာစတိ၊တောင်း၏။အယျာ၊အရှင်ဘုရားတို့။ တံ၊ထိုရဟန်းမိန်းမကို။သံဃော၊သံဃာတော်သည်။အနုကမ္ပံ၊ အစဉ်သနားသည်ကို။ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊သံသရာတည်းဟူသောရေအယဉ်မှထုတ်ဆယ်ကယ်တင်၍နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌တည်ပါစေလော။အယျာ၊အရှင်ဘုရားတို့။ ဣတ္ထန္နာမာ၊ဤအမည်ရှိသောပဋ္ဌင်းလောင်းမသည်။ ဣတ္ထန္နာမာယ၊ဤအမည်ရှိသော။အယျာယ၊အရှင်မအား။ ဥပသမ္ပဒါပေက္ခါ၊ပဋ္ဌင်းအဖြစ်ကိုငဲ့၏။ ဧကတောဥပသမ္ပန္နာ၊ တဘက်သော ရဟန်းမိန်းမသံဃာ၌ပဋ္ဌင်းခံအပ်ပြီ။ ဘိက္ခုနိသံဃေ၊ ရဟန်းမိန်းမသံဃာ၌။ ဝိသုဒ္ဓါ၊ စင်ကြယ်ပါပြီ။

http://www.dhammadownload.com



သာ၊ ထိုရဟန်းမိန်းမသည်။ ကေနစိဒေဝ အန္တရာယေန၊ တစုံတခုသော အန္တရာယ်ကြောင့်သာလျှင်။နအာဂစ္ဆတိ၊ မလာ။ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ အယျာ၊ဘုရားတို့။ ဇုဂ္ဂုန္နာမ၊ ဤအမည်ရှိသော ပဋ္ဌင်းလောင်းမသည်။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ပဋ္ဌင်းအဖြစ်ကို။ ယာစတိ၊တောင်း၏။အယျာ၊အရှင်ဘုရားတို့။ တံ၊ထိုရဟန်းမိန်းမကို။ သံဃော၊သံဃာသည်။ အနုကမ္ပံ၊အစဉ်သနားသည်ကို။ဥပါဒါယ၊အကြောင်းပြု၍။ဥလ္လုမ္ပတုမည်းညစ်သော အကုသိုလ် အတွက်မှသည် ဖြူစင်သန့်ရှင်းသော ကုသိုလ်အတွက်၌ တည်ပါစေလော။အယျာ၊ အရှင်ဘုရားတို့။ ဇုဂ္ဂုန္နာမ၊ ဤအမည်ရှိသော ပဋ္ဌင်းလောင်းမသည်။ ဇုဂ္ဂုန္နာမာယ၊ဤအမည်ရှိသော။အယျာယ၊အရှင်မအား။ဥပသမ္ပဒါပေခါ၊ ပဋ္ဌင်းအဖြစ်ကိုငဲ့၏။ ဧကတော ဥပသမ္ပန္နာ၊တဘက်သော ရဟန်းမိန်းမသံဃာ၌ ပဋ္ဌင်းခံအပ်ပြီ။ ဘိက္ခုနီသံဃေ၊ ရဟန်းမိန်းမသံဃာ၌။ ဝိသုဒ္ဓါ၊စင်ကြယ်ပါပြီ။သာ၊ ထိုရဟန်းမိန်းမသည်။ကေနစိဒေဝ အန္တရာယေန၊ တစုံတခုသောအန္တရာယ်ကြောင့်သာလျှင်။ နအာဂစ္ဆတိ၊ မလာ။ တတိယမ္ပိ၊ သုံးကြိမ် မြောက်လည်း။ အယျာ၊ အရှင် ဘုရားတို့။ ဇုဂ္ဂုန္နာမ၊ ဤအမည်ရှိသော ပဋ္ဌင်းလောင်းမသည်။ သံဃံ၊ သံဃာတော်ကို။ဥပသမ္ပဒံ၊ ပဋ္ဌင်းအဖြစ်ကို။ယာစတိ၊ တောင်း၏။အယျာ၊အရှင်ဘုရားတို့။တံ၊ထိုရဟန်းမိန်းမကို။သံဃော၊ သံဃာသည်။အနုကမ္ပံ။ အစဉ်သနားသည်ကို။ဥပါဒါယ၊အကြောင်းပြု၍။ဥလ္လုမ္ပတုယုတ်နိမ့်သောရှင်သာမဏေအဖြစ်မှသည်မြင့်မြတ်သောပဋ္ဌင်းအဖြစ်၌တည်ပါစေလော။ဗျတ္တေန၊လိမ္မာသော။ပဋိဗလေန၊စွမ်းနိုင်သော။ဘိက္ခုနာ၊ရဟန်းသည်။သံဃော၊သံဃာကို ဉာပေတဗ္ဗော၊ သိစေအပ်၏၊ ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့သိစေအပ်သနည်း။ ။ဘန္တေ၊အရှင်ဘုရားတို့။သံဃော၊သံဃာသည်။မေ၊အကျွန်ုပ်၏။ဝစနံ၊စကားကို။သုဏာတု၊ နာတော်မူလော။ဇုဂ္ဂုန္နာမ၊ ဤအမည်ရှိသော ပဋ္ဌင်းလောင်းမသည်။ ဇုဂ္ဂုန္နာမာယ။ဤအမည်ရှိသော ရဟန်းမိန်းမ၏။ဥပသမ္ပဒါပေခါ၊ပဋ္ဌင်းအဖြစ်ကိုငဲ့၏။ဧကတောဥပသမ္ပန္နာ။တဘက်သောရဟန်းမိန်းမသံဃာ၌ပဋ္ဌင်းခံပါပြီ။ ဘိက္ခုနီသံဃေ၊ရဟန်းမိန်းမသံဃာ၌။ ဝိသုဒ္ဓါ၊စင်ကြယ်ပါပြီ။သာ၊ထိုရဟန်းမိန်းမသည်။ ကေနစိဒေဝအန္တရာယေန၊တစုံတခုသော အန္တရာယ်ကြောင့်သာလျှင်။ နအာဂစ္ဆတိ၊ မလာ။ဇုဂ္ဂုန္နာမ၊ ဤအမည်ရှိသော ပဋ္ဌင်းလောင်းမသည်။ သံဃံ၊သံဃာကို။ ဇုဂ္ဂုန္နာမာယ၊ ဤ အမည်ရှိသော။ ပဝတ္တိနိယာ၊ ဥပဇ္ဈာယ်ဖြစ်သော ရဟန်းမိန်းမဖြင့်။ ဥပသမ္ပဒံ၊ ပဋ္ဌင်းအဖြစ်ကို။ ယာစတိ၊တောင်း၏။ သံဃာသာ၊ သံဃာအား။

http://www.dhammadownload.com



ပတ္တကသ္မိံ။လျောက်ပတ်သောအခါရှိသောကာသည်။ယဒိသိယာ၊ အကယ်၍
ဖြစ်ငြားအံ့။ဇေ၀ံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။သံဃော၊သံဃာသည်။ဣတ္ထန္နာ
မံ၊ ဤအမည်ရှိသောပဥ္စင်းလောင်းမကို။ ဣတ္ထန္နာမာယ၊ဤအမည်ရှိသော။
ပဝတ္တိနိယာ၊ ဥပဇ္ဈာယ်ဖြစ်သောရဟန်းမိန်းမဖြင့်။ဥပသမ္ပာဒေယျ၊ပဥ္စင်းခံ
ရာ၏။သော၊ ဤသည်ကား။ဉတ္တိ၊ သိစေခြင်းတည်း။ ။ဘန္တေ၊အရှင်ဘုရား
တို့။သံဃော၊သံဃာသည်။မေ၊အကျွန်ုပ်၏။ဝစနံ၊စကားကို။ သုဏာတု၊နာ
တော်မူလော။ ဣတ္ထန္နာမာ၊ ဤအမည်ရှိသောပဥ္စင်းလောင်းမသည်။ဣတ္ထန္နာ
မာယ၊ဤအမည်ရှိသောရဟန်းမိန်းမ၏။ ဥပသမ္ပဒါပေက္ခါ၊ပဥ္စင်းအဖြစ်ကိုငဲ့၏
ဧကတောဥပသမ္ပန္နာ၊တဘက်သောရဟန်းမိန်းမသံဃာ၌ပဥ္စင်းခံပါပြီ။ဘိက္ခု
နိသံဃေ၊ရဟန်းမိန်းမသံဃာ၌။ဝိသုဒ္ဓါ၊စင်ကြယ်ပါပြီ။သာ၊ထိုရဟန်းမိန်းမ
သည်။ ကေနစိဒေဝအန္တရာယေန၊ တစုံတခုသောအန္တရာယ်ကြောင့်သာ
လျှင်၊နအာဂစ္ဆတိ။မလာ။ဣတ္ထန္နာမာ။ဤအမည်ရှိသောပဥ္စင်းလောင်းမသည်
သံဃံ၊သံဃာကို။ဣတ္ထန္နာမာယ၊ ၊ဤအမည်ရှိသော။ပဝတ္တိနိယာ၊ဥပဇ္ဈာယ်
ဖြစ်သောရဟန်းမိန်းမဖြင့်။ဥပသမ္ပဒံ၊ ပဥ္စင်းအဖြစ်ကို။ ယာစတိ၊တောင်း၏။
သံဃော၊ သံဃာသည်။ ဣတ္ထန္နာမံ။ ဤအမည်ရှိသော ပဥ္စင်းလောင်းမကို။
ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ပဝတ္တိနိယာ၊ ဥပဇ္ဈာယ်ဖြစ်သောရဟန်း
မိန်းမဖြင့်။ဥပသမ္ပါဒေတိ၊ပဥ္စင်းခံ၏။ ယဿအာယသ္မတော၊ အကြင်အရှင်
သည်။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ပဝတ္တိနိယာ၊ ဥပဇ္ဈာယ်ဖြစ်သော
ရဟန်းမိန်းမဖြင့်။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသောပဥ္စင်းလောင်းမကို။ ဥပ
သမ္ပဒါ၊ပဥ္စင်းခံသည်ကို။ ခမတိ၊ နှစ်သက်အပ်၏။ သော၊ ထိုအရှင်သည်။
တုဏှီ၊ဆိတ်ဆိတ်နေသည်။အဿ။ ဖြစ်ရာ၏။ယဿ၊ အကြင်အရှင်သည်။
နက္ခမတိ၊မနှစ်သက်အပ်။သော၊ထိုအရှင်သည်။ဘာသေယျ၊ဆိုရာ၏။ဒုတိ
ယမ္ပိ၊နှစ်ကြိမ်မြောက်လည်း။ ဧတမတ္ထံ၊ ဤအနက်ကို။ဝဒါမိ၊ဆို၏။ (လ)။
တတိယမ္ပိ၊သုံးကြိမ်မြောက်လည်း။ဧတမတ္ထံ၊ဤအနက်ကို။ဝဒါမိ၊ဆို၏။ . ။
ဘန္တေ၊အရှင်ဘုရားတို့၊သံဃော၊သံဃာသည်။မေ၊အကျွန်ုပ်၏။ဝစနံ၊စကား
ကို။သုဏာတု၊နာတော်မူလော။ဣတ္ထန္နာမာ၊ဤအမည်ရှိသောပဥ္စင်းလောင်း
မသည်။ဣတ္ထန္နာမာယ၊ ဤအမည်ရှိသောရဟန်းမိန်းမ၏။ ဥပသမ္ပဒါပေက္ခါ၊
ပဥ္စင်းအဖြစ်ကိုငဲ့၏၊ဧကတောဥပသမ္ပန္နာ၊တဘက်သောရဟန်းမိန်းမသံဃာ
၌ပဥ္စင်းခံပါပြီ၊ဘိက္ခုနိသံဃေ၊ ရဟန်းမိန်းမသံဃာ၌။ဝိသုဒ္ဓါ၊ စင်ကြယ်ပါ
ပြီ။သာ၊ထိုရဟန်းမိန်းမသည်။ကေနစိဒေဝ အန္တရာယေန၊ တစုံတခုသော
အန္တရာယ်ကြောင့်သာလျှင်။ နအာဂစ္ဆတိ၊မလာ။ဣတ္ထန္နာမာ၊ ဤအမည်ရှိ

http://www.dhammadownload.com



သောပဋ္ဌင်းလောင်းမသည်။သံဃံ၊သံဃာကို။ ဇာရုတ္တန္နာမာယ၊ ဤအမည်ရှိ
သော။ပဝတ္တိနီယာ၊ဥပဇ္ဈာယ်ဖြစ်သော ရဟာန်းမိန်းမဖြင့်။ဥပသမ္ပဒံ၊ ပဋ္ဌင်း
အဖြစ်ကို။ယာစတိ၊တောင်း၏။သံဃော၊သံဃာသည်။ဇာရုတ္တန္နာမံ၊ ဤအမည်
ရှိသော ပဋ္ဌင်းလောင်းမကို။ဇာရုတ္တန္နာမာယ၊ဤအမည်ရှိသော။ ပဝတ္တိနီယာ၊
ဥပဇ္ဈာယ်ဖြစ်သောရဟာန်းမိန်းမဖြင့်။ဥပသမ္ပာဒေတိ။ ပဋ္ဌင်းခံ၏။ ယဿအာ
ယသ္မတော၊ အကြင်အရှင်သည်။ဇာရုတ္တန္နာမာယ၊ ဤအမည်ရှိသော။ ပဝတ္တိနီ
ယာ၊ဥပဇ္ဈာယ်ဖြစ်သောရဟာန်းမိန်းမဖြင့်။ ဇာရုတ္တန္နာမာယ၊ ဤအမည်ရှိသော
ပဋ္ဌင်းလောင်းမကို။ ဥပသမ္ပဒါ၊ ပဋ္ဌင်းခံသည်ကို။ ခမတိ၊ နှစ်သက်အပ်၏။
သော၊ထိုအရှင်သည်။တုဏှီ၊ဆိတ်ဆိတ်နေသည်။အဿ၊ဖြစ်ရာ၏။ယဿ၊
အကြင်အရှင်သည်။ နက္ခမတိ။ မနှစ်သက်အပ်။ သော၊ ထိုအရှင်သည်။
ဘာသေယျ၊ဆိုရာ၏။ သံဃေန၊သံဃာသည်။ဇာရုတ္တန္နာမာ၊ ဤအမည်ရှိသော
ပဋ္ဌင်းလောင်းမကို၊ ဇာရုတ္တန္နာမာယ၊ ဤအမည်ရှိသော။ ပဝတ္တိနီယာ ၊ဥ
ပဇ္ဈာယ်ဖြစ်သောရဟာန်းမိန်း မဖြင့်။ဥပသမ္ပန္နာ၊ ပဋ္ဌင်းခံအပ်ပြီ။ သံဃဿ၊
သံဃာသည်။ ယသ္မာ၊အကြင်ကြောင့်။ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ထို
ကြောင့်။တုဏှီ၊ ဆိတ်ဆိတ်နေသည်၊ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ဧဝံ။ ဤသို့ဆိတ်
ဆိတ်နေသဖြင့်။ဧတံ၊ ဤနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ၊ မှတ်၏။
ဉတိ၊ဤသို့။ဥာပေတဗ္ဗော၊သိစေအပ်၏။ ။တာဝဒေဝ၊ထိုရဟာန်းယောကျ်ား
သံဃာ၌ပဋ္ဌင်းခံပြီးသောခဏ၌သာလျှင်။ဆာယာ၊အရိပ်ကို။ မေတဗ္ဗာ၊နှိုင်း
ယှဉ်အပ်၏။ဥတုပမာဏံ၊ဆောင်းဥတုနွေဥတုမိုးဥတု ဥတုအတိုင်းအရှည်ပ
မာဏကို။အာစိက္ခိတဗ္ဗံ၊ကြားအပ်၏။ ဒိဝသဘာဂေါ၊နေ့အဘို့ကို။ အာစိက္ခိ
တဗ္ဗော၊ကြားအပ်၏။ သံဂီတိ၊ အရိပ်ဥတုနေ့အပေါင်းကို၊ အာစိက္ခိတဗ္ဗာ၊
ကြားအပ်၏။ ဘိက္ခုနီယော၊ ရဟာန်းမိန်းမတို့ကို။ တဿာ။ထိုပဋ္ဌင်း သစ်မ
အား။တယောစနိဿယေ။ သုံးပါးသောမှီရာတို့ကို လည်း ကောင်း။ အဋ္ဌစ
အကရဏီယာနိ၊ ရှစ်ပါးသောမပြုအပ်သော အကျင့်တို့ကိုလည်းကောင်း။
အာစိက္ခေယျာထ၊ကြားကုန်လော။ ဉတိ၊ ဤသို့။ဝတ္တဗ္ဗာ၊ဆိုအပ်ကုန်၏။ ။
တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဘိက္ခုနီယော၊ ရဟာန်းမိန်းမတို့သည်။
အရညော၊တော၌။ ဝိဟာရန္တိ၊နေကုန်၏။ ဓုတ္တာ၊ သေသောက်ကြူးတို့သည်။
ဒူသေန္တိ၊ ဖျက်ဆီးကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ဤ
အကြောင်းကို။၊အာရောစေသုံ၊ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟာန်းတို့။
ဘိက္ခုနိယာ၊ရဟာန်းမိန်းမသည်။အရညော၊တော၌။နဝသိတဗ္ဗံ၊မနေအပ်။ယာ၊
အကြင်ရဟာန်းမိန်းမသည်။ဝသေယျ၊နေငြားအံ့၊ဟာသော၊ထိုရဟာန်းမိန်းမအား။

http://www.dhammadownload.com



ဒုက္ကဋံ သာ၊ ဒုက္ကဋ်အာပတ်သို့။ အာပဇ္ဇိ၊ အာပတ္တိသင့်ရောက်ခြင်းသည်။ ဟောတိ၊
ဖြစ်၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေန ခေါ ပန သမယေန၊
ထိုအခါ၌။ အညတရေန၊ မထင်ရှားသော။ ဥပါသကေန၊ ဥပါသကာသည်။
ဘိက္ခုနီသံဃဿ၊ ရဟန်းမိန်းမ သံဃာအား။ ဥဒ္ဒေါသိတော၊ ဥစ္စာထားရာစင်
ကို။ ဒိန္နော၊ လှူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။
ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ “ဘိက္ခဝေ၊
ရဟန်းတို့။ ဥဒ္ဒေါသိတံ၊ ဥစ္စာထားရာစင်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်
မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ မိန့်တော်မူ၏။” ဥဒ္ဒေါသိတော၊ ဥစ္စာထားရာစင်
သည်။ နသမ္မတိ၊ မဆန့်နိုင်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ) “ဘိက္ခ
ဝေ၊ ရဟန်းတို့။ ဥပဿယံ၊ ကျောင်းကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။
ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။ဥပဿယော၊ ကျောင်းသည်။
နသမ္မတိ၊ မဆန့်နိုင်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ) “ဘိက္ခဝေ၊
ရဟန်းတို့။ နဝကမ္မံ၊ အမှုသစ်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိ၊
ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” နဝကမ္မံ၊ အမှုသစ်သည်။ နသမ္မတိ၊ မဆန့်နိုင်။
ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ) “ဘိက္ခဝေ၊ ရဟန်းတို့။ ပုဂ္ဂလိကံပိ၊
ပုဂ္ဂိုလ်၏ကျောင်းကိုလည်း။ ကာတုံ၊ ပြုစိမ့်သောငှါ။ အနုဇာနာမိ၊ ခွင့်
ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေန ခေါ ပန သ
မယေန၊ ထိုအခါ၌။ အညတရာ၊ မထင်ရှားသော။ ဘိက္ခုနီ၊ မိန်းမသည်။ သန္နိသိန္န
ဂဗ္ဘာ၊ ရှေးရှုတည်နေသော ကိုယ်ဝန်ရှိသည်ဖြစ်၍။ ဘိက္ခုနီသု၊ ရဟန်းမိန်းမတို့
၌။ ပဗ္ဗဇိတာ၊ ရဟန်းပြုသည်။ ဟောတိ၊ ဖြစ်၏။ တဿာ၊ ထိုမိန်းမသည်။ ပဗ္ဗဇိ
တာယ၊ ရဟန်းပြုပြီးသည်ရှိသော်။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ဝုဋ္ဌာသိ၊ ထခဲ့၏။
အထခေါ၊ ထိုအခါ၌။ တဿာ ဘိက္ခုနိယာ၊ ထိုရဟန်းမိန်းမအား။ ကထံ၊
အဘယ်သို့။ မယာ၊ ငါသည်။ ဣမသ္မိံ ဒါရကေ၊ ဤသူငယ်၌။ ပဋိပဇ္ဇိတဗ္ဗံ နု ခေါ၊
ကျင့်ရပါအံ့နည်း။ ဣတိ ဧတံ သောပရိဝိတက္ကော၊ ဤသို့သော အကြံသည်။
အဟောသိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ) “ဘိက္ခဝေ၊ ရဟန်း
တို့။ ယာဝ၊ အကြင်မျှလောက်။ သော ဒါရကော၊ ထိုသူငယ်သည်။ ဝိညုတံ၊ သိ
ကြားလိမ္မာသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ တာဝ၊ ထိုမျှလောက်။
ပေါသေတုံ၊ ကျွေးမွေးစိမ့်သောငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။
ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” အထ ခေါ၊ ထိုအခါ၌။ တဿာ ဘိက္ခု
နိယာ၊ ထိုရဟန်းမိန်းမအား။ မယာ စ၊ ငါသည်လည်း။ ဧကိကာယ၊ တယောက်
အထည်းထည်း။ ဝတ္ထုံ၊ နေခြင်းငှါ။ နလဗ္ဘာ၊ မရအပ်။ အညာယ၊ တယောက်သော

http://www.dhammadownload.com



ဘိက္ခုနိယာ၊စ၊ရဟန်းမိန်းမသည်လည်း။ဒါရကေန။ သူငယ်ယောကျ်ားနှင့်။ သဟ၊တကွ။ဝတ္တုံ၊နေခြင်းငှါ၊နလဗ္ဘာ၊မရအပ်။ကထံ၊အဘယ်သို့။မယာ၊ငါ သည်။ပဋိပဇ္ဇိတဗ္ဗံနုခေါ၊ကျင့်ရပါအံ့နည်း။ ဣတိဧသောပရိဝိတက္ကော၊ ဤသို့ သောအကြံသည်။အဟောသိ၊ဖြစ်၏။ဘဂဝတော၊မြတ်စွာဘုရားအား။ (ထ) "ဘိက္ခဝေ၊ ရဟန်းတို့။ဧကံ၊ တယောက်သော။ ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ သမ္မန္နိတွာ၊သမုတ်၍။တဿာဘိက္ခုနိယာ၊ ထိုရဟန်းမိန်းမအား။ဒုတိယံ၊ အဘော်ရဟန်းမိန်းမကို။ဒါတုံ၊ပေးစိမ့်သောငှါ၊ အနုဇာနာမိ၊ငါဘုရားခွင့်ပြု တော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။" "။ဘိက္ခဝေ၊ရဟန်းတို့၊ ဧဝဥ္စပန၊ဤသို့လျှင်။ သမ္မန္နိတဗ္ဗာ၊သမုတ်အပ်၏။ ပဌမံ၊ရှေးဦးစွာ။ဘိက္ခုနီ၊ ရဟန်းမိန်းမကို။ယာစိတဗ္ဗာ၊ တောင်းအပ်၏။ယာစိတွာ၊တောင်း၍။ဗျတ္တာ ယ။လိမ္မာသော။ ပဋိဗလာယ၊ စွမ်းနိုင်သော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ သည်။သံဃော၊သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့သိစေအပ်သနည်း။ ။အယျေ၊ အရှင်မတို့။ သံဃော၊ သံဃာ သည်။မေ၊အကျွန်ုပ်၏။ဝစနံ၊စကားကို။သုဏာတု၊ နာတော်မူလော။ သံဃ ဿ၊သံဃာအား။ပတ္တကလ္လံ၊ လျော်ပတ်သောအခါရှိသောကာသည်။ ယဒိသိ ယာ၊အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ရှိသည်ဖြစ်သော်၊ သံဃော၊သံ ဃာသည်။ဣတ္ထန္နာမံ၊ဤအမည်ရှိသော။ ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ဣတ္ထန္နာ မာယ။ဤအမည်ရှိသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဒုတိယံ၊အဘော်ရ ဟန်းမိန်းမဟူ၍။သမ္မန္နေယျ၊သမုတ်ရာ၏။ဧသာ၊ဤသည်ကား။ဉတ္တိ၊သိစေ ခြင်းတည်း။ ။အယျေ၊အရှင်မတို့။ သံဃော၊သံဃာသည်။မေ၊အကျွန်ုပ် ၏။ဝစနံ၊စကားကို။သုဏာတု၊နာတော်မူလော၊ဣတ္ထန္နာမံ၊ဤအမည်ရှိသော ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဒုတိယံ၊အဘော်ရဟန်းမိန်းမဟူ၍။ သမ္မန္နတိ၊ သမုတ်၏။ ယဿာအယျာယ၊ အကြင်အရှင်မသည်။ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ဘိက္ခုနိယာ။ရဟန်းမိန်းမကို။ဣတ္ထန္နာမာယ၊ဤအမည်ရှိသော။ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ဒုတိယာ၊အဘော်ရဟန်းမိန်းမဟူ၍။သမ္မုတိ၊သမုတ်သည် ကို။ခမတိ၊နှစ်သက်အပ်၏။သာ၊ ထိုရဟန်းမိန်းမသည်။တုဏှိ၊ ဆိတ်ဆိတ် နေသည်။အဿ၊ဖြစ်ရာ၏။ယဿာ၊ အကြင်အရှင်မသည်။နက္ခမတိ၊ မနှစ် သက်အပ်။သာ၊ထိုအရှင်မသည်၊ ဘာသေယျ၊ဆိုရာ၏။သံဃေန၊ သံဃာ သည်။ဣတ္ထန္နာမာ၊ဤအမည်ရှိသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမကို။ဣတ္ထန္နာမာ ယ။ဤအမည်ရှိသော။ဘိက္ခုနိယာ၊ရဟန်းမိန်းမ၏။ဒုတိယာ၊အဘော်ရဟန်း

http://www.dhammadownload.com



မိန်းမဟူ၍။ သမ္မတာ၊ သမုတ်အပ်ပြီ။ သံဝါသော၊ သံဝါသသည်။ ယသ္မာ၊ အကြင်ကြောင့်။ ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊ ဤနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ ဣတိ၊ ဤသို့။ ဉာပေတဗ္ဗော၊ သိစေအပ်၏။" ။အထခေါ၊ ထိုအခါ၌။ ဒုတိယိကာယ၊ အဖော်ဖြစ်သော။ တဿာ ဘိက္ခုနိယာ၊ ထိုရဟန်းမိန်းမအား။ ကထံ၊ အဘယ်သို့။ မယာ၊ ငါသည်။ ဣမသ္မိံ ဒါရကေ၊ ဤသူငယ်၌။ ပဋိပဇ္ဇိတဗ္ဗံ နုခေါ၊ ကျင့်ရအံ့နည်း။ ဣတိ၊ ဤသို့ ဧတံ ဧသော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်၊ အဟောသိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ)။ "ဘိက္ခဝေ၊ ရဟန်းတို့။ သာဂါရံ၊ ကမိုးတစ်ရံ တည်းသော ကျောင်း၌ တကွနေခြင်းကို။ ဌပေတွာ၊ ထား၍။ အညော၊ တပါးသော။ ပုရိသော၊ ယောကျ်ား၌။ ပဋိပဇ္ဇန္တိ ယထာ၊ ကျင့်ကုန်ဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ တသ္မိံ ဒါရကေ၊ ထိုသူငယ်ဖြစ်သော ယောကျ်ား၌။ ပဋိပဇ္ဇိတုံ၊ ကျင့်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။" ။တေနခေါပနသမယေန၊ ထိုအခါ၌။ အညတရာ၊ မထင်ရှားသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဂရုဓမ္မံ၊ သံဃာဒိသိသ်အာပတ်သို့။ အဇ္ဈာပန္နာ၊ ရောက်သည်ဖြစ်၍။ မာနတ္တစာရိနီ၊ မာနတ်ကိုကျင့်သည်။ ဟောတိ၊ ဖြစ်၏။ အထခေါ၊ ထိုအခါ၌။ တဿာ ဘိက္ခုနိယာ၊ ထိုရဟန်းမိန်းမအား။ မယာစ၊ ငါသည်လည်း။ ဧကိကာယ၊ တယောက်ထည်းထည်း။ ဝတ္ထုံ၊ နေခြင်းငှါ။ နလဗ္ဘာ၊ မရအပ်။ အညာယ၊ တယောက်သော။ ဘိက္ခုနိယာစ၊ ရဟန်းမိန်းမနှင့်လည်း။ သဟ၊ တကွ။ မယာ၊ ငါသည်။ ဝတ္ထုံ၊ နေခြင်းငှါ။ နလဗ္ဘာ၊ မရအပ်။ ကထံ၊ အဘယ်သို့။ မယာ၊ ငါသည်။ ပဋိပဇ္ဇိတဗ္ဗံ နုခေါ၊ ကျင့်ရအံ့နည်း။ ဣတိ ဧသော ပရိဝိတက္ကော ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ)။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဧကံ၊ တယောက်သော ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ သမ္မန္နိတွာ၊ သမုတ်၍။ တဿာ ဘိက္ခုနိယာ၊ ထိုရဟန်းမိန်းမ၏။ ဒုတိယံ၊ အဖော်ဖြစ်သော ရဟန်းမိန်းမကို။ ဒါတုံ၊ ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဥ္စပန၊ ဤသို့လျှင်။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။ ပဌမံ၊ ရှေးဦးစွာ။ ဘိက္ခုနီ၊ ရဟန်းမိန်းမကို။ ယာစိတဗ္ဗာ၊ တောင်းအပ်၏။ ယာစိတွာ၊ တောင်း၍။ ဗျတ္တာယ၊ လိမ္မာသော။ ပဋိဗလာယ၊ စွမ်းနိုင်သော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမသည်။ သံဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ကိံ ဉာပေတဗ္ဗော၊ အဘယ်သို့သိစေအပ်သနည်း။ ။အယျေ၊ အရှင်မတို့။ သံဃော၊ သံဃာသည်။ မေ၊

အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူလော။ သံဃသသ၊ သံဃာ
အား။ ပတ္တကလ္လံ၊ လျှောက်ပတ်သော အခါရှိသောကာသည်။ ယဒိသိယာ၊
အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သံဃာ
သည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုနိံ၊ ရဟန်းမိန်းမကို။ ဣတ္ထန္နာမာယ
ဤအမည်ရှိသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဒုတိယံ၊ အဖော်ဖြစ်သော
ရဟန်းမိန်းမဟူ၍။ သမ္မန္နေယျ၊ သမုတ်ရာ၏။ ဧသာ၊ ဤသည်ကား။ ဉတ္တိ၊ သိစေ
ခြင်းတည်း။ ။အယျေ၊ အရှင်မတို့။ သံဃော၊ သံဃာသည်။ မေ၊ အကျွန်ုပ်
၏၊ ဝစနံ။ စကားကို။ သုဏာတု၊ နာတော်မူလော။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။
ဘိက္ခုနိံ ၊ ရဟန်းမိန်းမကို။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ဘိက္ခုနိယာ၊
ရဟန်းမိန်းမ၏။ ဒုတိယံ၊ အဖော်ရဟန်းမိန်းမဟူ၍။ သမ္မန္နတိ၊ သမုတ်၏။
ယဿာအယျာယ၊ အကြင်အရှင်မသည်။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။
ဘိက္ခုနိသာ။ ရဟန်းမိန်းမကို။ ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ဘိက္ခုနိယာ၊
ရဟန်းမိန်းမ၏။ ဒုတိယာသာ၊ အဖော်ရဟန်းမိန်းမဟူ၍။ သမ္မုတိ၊ သမုတ်
သည်ကို။ ခမတိ၊ နှစ်သက်အပ်၏။ သာ၊ ထိုအရှင်မသည်။ တုဏှိ၊ ဆိတ်
ဆိတ်နေသည်၊ အဿ၊ ဖြစ်ရာ၏။ ယဿာ၊ အကြင်အရှင်မသည်။ နက္ခမတိ၊
မနှစ်သက်အပ်။ သာ၊ ထိုအရှင်မသည်။ ဘာသေယျ၊ ဆိုရာ၏။ သံဃေန၊
သံဃာသည်။ ဣတ္ထန္နာမာ။ ဤအမည်ရှိသော။ ဘိက္ခုနီ၊ ရဟန်းမိန်းမကို။
ဣတ္ထန္နာမာယ၊ ဤအမည်ရှိသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဒုတိယာ၊
အဖော်ရဟန်းမိန်းမဟူ၍။ သမ္မတာ၊ သမုတ်အပ်ပြီ။ သံဃဿ၊ သံဃာသည်
ယသ္မာ၊ အကြင်ကြောင့်။ ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တုဏှိ၊
ဆိတ်ဆိတ်နေသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဆိတ်ဆိတ်နေသဖြင့်။
ဧတံ၊ ဤနှစ်သက် အပ်သည်၏ အဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ ဣတိ၊
ဤသို့။ ဉာပေတဗ္ဗာ၊ သိစေအပ်၏။ ” ။တေနခေါ ပနသမယေန၊ ထိုအခါ၌။
အညတရာ၊ မထင်ရှားသော။ ဘိက္ခုနီ၊ ရဟန်း မိန်းမသည်။ သိက္ခံ၊
သိက္ခာကို။ ပစ္စက္ခာယ၊ ချ၍။ ဝိဗ္ဘမိ၊ လူထွက်၏။ သာ ထိုရဟန်း မိန်းမ
သည်။ ပုန၊ တဖန်။ ပစ္စာဂန္တွာ၊ ပြန်လာ၍။ ဘိက္ခုနီယော၊ ရဟန်းမိန်းမ
တို့ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းခံခြင်းကို။ ယာစိ၊ တောင်း၏။ ဘဂဝတော၊ မြတ်စွာ
ဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်
၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ သိက္ခာပစ္စက္ခာနံ၊
သိက္ခာချခြင်းသည်။ နဟောတိ၊ မဖြစ်။ ယဒေဝ၊ အကြင်အကြောင်းကြောင့်
သာလျှင်။ သာ၊ ထိုရဟန်းမိန်းမသည်။ ဝိဗ္ဘန္တာ၊ လူထွက်၏။ တဒေဝ၊ ထိုအ

ကြောင်းကြောင့်သာလျှင်။သာ၊ ထိုရဟန်းမိန်းမသည်။ အဘိက္ခုနီ၊ ရဟန်းမိန်းမမဟုတ်။ဇူတိ၊ ဤသို့။အာမန္တေသိ၊ မိန့်တော်၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။အညတရာ၊မထင်ရှားသော။ဘိက္ခုနီ၊ရဟန်းမိန်းမသည်။သကာဝါသာ၊မိမိနေရာကျောင်းတိုက်မှ။တိတ္ထာယတနံ၊တိတ္ထိတို့ကျောင်းသို့။သင်္ကမိ၊ပြောင်းရွှေ့၏။သာ၊ထိုရဟန်းမိန်းမသည်။ပုန၊တဘန်။ ပစ္စာဂန္တွာ၊ပြန်လာ၍။ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ ဥပသမ္ပဒံ၊ ပဉ္စင်းခံခြင်းကို။ယာစိ၊တောင်း၏။ဘဂဝတော၊မြတ်စွာဘုရားအား။ဧတမတ္ထံ၊ဤအကြောင်းကို။အာရောစေသုံ၊ ကြားလျှောက်ကုန်၏။“ဘိက္ခဝေ၊ ရဟန်းတို့။ ယာသာ ဘိက္ခုနီ။အကြင်ရဟန်းမိန်းမသည်။သကာဝါသာ၊ မိမိနေရာကျောင်းတိုက်မှ။တိတ္ထာယတနံ၊တိတ္ထိတို့ကျောင်းသို့။သင်္ကန္တာ၊ ပြောင်းရွှေ့၏။ သာ၊ ထိုရဟန်းမိန်းမကို။ အာဂတာ၊လာသည်ရှိသော်။ နဥပသမ္ပာဒေတဗ္ဗာ၊ ပဉ္စင်းမခံအပ်။ဇူတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ပုရိသေဟိ၊ယောကျ်ားတို့သည်။ အဘိဝါဒနံ၊ ရှိခိုးခြင်းကိုလည်းကောင်း။ ကေသစ္ဆေဒနံ၊ဆံရိတ်ခြင်းကို လည်းကောင်း။ နခစ္ဆေဒနံ၊ ခြေသည်းလက်သည်း ဖြတ်ခြင်းကို လည်းကောင်း။ ဝဏပဋိကမ္မံ၊ အမာဝဠ်ကုစားခြင်း ကိုလည်းကောင်း၊ ကုက္ကုစ္စာယန္တာ၊ အလိုလိုရှိကုန်သည်ဖြစ်၍၊ နသာဒိယန္တိ၊ မသာယာကုန်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ)။“ဘိက္ခဝေ၊ ရဟန်းတို့။ သာဒိတုံ။ သာယာစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဇူတိ၊ ဤသို့၊ အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။ဘိက္ခုနိယော၊ရဟန်းမိန်းမတို့သည်။ပလ္လင်္ကေန၊ထက်ဝယ်ဖွဲ့ခွေနေခြင်းဖြင့်။ နိသီဒန္တိ၊ ထိုင်နေကုန်လျက်။ ဖဏှိသမ္ဖဿံ၊ ဖနှောင့်အတွေ့ကို။ သာဒိယန္တိ၊ သာယာကုန်၏။ဘဂဝတော၊မြတ်စွာဘုရားအား။(လ)“။ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမသည်။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေ နေသဖြင့်။ နနိသီဒိတဗ္ဗံ၊ မထိုင်နေအပ်။ ယာ၊အကြင်ရဟန်းမိန်းမသည်။ နိသီဒေယျ၊ ထိုင်နေငြားအံ့။တဿာ၊ ထိုရဟန်းမိန်းမအား။ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဇူတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌။ အညတရာ၊မထင်ရှားသော။ ဘိက္ခုနီ၊ရဟန်းမိန်းမသည်။ ဂိလာနာ၊ နာသည်။ ဟောတိ၊ဖြစ်၏။ တဿာ၊ ထိုရဟန်းမိန်းမအား။ပလ္လင်္ကေန၊ထက်ဝယ်ဖွဲ့ခွေနေခြင်းနှင့်။ ဝိနာ၊ ကင်း၍၊ဖာသု၊ချမ်းသာသည်။နဟောတိ၊မဖြစ်။ ဘဂဝတော၊မြတ်စွာဘုရား

http://www.dhammadownload.com



အား။(လ)။ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခုနိယာ၊ရဟန်းမိန်းမအား။အစုပလ္လက်
ထက်ဝက်သော ထက်ဝယ်ဖွဲ့ခွေနေခြင်းကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြု
တော်မူ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။” ။တေနခေါပနသမ
ယေန၊ ထိုအခါ၌။ဘိက္ခုနီယော၊ရဟန်းမိန်းမတို့သည်။ ဝစ္စကုဋိယာ၊ဝစ္စကုဋိ
၌။ ဝစ္စံ၊ကျင်ကြီးကို။ ကရောန္တိ၊ပြုကုန်၏။ ဆဗ္ဗဂ္ဂိယာ၊ဆဗ္ဗဂ္ဂီအမည်ရှိကုန်
သော။ဘိက္ခုနီယော၊ရဟန်းမိန်းမတို့သည်၊တတ္ထေဝ၊ထိုဝစ္စကုဋိ၌သာလျှင်။
ဂဗ္ဘံ၊ကိုယ်ဝန်ကို။ ပါတေန္တိ၊ချကုန်၏။ ဘဂဝတော၊မြတ်စွာဘုရားအား။
(လ)။“ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခုနီသာ၊ရဟန်းမိန်းမသည်။ ဝစ္စကုဋိယာ၊
ဝစ္စကုဋိ၌။ဝစ္စော၊ကျင်ကြီးကို။နကာတဗ္ဗော၊မပြုအပ်။ ယော၊အကြင်ရဟန်း
မိန်းမသည်။ကရေယျ၊ပြုငြားအံ့။တဿာ၊ ထိုရဟန်းမိန်းမအား။ဒုက္ကဋဿ၊
ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
ဘိက္ခဝေ၊ရဟန်းတို့။ ၊ ဟေဋ္ဌာဝိဝဋေ၊ အောက်ဟင်းလင်းပွင့်သော။ ဥပရိ
ပဋိစ္ဆန္နေ၊ အထက်ဖုံးလွှမ်းအပ်သောဝစ္စကုဋိ၌။ ဝစ္စံ၊ကျင်ကြီးကို။ ကာတုံ။
ပြုခြင်းငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။ အာမန္တေသိ၊
မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌။ ဘိက္ခုနီယော၊ရဟန်း
မိန်းမတို့သည်။ စုဏ္ဏေန၊ ရေချိုးကသယ်မှုန့်ဖြင့်။ နှာယန္တိ၊ ရေချိုးကုန်၏။
မနုဿာ၊ လူတို့သည်။ ကာမဘောဂိနိယော၊ ကာမဂုဏ်စည်းစိမ်ကိုခံစား
ကုန်သော။ ဂိဟီသေယျထာပိ၊ လူမိန်းမတို့ကဲ့သို့တကား။ ဣတိ၊ ဤသို့။ဥဇ္ဈာ
ယန္တိ၊ ကဲ့ရဲ့ကုန်၏။ ခိယျန္တိ၊ ရှုတ်ချကုန်၏။ ဝိပါစေန္တိ၊ ဖရိုဖရဲ ကြ်သော
စကားကိုဆိုကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ (လ)။“ဘိက္ခဝေ၊
ရဟန်းတို့။ဘိက္ခုနီယာ၊ရဟန်းမိန်းမသည်။ စုဏ္ဏေန၊ရေချိုးကသယ်မှုန့်ဖြင့်။
နနှာယိတဗ္ဗံ၊ရေမချိုးအပ်။ယာ၊ အကြင်ရဟန်းမိန်းမသည်။ နှာယေယျ၊ရေ
ချိုးငြားအံ့။ တဿာ၊ထိုရဟန်းမိန်းမအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။
အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။
ကုက္ကုသံ၊ ဆန်ကွဲဖွဲ့ညက်ကိုလည်းကောင်း။ မတ္တိကံ၊ မြေညက်ကိုလည်း
ကောင်း။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်
တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌။ဘိက္ခုနီယော၊ရဟန်းမိန်းမ
တို့သည်။ဝါသိတကာယ၊နံ့သာဖြင့်ထုံအပ်သော။မတ္တိကာယ၊ မြေညက်
ဖြင့်။နှာယန္တိ၊ ရေချိုးကုန်၏ ။မနုဿာ၊လူတို့သည်။ ကာမဘောဂိနိယော
ကာမဂုဏ်စည်းစိမ်ကိုခံစားကုန်သော၊ ဂိဟီသေယျထာပိ၊ လူမိန်းမတို့ကဲ့
သို့တကား။ဣတိ၊ဤသို့။ဥဇ္ဈာယန္တိ။ကဲ့ရဲ့ကုန်၏။ခိယျန္တိ။ရှုတ်ချကုန်၏။ ဝိပါ

စေ န္တိ၊ဗရိုဗရဲ ကြီးသောစကားကိုဆိုကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား အား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခုနိယာ၊ရဟန်းမိန်းမသည်။ဝါသိတကာယ၊ နံ့သာ ဖြင့်ထုံအပ်သော။မတ္တိကာယ၊မြေညက်ဖြင့်။နဟာယိတဗ္ဗံ၊ရေမချိုးအပ်။ယော၊ အကြင်ရဟန်းမိန်းမသည်၊ နှာယေယျ၊ရေချိုးငြားအံ့၊ တဿာ၊ ထိုရဟန်း မိန်းမအား။ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်း သည်။ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ပကတိမတ္တိကံ၊ ပကတိမြေ ညက်ကို။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏၊ဣတိ၊ဤသို့။ အာမန္တေသိ။ မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ထိုအခါ၌။ဘိက္ခုနီယော၊ရဟန်း မိန်းမတို့သည်။ ဇန္တာဃရေ၊ဇရုံးအိမ်၌၊နှာယန္တိ ယော၊ ရေချိုးကုန်သည်ရှိ သော်။ကောလာဟလံ၊ အုပ်အုပ်ကျက်ကျက်ကို။အကံသု၊ပြုကုန်၏။ ဘဂ ဝတော၊မြတ်စွာဘုရားအား။(လ)“ဘိက္ခဝေ၊ ရဟန်းတို့။ဘိက္ခုနိယာ။ ရဟန်း မိန်းမသည်။ဇန္တာဃရေ၊ဇရုံးအိမ်၌။နနှာယိတဗ္ဗံ၊ရေမချိုးအပ်။ယော၊ အကြင် ရဟန်းမိန်းမသည်။နှာယေယျ၊ရေချိုးငြားအံ့။တဿာ။ ထိုရဟန်းမိန်းမအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ ဖြစ်၏။ဣတိ၊ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။ဘိက္ခုနီယော။ ရဟန်းမိန်းမတို့သည်။ပဋိသောတေ၊ အထက်ရေ ညာ၌။နှာယန္တိ၊ ရေချိုးကုန်လျက်။ ဓာရသမ္ဘဿံ၊ ရေအယဉ်၏ အတွေ့ကို။ သာဒိယန္တိ၊သာယာကုန်၏။ဘဂဝတော၊မြတ်စွာဘုရားအား။(လ)ဘိက္ခဝေ၊ ရဟန်းတို့။ဘိက္ခုနိယာ၊ ရဟန်းမိန်းမသည်။ပဋိသောတေ၊အထက်ရေညာ ၌။န နှာယိတဗ္ဗံ၊ရေမချိုးအပ်။ ယော၊အကြင်ရဟန်းမိန်းမသည်။ နှာယေယျ၊ ရေချိုးငြားအံ့၊တဿာ၊ထိုရဟန်းမိန်းမအား။ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ အာမန္တေ သိ၊ မိန့်တော်မူ၏။” ။တေနခေါပနသမယေန၊ ထိုအခါ၌။ ဘိက္ခုနီယော၊ ရဟန်းမိန်းမတို့သည်။အတိတ္ထေ၊ ဆိပ်မဟုတ်သည်၌။နှာယန္တိ၊ ရေချိုးကုန် ၏။မနုဿာ၊ သေသောက်ကြူးတို့သည်။ ဒူသေန္တိ၊ ဖျက်ဆီးကုန်၏။ ဘဂဝ တော၊မြတ်စွာဘုရားအား။(လ)။“ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခုနိယာ၊ ရဟန်း မိန်းမသည်။အတိတ္ထေ၊ဆိပ်မဟုတ်သည်၌။နနှာယိတဗ္ဗံ၊ရေမချိုးအပ်။ ယော၊ အကြင်ရဟန်းမိန်းမသည်။နှာယေယျ၊ရေချိုးငြားအံ့၊တဿာ၊ ထိုရဟန်းမိန်း မအား။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ ဤသို့၊ အာမန္တေသိ၊မိန့်တော်မူ၏။” ။တေနခေါပန

http://www.dhammadownload.com



သမယေန၊ထိုအခါ၌။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ပုရိသတိတ္ထေ၊ ယောကျ်ားတို့ရေချိုးရာဆိပ်၌။နှာယန္တိ၊ရေချိုးကုန်၏။မနုဿာ၊လူတို့သည်။ ကာမဘောဂိနိယော၊ကာမဂုဏ်စည်းစိမ်ကိုခံစားကုန်သော။ ဂိဟီသေယျထာပိ၊လူမိန်းမတို့ကဲ့သို့တကား။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ။ ကဲ့ရဲ့ကုန်၏။ ခီယန္တိ၊ ရှုတ်ချကုန်၏။ ဝိပါစေန္တိ၊ ဖရိုဖရဲကြဲသောစကားကို ဆိုကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ကြားလျှောက်ကုန်၏။"ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခုနိယာ၊ရဟန်းမိန်းမသည်။ ပုရိသတိတ္ထေ၊ယောကျ်ားတို့ ရေချိုးရာဆိပ်၌။ နနှာယိတဗ္ဗံ၊ ရေမချိုးအပ်။ယာ၊အကြင်ရဟန်းမိန်းမသည်။ နှာယေယျ၊ရေချိုးငြားအံ့။ တဿာ၊ ထိုရဟန်းမိန်းမအား။ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိအာဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ရဟန်းတို့။မဟိဠာတိတ္ထေ၊မိမိတို့ရေချိုးရာဆိပ်၌။နှာယေတုံ၊ရေချိုးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ဣတိ၊ ဤသို့။အာမန္တေသိ၊မိန့်တော်မူ၏" ။တတိယဘာဏဝါရံ၊တတိယဘာဏဝါရသည်။ နိဋ္ဌိတံ။ ပြီးခြင်းသို့ ရောက်ပြီ။ ။ဒသမံ၊ ဆယ်ခုမြောက်သော။ ဘိက္ခုနိက္ခန္ဓကံ၊ ဘိက္ခုနိက္ခန္ဓကသည်။ နိဋ္ဌိတံ၊ ပြီးခြင်းသို့ ရောက်ပြီ၊ ။ ။ဣမသ္မိံ ခန္ဓကေ၊ ဤခန္ဓက၌။ ဝတ္ထု၊ဝတ္ထုသည်။ ဧကသတံ၊ တရာ့တပါးရှိ၏။ ။တဿ၊ ထိုဘိက္ခုနိက္ခန္ဓက၏။ ဥဒ္ဒါနံ၊ဥဒ္ဒါန်းကို။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ဝေဒိတဗ္ဗံ၊သိအပ်၏။ ကိံ ဝေဒိတဗ္ဗံ၊ အဘယ်သို့ သိအပ်သနည်း။ ။ဂေါတမီ၊ဂေါတမီသည်။ပဗ္ဗဇ္ဇံ၊ရဟန်းအဖြစ်ကို။ယာစိ၊တောင်းပန်၏။တထာဂတော၊ငါဘုရားသည်။ကပိလဝတ္ထု၊ကပိလဝတ်ပြည်၌။နအနုညာသိ၊ ခွင့်ပြုတော်မမူ။ ဝိနာယကော၊မြတ်စွာဘုရားသည်။ဝေသာလိံ၊ဝေသာလီပြည်သို့။အဂမာသိ၊ကြွတော်မူ၏။ ။ရဇောကိဏ္ဏော၊မြူမှုန်းသောကိုယ်ဖြင့်။ကောဋ္ဌကေသု၊တံခါးမုခ်တို့၌။အာနန္ဒဿ၊အာနန္ဒာမထေရ်အား။ပဝေဒယိ၊ကြားတော်မူပြီ။ မာတာတိစ၊အမိဟူ၍လည်းကောင်း။ပေါသိကာတိစ၊မွေးမြူစေတတ်သောသူဟူ၍လည်းကောင်း။ဘဗ္ဗာတိ၊ ထိုက်သောသူဟူ၍။နယတော၊အကြောင်းဥပါယ်တမည်အားဖြင့်။ယာစိ၊တောင်းပန်၏။ ။ဝဿသတံ၊ အနှစ်တရာ။ တဒဟု၊ထိုနေ့ပဉ္စင်းခံသောရဟန်း။ အဘိက္ခု၊ ရဟန်းမရှိသောကျောင်း၌ဝါဆိုခြင်း။ ပဝါဿိသနာ၊တောင့်တခြင်း။ပဝါရဏာ၊ ပဝါရဏာပြုခြင်း။ ဂရုဓမ္မာ၊ သံဃာဒိသိသ်အာပတ်သင့်ခြင်း။ဒွေဝဿာ၊နှစ်နှစ်တို့ပတ်လုံး။အနက္ကောသနာ၊မဆဲရေခြင်း။ ။ဩဝါဒေန၊ဆုံးမခြင်း။ ဓမ္မာ၊တရားတို့သည်။အဋ္ဌ၊ ရှစ်ပါးတို့တည်း။ ယာဝဇီဝံ၊

http://www.dhammadownload.com



အသက်ထက်ဆုံး။အနုဝတ္တနာ၊ကျင့်ခြင်း။ဂရုဓမ္မပဋိဂ္ဂဟော၊ ဂရုဓမ္မရှစ်ပါးကိုဝန်ခံခြင်း။အဿာ၊ထိုဂေါတမီအား၊သာဝ၊ထိုဝန်ခံခြင်းသည်သာလျှင်။ဥပသမ္ပဒါ၊ပဉ္စင်းခံခြင်းတည်း။ ။ဝဿသဟဿံ၊အနှစ်တထောင်။ပဋ္ဌေဝ၊အနှစ်ငါးရာ။ ကုမ္ဘထေနကာ၊အိုး၌မီးထွန်း၍ ခိုးတတ်သောသူခိုး။ သေတဋ္ဌိ၊ ပယ်ဖြူစွဲသောအနာ၊။မဉ္ဇိဋ္ဌိကာဥပမာဟိ၊ ဖြပိုးကျဥပမာ။ ဇေံ၊ဤသို့။သန္ဒိမ္မဟိံသနာ၊သူတော်ကောင်းတရားတို့၏ပျက်စီးခြင်း။ ။ပါဠိ၊စောစောကသာလျှင်။အာဠိံ၊ကံသင်းကို။ဗန္ဓေယျ၊ဖွဲ့ရာ၏။ပုန၊တဘန်။ သဒ္ဓမ္မသဏ္ဌိတိ၊သူတော်ကောင်းတရားတို့၏ကောင်းစွာတည်ခြင်း။ဥပသမ္ပဒေတုံ၊ ပဉ္စင်းခံစိမ့်သောငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ အယျာ၊အရှင်မဂေါတမီ။ယထာဝုမ္ဗံ၊သိတင်းကြီးအစဉ်အတိုင်း။အဘိဝါဒနာ၊ရှိခိုးခြင်း။ ။နကရိဿန္တိ၊မပြုကုန်လတ္တံ့။ကိမင်္ဂ၊ငါဘုရားအဘယ်မှာခွင့်ပြုပါအံ့နည်း။သာခရဏံ၊ ဆက်ဆံသော အာပတ်။ အသာခရဏံ၊ မဆက်ဆံသော အာပတ်။ဒြဝါဒံ၊ အဆုံးအမခံခြင်း။ ပါတိမောက္ခံ၊ပါတိမောက်။ ကေနနုခေါ၊ အဘယ်သူသည်လျှင်။ ဥပဒိသယံ၊ ရဟန်းမိန်းမကျောင်း။ ။နဇာနန္တိ၊မသိကုန်။ အာစိက္ခိ၊ကြားပြီ။ နကရောန္တိ၊ မပြုကုန်။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ပဋိဂ္ဂဟေတုံ၊ ခံစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခုဟိ၊ရဟန်းယောကျ်ားတို့သည်။ပဋိဂ္ဂဟေတုံ။ခံစိမ့်သောငှါ၊နအနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မမူ။ဘိက္ခုနီဟိ၊ရဟန်းမိန်းမတို့သည်။ပဋိဂ္ဂဟော၊ခံခြင်း။ ။အာစိက္ခိ၊ကြားပြီ။ကမ္မံ၊တစ္ဆနီယစသောကံ။ဘိက္ခုဟိဝါ၊ရဟန်းယောကျ်ားတို့သည်လည်းကောင်း။ ဘိက္ခုနီဟိဝါ၊ ရဟန်းမိန်းမ တို့သည်လည်းကောင်း။ဥဇ္ဈာယန္တိ၊ကဲ့ရဲ့ကုန်၏။အာစိက္ခိတုံ၊ကြားခြင်းငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။ ဘဏ္ဍနံ၊ ငြင်းခုံခြင်း။ရောပေတွာ၊ အာပတ်သို့တင်၍။ ဥပ္ပလာယစ၊ဥပ္ပလဝဏ်ထေရီမ။ ။သာဝတ္ထိယာ၊ သာဝတ္ထိပြည်၌။ ကဒ္ဒမောဒ၊ ညွန်စိုးရေဖြင့်သွန်းလောင်းခြင်း။ အဝန္ဒိ၊ရှိမခိုးခြင်း။ ကာယံ၊ကိုယ်ကိုဖွင့်၍ပြခြင်း။ဦရုပေါင်ကိုဖွင့်၍ပြခြင်း။အင်္ဂဇာတံ၊အင်္ဂါဇာတ်ကိုဖွင့်၍ပြခြင်း။ဩဘာသံ၊ပြယ်ဆိုခြင်း။ဝဂ္ဂိကာ၊ဆဗ္ဗဂ္ဂီရဟန်းတို့သည်။သမ္ပယောဇေန္တိ၊ ယှဉ်စေကုန်၏။ ။အဝန္ဒိယော၊ ရှိမခိုးအပ်။ ဒဏ္ဍကမ္မံဒဏ်ပေးသောအမှု။ဘိက္ခုနိယော၊ရဟန်းမိန်းမတို့သည်။ တဏှာပန၊ထိုအထူပင်တည်း။အာဝရဏမ္ပိ၊ တားမြစ်ခြင်း။ ဩဝါဒမ္ပိ၊အဆုံးအမခံခြင်း။ ကပ္ပတိနုခေါ၊အပ်လေသလော။ပက္ကမိ၊ဖဲသွား၏။ ။ဗာလာ၊မိုက်သောရဟန်းမိန်းမ။အဝတ္တု၊အမှုအခင်းမရှိဘဲ။ပိန္နာဠ္ဌယော၊ ဆုံးဖြတ်ခြင်း။ဩဝါဒံ၊ အဆုံးအမ။

http://www.dhammadownload.com



သံဃေယာ၊သံဃာ၊ ပဥ္စယိ၊ ငါးယောက်သော ရဟန်း ယောက်ျား။ ဒုဝေ တိသော၊နှစ်ယောက်သုံးယောက်သောရဟန်းမိန်းမ။ နဂဏ္ဍနို့၊ မယူကုန်။ ဗဿ၊မိုက်သောရဟန်း။ဂိလာန၊နာသောရဟန်း။ဂမိကံ၊ခရီးသွားရဟန်း။ ။ အရညကာ၊အရညကင်ရတင်ဆောက်တည်သောရဟန်းတို့သည်။နာရော့ စေနို့၊မကြွားကုန်။နပဗ္ဗာ၊ ဘဘာန်ပြန်၍မဆောင်ကုန်။ နဂစ္ဆန္တိ၊ချမ်းချက်ရာ အရပ်သို့မသွားကုန်။ဒီဃံ၊ရှည်သောခါးပန်းကြိုး။ဝိလိဝ၊ နှီးပြားဖြင့်ပြုသော ခါးပန်းကြိုး၊စမ္မံ၊ သားရေဖြင့်ရက်သောခါးပန်းကြိုး။ ဒုဿ၊ပုဆိုး။ ဝေဏိ၊ ပုဆိုးထုံး။ဝဋ္ဋိ၊ပုဆိုးကျစ်။စောဠ၊သက်န်း။ ဝေဏိ သက်န်းထုံး။ဝဋ္ဋိ၊သက်န်း ကျစ်။သုတ္တ၊ချည်၊ဝေဏိ၊ချည်ထုံး။ဝဋ္ဋိကာ၊ချည်ကျစ်။ ။အဋ္ဌိလ္လံ၊နွားမြင်း ခေါင်းရိုး။ဂေါဟနုကေန၊ နွားမေးရိုး။ ဟတ္ထ၊ လက်ဘဝါး။ ကောစ္ဆိ၊ လက် ဘီး။ပါဒ၊ခြေဘဝါး၊ တထာ၊ ထိုအတူခြေဘီး၊ ဦရု၊ပေါင်ကိုဖွင့်၍ ပြခြင်း။ မုခံ၊မျက်နှာကိုဖွင့်၍ပြခြင်း။ ဒန္တမံသံ၊ သွားဖုံးကိုဖွင့်၍ပြခြင်း။ အာလိမ္ပာ၊ လိမ်းကျံခြင်း။ဥမ္မဒ္ဒ၊နယ်ခြင်း။ရဏ္ဏနာ၊လွှင်မှုန့်ချေခြင်း။ ။လဉ္ဆန္တိ၊ မျက် ရေးကွင်းကုန်၏။အင်္ဂရာဂံ၊လက်ခြေစသောအင်္ဂါကြီးငယ်ကိုဆိုးခြင်း။ မုခ ရာဂံ၊ခံတွင်းကိုဆိုးခြင်း။တထာ၊ထိုအတူ။ဒုဝေ၊နှစ်ပါးရံဆိုးခြင်း။ အဝင်္ဂ၊ သက်တင့်ရေး။ ဝိသေသ၊ပါးကွက်ခြင်း။ ဩလောကေ၊ပြူတင်းပေါက်ဖြင့် ကြည့်ရှုခြင်း။သာလောကနေန၊ပြူတင်း၀၌ရပ်နေခြင်း။ သနစ္စေန၊ကခြင်းနှင့် တကွ။ ။ဝေသိ၊ပြည့်တန်ဆာမ။ပါနာဂါရံ၊သေတင်းကုပ်။သူနံ၊ စဉ့်တီး တုံး။အာပဏံ၊ အိမ်ဈေး။ဝဍ္ဎိ၊ပွါးစီးခြင်း။ ဝါဏိဇ၊ကုန်သွယ်ခြင်း။ဒါသံ၊ ကျွန်ယောက်ျားကိုလည်းကောင်း။ဒါသိ၊ကျွန်မိန်းမကိုလည်းကောင်း။ကမ္မ ကာရံ၊ အမှုလုပ်ယောက်ျားကိုလည်းကောင်း။ ကမ္မကာရိ၊ အမှုလုပ်မိန်းမ ကိုလည်းကောင်း။ဥပဋ္ဌယျုံ၊လုပ်ကျွေးစေကုန်၏။ ။တိရစ္ဆာန၊တိရစ္ဆာန်။ ဟရိတကံ၊ ဟင်းချက်စိမ်း။ နမတကံ၊နံ့ရိုးညွတ်အောင်စည်းသောအဖွဲ့ကို။ သံဓရယန္တိ၊ ဆောင်ကုန်၏။နီလံ၊ညိုသောသက်န်း။ပီတံ၊ ရွှေသောသက်န်း။ လောဟိတကံ၊နီသောသက်န်း။မဉ္ဇိဋ္ဌ၊မောင်းသောသက်န်း။ ကဏှစိဝရော၊ မည်းနက်သောသက်န်း။ ။မဟာရင်္ဂ၊မဟာရင်္ဂဆိုးရေဖြင့်ဆိုးသောသက်န်း မဟာနာမ၊မဟာနာမဆိုးရေဖြင့်ဆိုးသောသက်န်း။အစ္ဆိန္နာ၊မဖြတ်သောအ ဆာရှိသောသက်န်း။ဒီဃမေဝစ၊ ရှည်သောအဆာရှိသောသက်န်း။ပုပ္ဖ၊ ပန်း ပွင့်အဆာရှိသောသက်န်း။ဖလ၊သစ်သီးအဆာရှိသောသက်န်း။ ကဉ္စုကဉ္စ၊ သင်းဒိုင်းလည်းကောင်း။တိရိဋ္ဌ ကဉ္စ၊ချော်တေကိုလည်းကောင်း။ဓာရေယျုံ ဆောင်ကုန်ပြီ။ ။ဘိက္ခုနီ၊ရဟန်းမိန်းမ၏လည်းကောင်း။သိက္ခမာနာယ၊

http://www.dhammadownload.com



သိက္ခမာန်မ၏လည်းကောင်း၊သာမဏေရာယ၊သာမဏေမ၏လည်းကောင်း။
အစ္စယေ၊ သေခါနီးသောအခါ၌။ ပရိက္ခာရေ၊ ပရိက္ခရာကို။ နိယျာဒိတေ၊
ဆောင်နှင်းအပ်ခဲ့ သည်ရှိသော်။ဘိက္ခုနိယောဝ၊ ရဟန်းမိန်းမတို့သည်သာ
လျှင်။ဣဿရာ၊အစိုးရကုန်၏။ ။ဘိက္ခုဿ၊ ရဟန်းယောကျ်ား၏လည်း
ကောင်း။ သာမဏေရဿ၊ သာမဏေယောကျ်ား၏လည်းကောင်း။ဥပါသ
ကဿ။ ဥပါသကာ၏လည်းကောင်း။ ဥပါသိကာယ၊ဥပါသိကာမ၏ လည်း
ကောင်း။ အညဿဥ၊တပါးသောသူတို့၏လည်းကောင်း။ပရိက္ခာရေ၊ ပရိက္ခ
ရာကို။ နိယျာဒိတေ၊ ဆောင်နှင်းအပ်ခဲ့သည်ရှိသော်။ ဘိက္ခု၊ ရဟန်းသည်။
ဣဿရော၊ အစိုးရ၏။ ။မလ္လေ၊သာဂ်ဇွေသွားမယား၊ ဂဏံ၊ကိုယ်ဝန်။
ပတ္တမူလံ၊သပိတ်ရင်း။ ဗျဥ္ဇနံ၊ ယောကျ်ားနိမိတ်။ အာမိသေန၊ဆွမ်းစသော
အာမိသ။ ဥဿန္နံ၊ အလွန်များ၏။ ဗာဟုဇတရံ၊အတိုင်းထက် အလွန်များ၏။
ဘိက္ခုနံ၊ ရဟန်းယောကျ်ားတို့၏။ယာဒိသံ၊အကြင်သို့သဘောရှိသော၊သန္နိ
ဓိကာတံ၊ သိုမှီးခြင်းကိုပြုအပ်သော၊ အာမိသံ၊ အာမိသကို။ဘိက္ခုနီနံ၊ရဟန်း
မိန်းမတို့သည်။ ဘောဇ္ဇယထာ၊ သုံးဆောင်အပ်သကဲ့သို့။တထာ၊ထိုအတူ။
ကရေ၊ပြုရာ၏၊သေနာသနံ၊ကျောင်း။ ဥတုနိယော၊ဥတုလာသောရဟန်းမိန်း
မတို့၊ မက္ခိသတိ၊ သွေးအလိမ်းလိမ်းကပ်၏။ပဋ္ဌာကိဏိ၊ပုဆိုးကြမ်းမယ်န
အဆို့။ ။ဆိန္နတိ၊ပြတ်ခဲ့၏။သဗ္ဗကာလံ၊အခါခပ်သိမ်း။ အနိမိတ္တာဝ၊နိမိတ်
ရာမရှိသော ရဟန်းမိန်းမတို့သည်လည်း။ ဒိဿရေ၊ ထင်ကုန်၏။ နိမိတ္တာ
နိမိတ်ရာမျှသာရှိသောရဟန်းမိန်းမ။ အလောဟိတာ၊သွေးမယိုသောရဟန်း
မိန်းမ။ ဓုဝလောဟိတာ၊အမြဲသွေးယိုသောရဟန်းမိန်းမ။ဓုဝစောဠာ၊အမြဲပု
ဆိုးကြမ်းဆို့သောရဟန်းမိန်းမ။ ပဂ္ဃရဏိ၊သွေးတစက်စက်ယိုစီးသော
ရဟန်းမိန်းမ။ သိခရဏီ၊အသားစွန်းရှည်သောရဟန်းမိန်းမ။ဣတ္ထိပဏ္ဍကာ၊
မိန်းမပဏ္ဍုက်။ ဝေပုရိသိ၊ယောကျ်ားမိန်းဖြစ်သောရဟန်းမိန်းမ။သမ္ဘိန္နာ၊
မဂ်နှစ်ပါးစပ်သောရဟန်းမိန်းမ။ယာ၊အကြင်မိန်းမသည်။ဥဘတောဗျဥ္ဇနာ၊
ဥဘတောဗျည်းသည်။ ဟောတိ၊ဖြစ်၏။သာ၊ထိုမိန်းမတည်း။ ။အနိမိတ္တံ၊
နိမိတ်မရှိသည်ကို။အာဒိတော၊အစကို။ကတွာ၊ပြု၍။ယာဝဥဘတောဗျဥ္ဇနာ၊
ဥဘတောဗျည်းတိုင်အောင်။ဧတံ၊ဤအလုံးစုံကို။ပေယျာလတော၊ပေယျာလ
အားဖြင့်။ ဟေဿ၊အောက်၌။ဥဒ္ဒိယျံ၊သိအပ်၏။ကုဋ္ဋိနူနာ၊ဂဏ္ဍာ၊အိုင်းအ
နာ။ ကိလာသော၊ ပွေးညှင်းတင်းတိပ်အနာ။ ။သောသော၊ချောင်းဆိုး
နာ။၊အပမာရော၊ ဝက်ရူးနာ။မာနုသိ၊လူမိန်းမ။ဣတ္ထိ၊မိန်းမသည်။အသိ၊ဖြစ်
သလော။ ဘုဇိဿာ၊တော်လှန်ပြီးသောမိန်းမသည်။အသိ၊ဖြစ်သလော။ ။

http://www.dhammadownload.com



အနုဏာ၊သူ့ကြွေးသူ့မြီမတင်သည်။အသိ၊ဖြစ်သလော။ရာဇဘဋိ၊မင်းခစား
မိန်းမသည်။နအသိ၊မဖြစ်သလော။အနုညာတာ၊မိဘလင်တို့အနူးအညွှတ်ခွင့်
ပြုခြင်း။ ဝိသတိ၊အသက်နှစ်ဆယ်ပြည့်ခြင်း။ ။ပရိပုဏ္ဏ၊သပိတ်သင်္ကန်း
ပြည့်ရုံခြင်း။ ကိန္နာမာ၊ အဘယ်အမည်ရှိသနည်း။ တေ၊ သင်၏။ ပဝတ္တိနီ၊
ဥပဇ္ဈာယ်မသည်။ကာနာမာ၊အဘယ်အမည်ရှိသနည်း။စတုဝီသန္တရာယာ
နိ၊ နှစ်ဆဲ့လေးပါးသော အန္တရာယ်ဘိုကို။ ပုစ္ဆိတွာ၊ မေး၍။ ဥပသမ္ပဒါ၊
ပဋ္ဌင်းခံခြင်း။ ဝိဋ္ဌာယန္တိ၊ရှုံတိုးရှုံ့ဘွန့်ရှိကုန်၏။ အနုသိဋ္ဌာ၊ဆုံးမအပ်သော
ရဟန်းမိန်းမ။ သံဃာမဇ္ဈေ၊ သံဃာ၏အလယ်၌။ ဇထေဝစ၊ ထိုအတူသာ
လျှင်။ ဥပဇ္ဈာဂါဟ၊ ဥပဇ္ဈာယ်ယူခြင်း။သံဃာဒို၊ဒုကုဋ်။ဥတ္တရ၊ကိုယ်ဝတ်။
အန္တရဝါသကော၊သင်းပိုင်။ ။သံကစ္ဆိက၊ ရင်လွှမ်းတဘက်။ဒကသာဋိ၊
ရေသနုပ်။ အာဝိက္ခိတွာန၊ ကြား၍။ ပေသပေ၊စေရာ၏။ဗာလာ၊မိုက်သော
ရဟန်း မိန်းမ။ အသမ္မတာ၊ မသမုတ်အပ် သောရဟန်းမိန်းမ။ ဧကတော၊
တပေါင်းတည်း။ ယာစေ၊ တောင်းရာ၏။ အန္တရာယိကေ၊အန္တရာယ်ကိုပြု
တတ်သောတရားတို့ကို။ပုစ္ဆိ၊မေး၏။ ။ဧကတော၊ တဘက်သောရဟန်း
မိန်းမသံဃာ၌။ ဥပသမ္ပန္နာ၊ပဋ္ဌင်းခံခြင်း။ဘိက္ခုသံဃေ၊ရဟန်းယောကျ်ား
သံဃာ၌။ တထာ၊ ထိုအတူပင်တည်း။ ပုန၊တဘန်။ ဆာယာ၊အရိပ်။ဥတု၊
ဥတု။ ဒိဝသ၊နေ့။ သင်္ဂီတိ၊ အရိပ်ဥတု နေ့အပေါင်း။ တယောနိဿယေ၊
သုံးပါးသော မှီရာ။ ။အဋ္ဌကရဏီယာနိ၊ မပြုအပ်သော ရှစ်ပါးသောအ
ကျင့်။ ကာလံ၊ အခါခပ်သိမ်း။ သဗ္ဗဒ္ဓ၊ အလုံးစုံသော အရာ၌။ အဋ္ဌဝါ၊
ရှစ်ပါးတို့တည်း။ ဘိက္ခုနိယော၊ ရဟန်း မိန်းမတို့သည်။ နပဝါရေန္တိ၊ ပဝါ
ရဏာမပြုကုန်။ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ဇထေဝစ၊ ထိုအတူသာ
လျှင်ဘည်း။ ။ကောလာဟလံ၊ အုပ်အုပ် ကျက်ကျက်။ ပုရေဘတ္တံ၊
ဆွမ်းမစားမီရှေ့အဘို့။ ဝိကာလေ၊ နေလွဲ ညဉ့်မိုက်သော အခါ။ ကောလာ
ဟလံ၊အုပ်အုပ်ကျက်ကျက်။ ဥပေါသထံ၊ ဥပုသ်ပြုခြင်း။ ပဝါရဏံ၊ ပဝါ
ရဏာ ပြုခြင်း။ သဝစနီ၊ ဆိုအပ်သော စကား ရှိခြင်း။ အနုဝါဒံ၊ အကြီး
အမှူးအရာ၌ထားခြင်း။ ။ဩကာသံ၊ အခွင့်။ စောဒေ၊ စောဒနာ၏။ သာ
ရေန္တိ၊ အောက်မေ့စေကုန်၏။မဟေသိနာ၊ မြတ်စွာဘုရားသည်။ပဋိက္ခိတ္တံ၊
ပယ်တော်မူအပ်၏။တထေဝ၊ထိုအတူသာလျှင်။ဘိက္ခု၊ရဟန်းယောကျ်ား။
ဘိက္ခုနီ၊ရဟန်းမိန်းမ။မဟေသိနာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ခွင့်ပြု
တော်မူအပ်၏။ ။ယာနံ၊ယာဉ်။ဂိလာန၊နာသောရဟန်းမိန်းမ။ယုတ္တံ၊အမှိအ
မကာသောယာဉ်။ယာနဥ္စါတ၊ယာဉ်တောက်သောရဟန်းမိန်းမ။အဇကာသိ

http://www.dhammadownload.com



ကာ၊ အဆုကာသိကအမည်ရှိသောပြည်တန်ဆာမ။ ဘိက္ခု၊ ရဟန်းတမန်။
သိက္ခာ၊ သိက္ခာမာန်တမန်။ သာမဏေရ၊ သာမဏေတမန်။ သာမဏေရီ၊ သာ
မဏေမတမန်။ ဗာလာယ၊ မိုက်သောတမန်။ ။အရည္ဓာ၊ တော်၌။ ဥပါသ
ကေန၊ ဥပါသကာ။ ဥဒ္ဒေါ်သိတော၊ ဥစ္စာထားရာစင်။ ဥပဿယံ၊ ကျောင်း။ နသမ္မ
တိ၊ မဆန့်နိုင်။ နဝကမ္မံ၊ အမှုသစ်။ နိသိန္နဂဏ္ဍာဇေကိကာ၊ ကိုယ်ဝန်ရှိသော
ရဟန်းမိန်းမ တယောက်အထည်းထည်း။ ။သဂါရဝ္ဗ၊ အမိုးအရံ ရှိသော
ကျောင်း၌တကွနေခြင်း။ ဂရုဓမ္မံ၊ သံဃာဒိသိသ်အာပတ်။ ပစ္စက္ခာယ၊ သိက္ခာ
ချခြင်း။ သံကမိ၊ ပြောင်းရွှေ့၏။ အဘိဝါဒနံ၊ ရှိခိုးခြင်း။ ကေသာ၊ ဆံရိတ်ခြင်း။
နခါ၊ ခြေသည်းလက်သိးဖြတ်ခြင်း။ ဝဏကမ္မနာ၊ အမာဝ၌ကုစားခြင်း။ ။
ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေနေခြင်း။ ဂိလာနာ၊ နာသောရဟန်းမိန်းမ။ ဝစ္စံ၊ ဝစ္စ
ကုဋိ၊ ရေချိုးကသယ်မှု။ ဝါသိတံ၊ နံ့သာဖြင့်ထုံသောမြေ။ ဇန္တာဃရ
ရေ၊ ဇရုံးအိမ်။ ပဋိသောတေ၊ ရေညာ။ အတိတ္ထေ၊ ဆိပ်မဟုတ်သည်၌။ ပုရိသေန၊
ယောကျ်ားတို့ ရေချိုးဆိပ်။ ။မဟာဂေါတမီ၊ မဟာဂေါတမီသည်။ အာ
ယာစိ၊ တောင်းပန်၏။ အာနန္ဒော စာပိ၊ အာနန္ဒာသည်လည်း။ ယောနိသော၊
အသင့်အားဖြင့်။ အာယာစိ၊ တောင်းပန်၏။ ဇိနသာသနေ၊ မြတ်စွာဘုရားသာ
သနာတော်၌။ ပဗ္ဗဇ္ဇာ၊ ရဟန်းပြုခြင်းကြောင့်။ စတသော၊ လေးပါးကုန်သော။
ပရိသာ၊ ပရိသတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။သံဝေဂဇနနတ္ထာယစ၊
ထိတ်လန့်ခြင်းသံဝေဂဉာဏ်ဖြစ်ခြင်းငှါလည်းကောင်း။ သဒ္ဓမ္မဿ၊ သူတော်
ကောင်းတရား၏။ ဗုဒ္ဓိယာ၊ ပွါးစီးခြင်းငှါလည်းကောင်း။ အာတုရဿ၊ ကျင်
နာသောပုဂ္ဂိုလ်ကို။ ဘေသဇ္ဇံ၊ ဆေးပေးအပ်ကဲ့သို့။ ဧဝံ၊ ထို့အတူ။
ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ။ဧဝံ၊ ဤသို့။
သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။ ဝိနိတာ၊ သိအပ်ကုန်သော။ ဋ္ဌတရော၊ ဤမှ
တပါးကုန်သော။ မာတုဂါမာ၊ မာတုဂါမတို့သည်။ ယတ္ထ၊ အကြင်အရပ်သို့။
ဂန္တွာ၊ ရောက်ကုန်၍။ နသောစရေ၊ မစိုးရိမ်ကုန်။ အစ္စုတံ၊ သေခြင်းမရှိသော။
ဌာနံ၊ ထိုအရပ်သို့။ ယန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

---

## ပဉ္စသတိကက္ခန္ဓကာ။

အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပ
သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊
အဘယ်သို့မိန့်တော်မူသနည်း။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ဣဓ၊
ဤသာသနာတော်၌။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ပါဝါယ၊ ပါဝါပြည်မှ။

http://www.dhammadownload.com



ကုသိနာရုံ၊ ကုသိနာရုံပြည်သို့။ မဟတာ၊ များစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ငါးရာအတိုင်းအရှည် ရှိကုန်သောရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ အခွန့်ရှည်သောခရီးသို့ သွားသည်။ ဟောတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင်တို့။ အသခေါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ မဂ္ဂါ၊ ခရီးမှ။ ဩက္ကမ၊ ဖဲ၍။ အညတရသ္မိံ၊ အမှတ်မရှိသော။ ရုက္ခမူလေ၊ သစ်ပင်ရင်း၌။ နိသိန္နော၊ ထိုင်နေ၏။ တေနခေါပနသမယေန၊ ထိုအခါ၌။ အညတရော၊ မထင်ရှားသော။ အာဇီဝကော၊ တက္ကတွန်းသည်။ ကုသိနာရာယ၊ ကုသိနာရုံပြည်မှ။ မန္ဒာရဝပုပ္ဖံ၊ ထင်ရှားပန်းကို။ ဂဟေတွာ၊ ယူ၍။ ပါဝံ၊ ပါဝါပြည်သို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ အခွန့်ရှည်သောခရီးသို့သွားသည်။ ဟောတိ၊ ဖြစ်၏။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ တံအာဇီဝကံ၊ ထိုတက္ကတွန်းကို။ ဒူရတော၀၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသခေါ၊ မြင်သည်သာလျှင်တည်း။ ဒိသွာန၊ မြင်၍။ တံအာဇီဝကံ၊ ထိုတက္ကတွန်းကို။ အာဝုသော၊ ငါ့ရှင်။ အမှာကံ၊ ငါတို့၏။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဇာနာသိအဝိ၊ သိ၏လော။ ဣတိဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်။ အာမဇာနာမိ၊ ဩဝ်သိပါ၏။ အဇ္ဇ၊ ယနေ့။ သမဏောဂေါတမော၊ ရဟန်းဂေါတမသည်။ သတ္တာဟပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်ရှိပြီ။ ဣတော၊ ထိုပရိနိဗ္ဗာန်စံရာအရပ်မှ။ မန္ဒာရဝပုပ္ဖံ၊ ထင်ရှားပန်းကို။ မေ၊ ငါသည်။ ဂဟိတံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ တတြ၊ ထိုသို့ဆိုရာ၌။ ယေတေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အဝီတရာဂါ၊ မကင်းသော ရာဂရှိကုန်၏။ အပ္ပေကစ္စေ၊ အချို့ကုန်သော ရဟန်းတို့သည်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတိခိပ္ပံ၊ အလွန်လျင်စွာ။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ အတိခိပ္ပံ၊ အလွန်လျင်စွာ။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်တော်မူ၏။ လောကေ၊ လောကၝ။ စက္ခု၊ ပညာစက္ခုသည်။ အတိခိပ္ပံ၊ အလွန်လျင်စွာ။ အန္တရဟိတံ၊ ကွယ်ခဲ့၏။ ဣတိ၊ ဤသို့။ ဗာဟာ၊ မောင်းတို့ကို။ ပဂ္ဂယှ၊ ချီ၍။ ကန္ဒန္တိ၊ ငိုကုန်၏။ ဆိန္နပါဒါ၊ ပြတ်သောခြေရှိကုန်သည်ဖြစ်၍။ ပပတန္တိ၊ လည်းကုန်၏။ အာဝဋ္ဋန္တိ၊ ရှေးရှုလူးသည်းကုန်၏။ ဝိဝဋ္ဋန္တိ၊ ထိုမှဤမှလူးလည်းကုန်၏။ ယေပန တေဘိက္ခူ၊ အကြင်ရဟန်းတို့သည်ကား။ ဝီတရာဂါ၊ ကင်းသောရာဂရှိကုန်၏။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သံခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဧတ္ထ၊ ဤသို့အမြဲမရှိရာ၌။ တံ၊ ထိုမြဲရာသော အကြောင်းကို။

http://www.dhammadownload.com



ကုတောလဒ္ဓာ၊ အဘယ်မှာရအပ်နည်း။ ဣတိ၊ ဤသို့။သတာ၊ သတိနှင့်ပြည့်စုံကုန်သည်ဖြစ်၍။သမ္ပဇာနာ၊ ပညာအဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍။ အဓိဝါသေန္တိ၊ သည်းခံကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။အသခေါ၊ ထိုအခါ၌။ အဘာ၊ ငါသည်။တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ဧတံဝစနံ၊ ဤစကားကို။အဝေါစံ၊ ဆို၏။ကိံ အဝေါစံ၊ အဘယ်သို့ဆိုသနည်း။ အာဝုသော ငါ့ရှင်တို့။အလံ၊ မသင့်။မာသောစိတ္ထ၊မစိုးရိမ်ကုန်လင့်။ မာပရိဒေဝိတ္ထ၊မမြည်တန်းကုန်လင့်။ အာဝုသော၊ငါ့ရှင်တို့။ဘဂဝတာ၊ မြတ်စွာဘုရားသည်။သဗ္ဗေဟေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ပိယေဟိ၊ ချစ်အပ်ကုန်သော။မနာပေဟိ၊နှလုံးကိုပွါးစေတတ်ကုန်သောပုဂ္ဂိုလ်သင်္ခါရတို့နှင့်။နာနာဘာဝေါ၊ အသီးအသီးဖြစ်ခြင်းသည်။ ဝိနာဘာဝေါ၊ ကင်း၍ဖြစ်ခြင်းသည်။ အညထာဘာဝေါ၊ တပါးသောအခြင်းအရာဖြင့်ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ဧတ္ထ၊ ဤသို့ဖြစ်ရာ၌။ တံ၊ ထိုမဖြစ်ရာသောအကြောင်းကို။ကုတောလဗ္ဘာ၊ အဘယ်မှာရနိုင်ပါအံ့နည်း။ ယံတံခမ္ဘဇာတံ၊အကြင်တရားသဘောသည်။ ဇာတံ၊ဖြစ်၏။ ဘူတံ၊ဟုတ်၏။သံခတံ၊ပြုပြင်စီရင်အပ်၏။ပလောကဓမ္မံ၊ပျက်တတ်သောသဘောရှိ၏။တံခမ္ဘဇာတံ၊ထိုတရားသဘောသည်။ဝတ၊ဧကန်။စင်စစ်အားဖြင့်။မာပလုဇ္ဇိ၊ မပျက်စီးပါလင့်။ ဣတိဧတံဌာနံ၊ ဤသို့အားထုတ်၍ရရာသောအကြောင်းအရာသည်။နဝိဇ္ဇတိ၊ မရှိ။ ဣတိဧတံဝစနံ၊ ဤသို့သောစကားကို။ ပဋိကာစ္စဝ၊ လက်ဦးမစွဲရှေးဦးကသာလျှင်။ အက္ခာတံနနု၊ ဟောတော်မူအပ်သည်မဟုတ်ပါလော။ဣတိ၊ဤသို့။ အဝေါစံ၊ဆို၏၊ ။အာဝုသော၊ ငါ့ရှင်တို့။တေနခေါပနသမယေန၊ထိုအခါ၌။သုဘဒ္ဒေါနာမ၊သုဘဒ္ဒအမည်ရှိသော။ဝုဍ္ဍပဗ္ဗဇိတော၊ရဟန်းကြီးသည်။တဿံပရိသာယံ၊ထိုပရိသတ်၌။နိသိန္နော ထိုင်နေသည်။ဟောတိ၊ဖြစ်၏။ အာဝုသော၊ငါ့ရှင်တို့။ အထခေါ၊ထိုအခါ၌။ သုဘဒ္ဒေါ၊ သုဘဒ္ဒအမည်ရှိသော။ ဝုဍ္ဍပဗ္ဗဇိတော၊ ရဟန်းကြီးသည်။ တေဘိက္ခူ၊ထိုရဟန်းတို့ကို။ဧတံဝစနံ၊ဤစကားကို။အဝေါစ၊ဆို၏။ ကိံ အဝေါစ၊အဘယ်သို့ဆိုသနည်း။အာဝုသော၊ ငါ့ရှင်တို့၊အလံ၊မသင့်။မာသောစိတ္ထ၊ မစိုးရိမ်ကုန်လင့်။ မာပရိဒေဝိတ္ထ၊ မမြည်တန်းကုန်လင့်။ မယံ၊ ငါတို့သည်။ တေနမဟာသမဏေန၊ ထိုရဟန်းကြီး ဂေါတမမှ။ သုမုတ္တာ၊ ကောင်းစွာလွတ်ကုန်ပြီ။ တေနမဟာသမဏေန၊ ထိုရဟန်းကြီးဂေါတမသည်။ မယံ၊ ငါတို့ကို။ဣဒံ၊ ဤအမှုသည်။ ဝေါ၊သင်တို့အား။ ကပ္ပတိ၊အပ်၏။ဣဒံ၊ဤအမှုသည်။ဝေါ၊သင်တို့အား။နကပ္ပတိ။မအပ်။ဣတိ၊ဤသို့။ဝတ္ထာ၊ဆို၍။ဥပဒ္ဒုတာ၊ နှိပ်စက်အပ်ကုန်သည်လည်း။ဟောမ၊ဖြစ်ကုန်၏။ဣဒါနိပန၊ယခုအခါ၌ကား

မယံ၊ ငါတို့သည်။ ယံ၊ အကြင်အမှုကို။ ဇာနန္တိ၊ သိသာမ၊ အလိုရှိကုန်၏။ တံ၊ ထိုအမှုကို။ ကရိဿာမ၊ ပြုကုန်စို့။ ယံ၊ အကြင်အမှုကို။ နဇာနန္တိ၊ သိသာမ၊ အလိုမရှိကုန်။ တံ၊ ထိုအမှုကို။ နကရိဿာမ၊ မပြုဘဲနေကုန်စို့။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ ဟန္ဒ၊ ယခုပင်။ မယံ၊ ငါတို့သည်။ အခမ္မော၊ မသူတော်တို့တရားသည်။ ပုရေဒိဗ္ဗတိ၊ မတောက်ပမီ။ ခမ္မော၊ သူတော်ကောင်းတရားကို။ ပုရေပဋိဗာဟိယျတိ၊ မတားမြစ်အပ်မီ။ အဝိနယော၊ ဝိနည်းမဟုတ်သောအကျင့်သည်။ ပုရေဒိဗ္ဗတိ၊ မတောက်ပမီ။ ဝိနယော၊ ဝိနည်းတရားကို။ ပုရေပဋိဗာဟိယျတိ၊ မတားမြစ်အပ်မီ။ အခမ္မဝါဒိနော၊ အခမ္မဝါဒီပုဂ္ဂိုလ်တို့သည်။ ဗလဝန္တော၊ အားရှိကုန်သည်။ ပုရေဟောန္တိ၊ မဖြစ်ကုန်မီ။ ခမ္မဝါဒိနော၊ ခမ္မဝါဒီပုဂ္ဂိုလ်တို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်သည်။ ပုရေဟောန္တိ၊ မဖြစ်ကုန်မီ။ အဝိနယဝါဒိနော၊ ဝိနည်းမဟုတ်ဟုဆိုလေ့ရှိသောပုဂ္ဂိုလ်တို့သည်။ ဗလဝန္တော၊ အားရှိကုန်သည်။ ပုရေဟောန္တိ၊ မဖြစ်ကုန်မီ။ ဝိနယဝါဒိနော၊ ဝိနည်းဟုဆိုလေ့ရှိသောပုဂ္ဂိုလ်တို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်သည်။ ပုရေဟောန္တိ၊ မဖြစ်ကုန်မီ။ ခမ္မဉ္စ၊ သုတ်အဘိဓမ္မာကိုလည်းကောင်း။ ဝိနယဉ္စ၊ ဝိနည်းကိုလည်းကောင်း။ သံဂါယာမ၊ သင်္ဂါယနာတင်ကုန်စို့။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရားကဿပ။ တေနဟိ၊ ထိုသို့သင်္ဂါယနာတင်လိုတပြီးကား။ ထေရော၊ အရှင်မဟာကဿပမထေရ်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဥစ္စိနတု၊ ရွေးကောက်တော်မူပါလော။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာမဟာကဿပေါ၊ အရှင်မဟာကဿပသည်။ ဧကေနူနပဉ္စအရဟန္တသတာနိ၊ တယောက်ယုတ်ငါးရာသောရဟန်းတို့ကို။ ဥစ္စိနိ၊ ရွေးကောက်တော်မူ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာယသ္မန္တံမဟာကဿပံ၊ အရှင်မဟာကဿပကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ကုန်၏။ ကိံ၊ အဘယ်သို့လျှောက်ကုန်သနည်း။ ဘန္တေ၊ အရှင်ဘုရား။ အယံအာယသ္မာအာနန္ဒော၊ ဤအရှင်အာနန္ဒာသည်။ ကိဉ္စာပိသေခေါ၊ အကယ်၍ကားသေက္ခဖြစ်ခဲ့၏။ ပနတထာပိ၊ ထိုသို့ပင်သေက္ခဖြစ်သော်လည်း။ ဆန္ဒာဆန္ဒေန၊ ချစ်သောအားဖြင့်လည်းကောင်း။ ဒေါသာဒေါသေန၊ မုန်းသောအားဖြင့်လည်းကောင်း။ မောဟာမောဟေန၊ တွေဝေသောအားဖြင့်လည်းကောင်း။ ဘယာဘယေန၊ ကြောက်သောအားဖြင့်လည်းကောင်း။ အဂတိံ၊ မလားအပ်သည်သို့။ ဂန္တုံ၊ လားခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ ဗဟုံစ၊ များစွာလည်း။ အနေန၊ ဤအရှင်အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ခမ္မောစ၊ သုတ်အဘိ

ဓမ္မံကိုလည်းကောင်း။ ဝိနယဉ္စ၊ ဝိနည်းကိုလည်းကောင်း။ ပရိယတ္တွာ၊
သင်အံပြီး၍။ ဘဂ္ဂေန္တ၊ အရှင်ဘုရား။ တေနဟိ၊ ထိုသို့များစွာသုတ်အဘိဓမ္မာ
ကိုသင်ဘူးသောကြောင့်သာလျှင်။ ၊ထေရော၊ မထေရ်ကြီးဖြစ်သောအရှင်
မဟာကဿပသည်။ အာယသ္မန္တံ ဝိအာနန္ဒံ၊ အရှင်အာနန္ဒာကိုလည်း။ ဥတ္တိန
